www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆၈၂၁၀၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၈၈၀၁၁၀
အဖုံးဒီဇိုင်း - သိန်းရွှေကြည်
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့
ပုံနှိပ်သူ - ဦးမြင့်သိန်း (မြ-၀၄၉၀၂)
စံယဉ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်
အတွင်းဖလင် - ဦးထွန်းဆိုင်
တအုပ်ချုပ် - ကိုသန်းဆွေ
ပုံနှိပ်ခြင်း - ၂၀၁၀ ခုနှစ် ဧပြီလ
ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ - ၈၃
ရွှေအဥလိ
ချစ်ကြည်နူး / ရွှေအဥလိ ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၀
၂၇၂ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ချစ်ကြည်နူး

BURMESE CLASSIC

## အခန်း (၁)

"ဒုန်း...ဒုန်း"

"ဒုန်း"

အပြင်မှနေ အခန်းတံခါးကို တဒုန်းဒုန်းနှင့် အဆက်မပြတ် ရိုက်ဖွင့်နေသံကြောင့် လူစံအောင်တစ်ယောက် အိပ်နေရာမှ ခဲ့ နိုးလာရပေမယ့် လူက အိပ်ရေးမဝသလို။

ညက ညဥ့်နက်မှ အိပ်ရာဝင်ခဲ့သဖြင့် ယခုလို စောစော နေသည့်အခါမှာ လူက လေးလံလျက် မျက်လုံးတွေက ကျိန်းစပ် တွတ်နေရသည်။

ဘယ်သူလဲ သူ့အခန်းကို စောစောစီးစီး လာခေါက်တာ။ အောင် မကျေမနပ်ကြီး ဖြစ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်တာသာကိုယ် အိပ်လို့မှ ကောင်းကောင်း အိပ်ခွင့်မရသည့်ဘဝ။ အိပ်ရေးမဝသဖြင့် လူက ခေါသဖြစ်ချင်နေရသည်။

"ခုန်း…ခုန်း"

အခန်းတံခါး ထုရိုက်ဖွင့်သံက မရပ်သေး။ လှစံအောင် ခေါသတွေ ထိန်းမရတော့။

"ဟော့…ဘယ်သူလဲကွ၊ စောစောစီးစီး အခန်းတံခါးကို လာထုနေတာ"

စိတ်မှာ အလိုမကျမှု ခေါသတွေနှင့် လှစံအောင် အသံက ခပ်ဆတ်ဆတ်ကြီး ထွက်သွားရသည်။

တစ်ဆက်တည်း လူကလည်း ဆက်အိပ်လို့မရတော့သည်မို့ ခုတင်ပေါ်မှဆင်းကာ ခြေလှမ်းကျဲကြီးများဖြင့် အခန်းတံခါးဆီသို့ လျှောက်လာကာ တစ်ဖက်လူကို ပြောပစ်လိုက်မည်ဟူသော အတွေးနှင့် အခန်းတံခါးကို ဆွဲအဖွင့်…

"ဟိတ်…ဘယ်သူ"

"ဟင်"

"ကြည်နူး"

ကြည်စင်နက်မှောင် တောက်ပလွန်းသော မျက်ဝန်းလှလှ



လေးနှင့် အခန်းတံခါးဝတွင် သူ့အား အပြစ်မရှိသူတစ်ယောက်လို ကြည့်နေပါသော ချစ်ကြည်နူး။

"ဟင်း"

လှစံအောင် သက်မချလိုက်သည်။

စောစောစီးစီး ဒီကလေးမ ဘာလာလုပ်တာပါလိမ့်။

မာန်နှင့်တင်းထားသည်မို့ ထိဆက်လုမတတ် ရှိနေရသော ရှက်ခုံးထူထူကြီးက ခုတော့ဖြင့် ပြေလျော့သွားပေပြီ။

"ကိုကို"

ခေါ်သံတိုးတိုးလေးက မဝံ့မရဲ။

ဒါပဲလေ ချစ်ကြည်နူးဆိုသည့် မိန်းကလေးသည် အပြစ်တစ်ခုခုလုပ်ထားပြီးလျှင် သူ့မ မဟုတ်သလို ထိုသို့ မဝံ့မရဲဖြစ်နေကြ။

လှစံအောင် သူ့မအား ကျောပေးကာ အခန်းထဲပြန်ဝင်လာတော့ သူမကလည်း သူနှင့်အတူ ပါလာခဲ့လေ၏။

သည့်နောက် သူ့လက်မောင်းကြီးကို သူမလက်အစုံနုနု ...းထွေးလေးနှင့် ဖျတ်ခနဲ ဆုပ်ကိုင်ဖက်တွယ်လာရင်း…

"ကိုကို…ကြည်နူးကို စိတ်ဆိုးသွားလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ…အမိ အပိုတွေပြောမနေနဲ့၊ မနက်စောစောစီးစီး ဘာလာလုပ်တာလဲ"

ပန်းနုရောင်ဝတ်စုံလေးနှင့် နှင်းပွင့်လေးတစ်ပွင့်လို လှနေပါသည့် ချစ်ကြည်နူးကို လူစံအောင် အကြည့်ဝဲဝဲနှင့် ကြည့်ရင်းမေးလိုက်သည်။

"ဆောရီးပဲ ကိုကို့ရယ်၊ ကြည်နူးကြောင့် ကိုကို အိပ်ရေးပျက်သွားပြီနော်"

"အေး…အဲလို ခင်ဗျားလေး သိနေလည်း ဘာလို့ ကျုပ်ကို စောစောစီးစီး လာနှောင့်ယှက်နေရတာလဲ ဒေါ်ချစ်ကြည်နူး"

လူက ကောင်းကောင်းအိပ်ရေးမဝသည်မို့ လူစံအောင် ကျွဲမြီးတိုချင်နေရသည်က အမှန်။

ချစ်ကြည်နူးမှာ ကလေးတစ်ယောက်လို သူ့အား လျှာလေးထုတ်၊ ပခုံးလေးတွန့်ပြရင်း…

"ကိုကို့ကိုလာခေါ်တာ"

"ဘာ"

စောစောက အိပ်ချင်နေရသောစိတ်တို့သည် ချစ်ကြည်နူး



စကားကြောင့် သူ့ကိုယ်ထဲက လွင့်သွားရကာ မျက်ဝန်းပြူးကြီးနှင့် သူမကိုကြည့်တော့ ချစ်ကြည်နူးမှာ သူ့အဖြစ်ကို သဘောကျသလို သွားစွယ်လေးများ ပေါ်အောင် ရယ်မောရင်း…

"အဟင်း…ဟင်း…ဟင်း ကိုကိုကလည်း ကြည်နူးစကားကို ကြားတာနဲ့ ဘာဖြစ်သွားတာလဲ၊ တကတည်း ကြည်နူးစကားက ကြောက်စရာစကားများ မှတ်နေလားမသိဘူး"

"ကျုပ်အတွက်တော့ ကြောက်စရာပဲ ဒေါ်ချစ်ကြည်နူး၊ ပြောပါဦး စောစောစီးစီး ကျုပ်ကို ဘယ်ခေါ်မလို့လဲဆိုတာ"

လူစံအောင်မှာ သူမနှင့်လိုက်ရမည်ဆိုတာနှင့် တီဆားနှင့် တို့သလို ဖြစ်သွားရသည်။

ဒါတွေကိုပဲ ကြည်နူး ကိုကို့ကိုကြည့်မရတာ။ ဘယ်တော့မှ သူမအလိုကိုလိုက်ဖို့ မစဉ်းစား။

သူမဖြစ်ချင်တာ၊ သူမဆန္ဒမှန်သမျှကို ကိုကိုသည် လွယ်လွယ်နှင့် အလိုမလိုက်တတ်။

ချစ်ကြည်နူးမှာ နှုတ်ခမ်းလေးစူလာပြီး…

"ကိုကိုနော်…ကိုကို၊ ကြည်နူးကိုဆို ကိုကို ဘယ်တော့မှ အလိုမလိုက်ချင်ဘူး၊ သိပါတယ် ကိုကို ကြည်နူးကို မချစ်ဘူးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



အဟင့်…ဟင့်…ဟင့်"

ပြောရင်း ငိုသံလေးပါလာရုံမက ကလေးတစ်ယောက်လို တအီးအီးနှင့် ငိုချလိုက်သော ချစ်ကြည်နူးကြောင့် လှစံအောင် ရင်မောသွားရသည်။

ချစ်ကြည်နူး။ လူကြည့်တော့ ကလေးလည်းမဟုတ်တော့။ အရာသွေးကြွယ်လျက် တကယ့်ကို အပျိုကြီးဖားဖားဖြစ်နေပြီ။ ဒါနဲ့ တောင် သူမ ကလေးဆန်နေသေး။

ကျော်ဆက်။ ဒီမောင်ရဲ့ကောင်းမှုတွေက သူ့အပေါ်မသေး။ ခုပဲကြည့် သူ့မှာ ဘာမဆိုင်ညာမဆိုင်နှင့် ချစ်ကြည်နူးဒုက္ခတွေ ခံနေရပြီ။ ဒါ ကျော်ဆက်ရဲ့ကျေးဇူးကြောင့်ပင် မဟုတ်ပါလား။

"ကိုကို ဘာတွေတွေးနေတာလဲ၊ သိပါတယ် ကြည်နူး ကို ကိုကိုအလိုမရှိဘူးဆိုတာ၊ အဟင့်…ဟင့်…ဟင့်"

အင်း…ဒီရွှေမင်းသမီးနှင့်တော့ သူလွယ်မည်မထင်ပါ။

ပြောမရတိုင်း ကလေးတစ်ယောက်လို တအီးအီးနှင့် ငိုနေ ပုံက သူများကြားရင် သူ့အပေါ် အထင်လွဲချင်စရာ။

ချစ်ကြည်နူး…ချစ်ကြည်နူး။

ဒီမိန်းကလေး ဗိုလ်ကျဆိုးနွဲ့ပုံကတော့ သူ့အစ်ကိုဖြစ်တဲ့



ကျော်ဆက်အပေါ်သာမက ဘာမတော်သည့် သူ့အပေါ်မှာသာ ဗိုလ်ကျဆိုးနွဲ့ အနိုင်ယူချင်သူ။

ငယ်စဉ်ကတည်းက မိဘတွေမရှိတော့၍ အစ်ကိုဖြစ်သူ ကျော်ဆက် ဖူးဖူးမှုတ် အလိုလိုက်ထားမှုကြောင့် ချစ်ကြည်နူးသည် ဘယ်သူ့ကိုမှ လှသိပ်မထင်ဘဲ အားလုံးကို ဗိုလ်ကျအနိုင်ယူ ဆိုးနွဲ့ ရမှ ကျေနပ်ကတတ်သူဖြစ်သည်။

သို့ပေမယ့် သူမ ဆိုးနွဲ့အနိုင်ယူဗိုလ်ကျမှုတွေက ချစ်စရာ ကောင်းသည့် ဆိုးနွဲ့မှုမျိုးမို့ အားလုံးက ခွင့်လွှတ်နေပြန်သည်။

ခြံချင်းကလည်းကပ်၊ ငယ်စဉ်ကတည်းကလည်း ခင်မင် ရင်းနှီးလာခဲ့သော သူမကို လှစံအောင်ကိုယ်တိုင်ကလည်း ညီမ ရင်းလေးလို ချစ်ပါသည်။

ချစ်၍လည်း သူမ ဆိုးနွဲ့သမျှကို သည်းခံခဲ့သူ။ သို့သော် တစ်ခါတစ်ရံမှာတော့ သူမ ဆိုးနွဲ့မှုတွေက သူ့အတွက် စိတ်အနှောင့် အယှက် ဖြစ်ချင်စရာ။

ခက်တာက သူမကြောင့် သူဘယ်လောက်ပဲ စိတ်အနှောင့် အယှက်ဖြစ်ဖြစ် နောက်ဆုံးတော့လည်း သူမအလိုကိုသာ သူလိုက် လျောခဲ့ရသူ။

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကြောင့်လည်း သူမ သူ့အပေါ် အစွဲလိုဆိုးနေခြင်း ဖြစ်ပါလိမ့်မည်။

နွေးနေသော ဖူးသစ်စအလှသွေးတွေနှင့် အလှထူးကဲစွာ တအီးအီးနှင့် ငိုနေသူလေးကို လှစံအောင် မျက်မှောင်ကြီးကြုတ်ကာ ခပ်တွေတွေကြီး စိုက်ကြည့်လိုက်ပြီး…

"ကဲ…ကဲ ငိုမနေနဲ့တော့၊ တိတ်…ပြော ဘယ်ကိုသွားမှာလဲဆိုတာ"

ချစ်ကြည်နူးမှာ ချက်ချင်းလို အငိုတိတ်သွားပြီး…

"တကယ်လား ကိုကို"

"ဘာလဲကွာ"

"ကြည်နူးနဲ့ လိုက်မယ်ဆိုတာ တကယ်လားလို့မေးတာ"

"အပိုတွေပြောမနေနဲ့၊ မလိုက်ဘူးဆိုတော့ကော ရမလား"

"အဟင်း…ဟင်း…ဟင်း ဟုတ်တယ်နော်၊ မရဘူး၊ ဒီလိုဆိုတော့လည်း ကိုကိုက လိမ္မာသားပဲ၊ ဒါတွေကြောင့် ကိုကို့ကိုချစ်တာ"

"ကျွတ်…မင်းတော့ကွာ"





ခုငိုး၊ ခုရယ်နှင့် တတ်လည်းတတ်နိုင်လွန်းသော ချစ်ကြည်နူးကို လှစံအောင် မနိုင်တော့ပါ။ ဒီကြားထဲ ကလေးတစ်ယောက်အတွေး၊ ကလေးတစ်ယောက်နှယ် စကားတွေပြောနေပုံကလည်း သူမကိုယ်သူမ အရွယ်ရောက်နေသည့် မိန်းမပျိုလေးရယ်ပါလို့ ထင်ပုံမရ။ စိတ်ရှိတိုင်း ပြောနေပုံက ရိုက်ချင်စရာ။

"ကိုကိုက အားကြီးအိပ်ပုတ်ကြီးတာပဲ"

သူမကပင် သူ့ကိုပြန်၍ အပြစ်တင်နေပြန်သေး၏။ လှစံအောင်မှာ သူမကို ခါးကြီးထောက်ကာ ကြည့်လိုက်ပြီး…

"ညည်းနော်…ငါ ညကညဥ့်နက်မှ အိပ်ရတာ သိလို့လား"

"ဟင်…ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲကွ၊ ငါက ညည်းလို အလုပ်မရှိအကိုင်မရှိ အားနေတဲ့သူမှ မဟုတ်တာ"

"ကိုကိုနော် ကိုကို၊ ကြည်နူးကိုဆို ကိုကို ဘယ်တော့မှ အကောင်းမပြောဘူး"

"သြော်…ညည်းလေးကတော့ ပြောချင်စရာကောင်းလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနော်"

မျက်စောင်းလှလှလေးတွေက လှစံအောင်ထံ အတား အဆီးမရှိ ရောက်လာရပြန်၏။

လှစံအောင်မှာ သူမမျက်စောင်းများကို မသိဟန်ပြုကာ

"ကဲ··ညည်းလေး ညှော်ခန်းထဲက သွားစောင့်၊ ကိုကို ရေချိုးအဝတ်အစား လဲလိုက်ဦးမယ်"

"မြန်မြန်နော် ကိုကို"

"အေးပါကွာ၊ အေးပါ"

လှစံအောင်မှာ ပြုံးပြုံးရောသဘောနှင့် ခေါင်းကို မြန်မြန် ညိတ်ပြလိုက်သည်။ မညိတ်ပြလို့ကလည်း မဖြစ်။ မဟုတ်ပါက သူမလေး ဘာဂျစ်ကျနေဦးမည် မသိ။ မနက်စောစောစီးစီး အိပ်ကောင်းခြင်း မအိပ်ရသည့်အဖြစ်လောက် စိတ်ညစ်ရတာ မရှိ။

သူမ ဝဋ်ကြွေးတွေများ သူ ဘယ်ဘဝက ပါလာသည် မသိပါ။ ကြားထဲက ဘာမဆိုင် ညာမဆိုင်နှင့် သူမ ဒုက္ခပေးသမျှ သူ ခံနေရသည့်အဖြစ်။

ကျော်ဆက်သာ ဒီအဖြစ်တွေကို သိပါက ဒီကောင် ဘယ်လောက်ကျေနပ်နေမည် မသိ။



တွေးရင်းက ကိုယ့်အဖြစ်ကို ကိုယ် မချိပြုံးနှင့် ရယ်ချင်လာရသည်။

ချစ်ကြည်နူး။ ဒီကောင်မလေး ရှေ့လျှောက် သူ့ကို ဘယ်လောက်များ ဒုက္ခပေးဦးမည် မသိပါ။

ဒီဒုက္ခတွေက သူ့အတွက် ရှောင်လွှဲလို့မရသည့် ဒုက္ခများ။ ဒီဒုက္ခတွေထဲက ကျွတ်လွတ်ဖို့ဆိုတာ ဟိုကောင်ကျော်ဆက် နိုင်ငံခြားက အမြန်ပြန်လာမှ ဖြစ်မည်။

အင်း···ဘာလိုလို့နဲ့ ကျော်ဆက်တောင် နိုင်ငံခြားကို ပညာတော်သင်သွားရာမှ ပြန်လာတော့မည်။

"ဒုန်း···ဒုန်း"

"ကိုကို···ကိုကို မပြီးသေးဘူးလား၊ ရေချိုးတာ ဒီလောက်ကြာနေရအောင် ရေချိုးရင်း ကိုကို ဘာတွေစဉ်းစားနေလဲ"

လုပ်ပြီ ဒီကလေးမတော့။

နေရာတိုင်း သူမစိတ် သူမသဘောဖြစ်ရမည်လို့များ ထင်ထားသည်လား မသိပါ။ သူ့ဘဝတွင် ဘယ်သူတစ်ဦး တစ်ယောက်ကမှ အမိန့်မပေးရဲသမျှ ခုတော့ သူမနှင့်မှ သူ ခံနေရသည့်အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



လူစံအောင်မှာ နှုတ်ခမ်းကို တင်းတင်းစေ့ကာ ပြုံးရင်း ရေချိုးခန်းထဲမှ ထွက်လာခဲ့လိုက်သည်။

"ကိုကို"

"ဟင်"

မျက်နှာသုတ်ပဝါကြီး ပခုံးမှာပတ်ကာ မွေးညှင်းစိမ်းလေးများနှင့် ဝင်းဝါစိုပြေသော လူစံအောင်၏ ရင်ခွင်ကျယ်ကြီးကို ကြည့်ပြီး ချစ်ကြည်နူး မျက်နှာလေးရဲသွားကာ အကြည့်များ လွှဲသွားလေသည်။

လူစံအောင်မှာ သူမအဖြစ်ကို သတိမထားမိဘဲ…

"ကြည်နူး…ညည်းကိုတော့ ငါတကယ်မနိုင်တော့ဘူး သိလား၊ ညည်း တော်တော်ဆိုးပါလားဟင်၊ ငါ့ကို ဘယ်သူမှ အမိန့်မပေးရဲသမျှ ခုတော့ ညည်းနဲ့မှ ငါခံနေရပြီ"

"ကိုကိုနော်…ကြည်နူးကို အဲလိုမပြောနဲ့သိလား၊ ကိုကို့ကို ကြည်နူး အနိုင်ယူတာမဟုတ်ဘူး"

"အေးပါ…ညည်းလေး အနိုင်မယူလို့ပဲ၊ အနိုင်များယူရင် ငါ့ကို ညည်း တွေ့ရတော့မှာ မဟုတ်ဘူး"

"ကိုကို"



"ညှော်ခန်းထဲမှာ စောင့်ဆိုတာ ဘာလို့ အခန်းထဲဝင်လာပြန်တာလဲ"

"ကိုကိုနော်…ကြည်နူးကပဲ ကိုကို့အခန်းထဲ ဝင်လာချင်တဲ့အတိုင်း၊ ကိုကိုရေချိုးနေတာ ကြာလို့သိရဲ့လား"

သူမအသံလေးက မကျေမနပ်။

"ဟိတ်…နှုတ်ခမ်းမစူနဲ့နော်၊ ညည်းနှုတ်ခမ်းစူရင်"

"ဘာဖြစ်လဲ"

"အဟွန်း…ဟွန်း…ဟွန်း"

"ဘာရယ်တာလဲ၊ ကိုကိုနော် ဘာဖြစ်လဲဆိုတာ"

ချစ်ကြည်နူး ဖွတ်မေးပေမယ့် လူစံအောင်မှာ အပြုံးလွှန့်လွှန့်ကြီးနှင့် မဖြေဘဲ…

"အဟွန်း…ဘာမှမဟုတ်ပါဘူးကွာ"

"ကိုကိုနော် မရဘူး၊ မရဘူး၊ ဘာရယ်တာလဲဆိုတာ ဖြေ"

ဂျစ်ကျသည့် သူမလေးကို လူစံအောင် မဖြေလို့မရတော့။ သူမဖြေဘဲ နေပြန်ရင်လည်း သူမ စိတ်ဆိုးဦးမည်မို့…

"ကိုကို့ကို စိတ်မဆိုးပါဘူးလို့ အရင်ကတိပေး"

www.burmeseclassic.com

www.burmeseclassic.com



ချစ်ကြည်နူးမှာ မဖြေပါ။ သူ့အား ရွှန်းလဲ့ဝိုင်းစက်သော မျက်ဝန်းနက်တွေနှင့် ကြည့်နေသည်မို့…

"ဘာလဲ ကတိမပေးဘူးလား၊ ရတယ်လေ ဒါဆိုလည်း မပြောရုံပေါ့"

ကိုကိုလူဆိုး။ ဒါ သူမကို သူ တမင်အကျပ်ကိုင်တာ။ ချစ်ကြည်နူးတဲ့ ဘာရမလဲလေ။

"အင်း…ကတိပေးတယ်"

"အင်း…ညည်းနှုတ်ခမ်းစုရင် ဝက်ဖင်"

"ဟာ…ကိုကို မကောင်းဘူးကွာ၊ ကိုကိုမကောင်းဘူး။ သူများကို အဲလိုပြောစရာလားလို့၊ ကဲ ကဲ အဲဒါပြောဦး"

"ဗုန်း"

"ဗုန်း"

ချစ်ကြည်နူး၏ လက်သီးဆုပ်လေးများက အင်္ကျီမပါ ဗလာနှင့် လူစံအောင်ရင်ဘတ်ကြီးထက်သို့ ကျရောက်သွားရသည်။

လူစံအောင်မှာ ရယ်မောရင်းက သူမလက်သီးဆုပ်လေးများကို ရှောင်လွှဲရင်း…

"ဟိတ်ကောင်မလေး ကိုကို့ကို ဘာလို့ရိုက်ရတာလဲကွ



ကိုကိုက ညည်းနဲ့တူလို့"

"ကြည့်စမ်း…ကိုကိုနော် ကိုကို မပြောနဲ့ဆိုတာ၊ ကဲ"

"ဟာ…ဟိတ်…ဟိတ်"

ချစ်ကြည်နူးမှာ သူမကို ထိုသို့ပြောရပါ့မလားဟူသော ရှက်ဒေါသစိတ်တွေနှင့်မို့ ဘာကိုမှ မမြင်ပါတော့။ လူစံအောင် ရင်ဘတ်ကြီးကို သူမလက်သီးဆုပ်နုနုလေးတွေနှင့် အဆက်မပြတ် ထုရိုက်နေမိတော့သည်။ ထုရိုက်နေရင်းမှလည်း…

"တော်ပြီ…တော်ပြီ ကိုကိုနဲ့မခေါ်တော့ဘူးသိလား၊ ကိုကို့ကို မုန်းတယ်"

"ဘာလဲကွ…ကိုကို့ကို ဘာလို့မုန်းရတာလဲ၊ ကိုကိုက ဘာကယ်တူလို့ တူတယ်ပြော"

"ကိုကို"

အားလုံးအပေါ် ဗိုလ်ကျရမှ ကျေနပ်တတ်သော သူမ အနိုင်မရသည့်အခါမှာတော့ မျက်ရည်တွေ ပြည့်လျှံသော မျက်ဝန်းနှင့် လူစံအောင်အား ကြည့်ကာ နှုတ်ခမ်းလေးကို ဖိကိုက်ရင်းက လူစံအောင် ရင်ဘတ်၊ လက်မောင်းနှင့် သူကျောပြင်ကို သူမစိတ်ရှိ သိုင်းသာ တဗုန်းဗုန်းနှင့် ထုရိုက်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဟိတ် တော်ပြီကွာ၊ ကိုကို ဒီမှာနာလှပြီကွ"

သူဘယ်လိုပြောပြော သူမက မတော်။

သူမပုံစံလေးက ရှက်ရမ်းရမ်းနေသည့် ပုံမျိုး။

ပန်းမှာ ဝဲနေသည့် ဆံနွယ်လေးများ ဝဲခနဲ ဝဲခနဲ ဖြစ်သွားအောင် စိတ်ရှိတိုင်း ထုရိုက်နေသော သူမကို လှစံအောင် စိတ်ရှည်ရှည်နှင့် သည်းခံလိုက်ပြီး…

"တော်ပြီကွာ ညည်းလက်လေးတွေ အရမ်းနာနေတော့မယ်၊ ကိုကို့ကို ဒီလောက်စိတ်ဆိုးရရင် တော်ရော့ ဟုတ်လား"

"ကိုကို့ကိုမုန်းတယ်"

"အေးပါ…မုန်းပါ၊ ခုတော့ တော်တော့၊ တော်ကြာ ကိုကို့ကို ရိုက်ရလွန်းလို့ ညည်းလက်တွေ ရောင်လာတော့မယ်"

"ရောင်ပလေ့စေ…အဲလိုဖြစ်အောင် ကိုကိုလုပ်တာပဲ၊ ခု ကြည်နူးကိုလာပြီး ကြင်နာမနေနဲ့ သွား…သွား"

လှစံအောင် ချော့ပေမယ့် စိတ်ကြီးသော သူမကတော့ ဖြင့် ချော့၍မရပါ။ အင်း…ဒီကလေး စိတ်ကောက်လျှင် စိတ်ရှည်လက်ရှည် စိတ်ကောက်တတ်သည်ကို သူ ဘာကြောင့် မေ့နေရပါသည်လဲ။



"သွား…သွား…သွားလို့ဆို၊ ကိုကို့မျက်နှာကို မမြင်ချင်ဘူး၊ ကိုကို့ကိုမုန်းတယ်၊ အဟင့်…ဟင့်…ဟင့်"

ပြောလည်းပြော၊ ငိုလည်းငို၊ သူ့ကိုလည်း ထုရိုက်နေသော ချစ်ကြည်နူးကို လှစံအောင် ချော့၍ပြောလို့မရမှန်း သိလိုက်သည်မို့

"ချာတိတ်ရာ…ကိုကိုပြောနေတယ်၊ တော်တော့ဆို"

"မတော်ဘူး၊ မတော်ဘူး၊ မတော်တော့ ကိုကို ဘာလုပ်ချင်လို့လဲ"

ကြည့်…သူမက ဒီလိုစိန်ခေါ်တတ်သူ။

ပြောသည့်အတိုင်းလည်း မတော်။ သူမလက်သီးဆုပ်လေးတွေက သူ့ကိုယ်နေရာအနှံ့။ လှစံအောင်အတွက်က သူမလက်သီးဆုပ်လေးများကို ခံနိုင်ရည်ရှိပေမယ့် ဖြူဖြူနုနုနှင့် သူမလေးကတော့ ခံနိုင်ရည်ရှိမည်မဟုတ်ပါ။

ကြာလျှင် သူ့ကို ထုရိုက်ရတာနှင့်ပင် သူမ လက်လေးများ ရောင်လာနိုင်ပါ၏။ သူမလေးသည် ထိုမျှလောက် နုးညံ့သူလေးလည်းဖြစ်သည်။

လှစံအောင်မှာ ဆုံးဖြတ်ချက်နှင့်အတူ ရုတ်ခြည်း သူမလက်လေးကို ဖမ်းဆုပ်လိုက်တော့ ရုတ်တရက် အရှိန်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ချစ်ကြည်နူးကိုယ်လေးက လှစံအောင်ရင်ခွင်ထဲသို့ ပစ်ကျသွားရသည်။

"အမေ့"

"ဟာ"

နှစ်ယောက်အရှိန်နှင့် လှစံအောင်မှာ ရုတ်တရက် ဟန်ချက်ပျက်သွားရာမှ သူ့ကိုယ်ကို အမြန်ပြန်ထိန်းယိုက်ရာ သူ မထင်မှတ်ဘဲ သူ့မျက်နှာချောချောကြီးက ချစ်ကြည်နူး မျက်နှာလေးထက် ဝဲကပ်သွားရုံမက သူ့နှာခေါင်းချွန်ချွန်ကြီးက သူ့မှုပါးပြင်လေးပေါ် ဖိကပ်သွားရလေသည်။

"အို"

"ဟင်"

နှစ်ဦးသား မှင်တက်သွားရသည်။

ရုတ်တရက် တစ်ယောက်ရင်ခွင်ထဲမှ တစ်ယောက် ရုန်းထွက်ဖို့ရာ သတိမရ။ အတွေ့နွေးနွေးက သူတို့နှစ်ဦးကို မေ့လျော့သွားစေရသလို။

သို့သော် အချိန်ကြာကြာတော့ဖြင့် မဟုတ်ပါ။ လှစံအောင်မှာ ချက်ချင်းလို အသိဝင်လာပြီး ချစ်ကြည်နူးကိုယ်လေးကို ရင်ခွင်



ထဲမှ ဖယ်ထုတ်လိုက်ကာ...

"ဆောရီး...ဆောရီး ကြည်နူး၊ ကိုကို မင်းလက်လေးတွေ နာမှာစိုးလို့"

"ကိုကိုနော်...ဘယ်သူက ဘာပြောနေလို့လဲ"

မျက်နှာရဲရဲကြီးနှင့် သူကပင် အနေခက်သလို ပြောနေသော လှစံအောင်ကို ချစ်ကြည်နူးမှာ နှုတ်ခမ်းလေးစူ မျက်စောင်းလေးထိုးရင်းက အကြည့်လေးလွှဲလျက် ပြောလိုက်သည်။

ရင်ခုန်သံတွေကတော့ နှစ်ဦးလုံးအတွက် မမှန်တော့။

"ကြည်နူး"

"ကိုကို"

ခေါ်သံလေးတွေက နှစ်ဦးလုံး ပြိုင်တူလို ဖြစ်သွားရသည်။ နှစ်ဦးလုံး မျက်နှာလေးတွေ ရဲသွားကာ အနေခက်သွားသလို အတန်ကြာ ငြိမ်သက်သွားရာမှ...

"ကိုကို ကြည်နူး ညှိခန်းထဲကပဲ စောင့်နေတော့မယ်"

ဟုဆိုကာ ချစ်ကြည်နူးမှာ လှစံအောင်အခန်းထဲက ထွက်သွားလေသည်။

လှစံအောင်သည် ထိုအခါမှ သက်မချလိုက်လေတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုနေ့ကတော့ တစ်နေ့လုံးလိုလို လှစ္စံအောင်ရင်ထဲ ရှုပ်ထွေးမှုတွေနှင့် ဒါ ဘာကြောင့်ဆိုတာ လှစံအောင်ကိုယ်တိုင် မသိနိုင်တော့ပြီ မဟုတ်ပါလား။

၀ ၀ ၀

## ခန်း (၂)

ရောင်စုံမီးဆလိုက်များနှင့် ခြံထဲ ညစ်ခံပွဲလေးက စည်ကား နေရသည်။ ဒီပွဲက နိုင်ငံခြားတွင် ပညာတော်သင်သွားရာမှ ပြန်လာ သော ဒေါက်တာကျော်ဆက်အား ဂုဏ်ပြုသည့် ညစ်ခံပွဲလေးပင် ဖြစ်သည်။

ခင်မင်ရင်းနှီးသော သူငယ်ချင်းများ၊ မိတ်ဆွေများနှင့်မို့ ညစ်ခံပွဲလေးက တကယ့်ကို စည်စည်ကားကား။

ဒေါက်တာကျော်ဆက်မှာ အပြုံးတွေနှင့် ဝင်ထည်စွာ ညစ်ပရိသတ်များကို လိုက်လံနှုတ်ဆက်နေသလို ကျော်ဆက်နှင့် အရင်းနှီးဆုံး သူငယ်ချင်းဖြစ်သည့် လှစံအောင်မှာလည်း ကျော်ဆက် ညီးတူ အပြုံးတွေနှင့်ပင် ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးလုံးမှာ တည်ကြည်ချောမောသော အသွင်၊ ခန့်ထည် တည်ကြည်သော ရုပ်ရည်တို့ဖြင့် ယောကျ်ားပီသကာ ချောမောလွန်း နေရသည်။

ညှော်ခံပွဲကိုလာသော ကြီးငယ်မရွေး အမျိုးသမီးများ၏ မျက်လုံးတွေကတော့ သူတို့နှစ်ဦးထံမှ မခွာတော့။

သို့တိုင် လှစံအောင်နှင့် ကျော်ဆက်ကတော့ ထိုအကြည့် များကို သတိမထားမိဟန် ချောမောတည်ကြည်သော အသွင်များ နှင့် ရှိနေကြသည်။

ထိုထဲတွင် အစ်ကိုဖြစ်သူ ကျော်ဆက်အတွက် ဂုဏ်ယူ ပီတိအပြုံးလေးနှင့် မြူးကြွသွက်လက်အလှထူးနေရသူလေးက ချစ်ကြည်နူး။

ဒီည ညှော်ခံပွဲတွင် ချစ်ကြည်နူးသည် အလှဆုံးမိန်းကလေး ဖြစ်နေသည်ကိုတော့ ဘယ်သူမှ ငြင်း၍မရပါ။

ဒေါင်းပျိုမလေးတစ်ယောက်လို နုထွေးသော အလှတွေ နှင့် သိပ်ကိုလှနေသော ချစ်ကြည်နူးသည် အစ်ကိုဖြစ်သူကြောင့် သူငယ်ချင်းများကြားတွင် မျက်နှာရနေရသည်။

"ကြည်နူး…နင့်ကိုကိုက သိပ်ချောတာပဲနော်"



"အေးဟယ်…ဟုတ်ပါရဲ့၊ ကြည်နူးမှာ ဒီလောက်ချောတဲ့ အစ်ကိုရှိမှန်း ခုမှသိတာ ငါတို့နှာတာပဲ"

"ကြည်နူး…နင်နဲ့ငါ ခွေမျိုးတော်မယ်နော်"

"အံမယ်…မယ် ရမလား၊ ကြည်နူးကို ငါက ယောက်မ တော်မှာသိလား"

အစ်ကိုဖြစ်သူနှင့်ပတ်သက်ပြီး သူငယ်ချင်းတွေ တစ်ယောက်တစ်မျိုး အဖြစ်သည်းနေသည်မို့ ချစ်ကြည်နူးမှာ မျက်နှာ လေးမော့မော့နှင့် မာန်ပင်တက်ချင်လာရသလို။

"ငါ့ကိုကိုက ဘယ်မိန်းကလေးမှ စိတ်ဝင်စားတာ မဟုတ် ဘူးနော်၊ ဒါပေမယ့် နင်တို့ကိုတော့ ငါ့သူငယ်ချင်းတွေဖြစ်နေလို့ ဦးစားပေးပြီး ကိုကို့ကို စဉ်းစားခိုင်းမယ်"

"ဟယ်….တကယ်"

"ဟီး…ဟီး ဒါမှတို့ယောက်မကွ"

"ဒါကြောင့် ကြည်နူးကိုချစ်ရတာ"

ကိုကိုကျော်ဆက်၏ မျက်နှာနှင့် သူမအား အပြတ်ဖားနေ သော သူငယ်ချင်းများကို ကြည့်ပြီး ချစ်ကြည်နူး ရယ်ချင်စိတ်ကို အတင်းပင် မျိုသိပ်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ နေဦးဟဲ့၊ ကြည်နူး နင့်ကိုကိုဘေးက လူကကော ဘယ်သူလဲဟင်၊ ချောလိုက်တာ ယောကျ်ားပီပီသသနဲ့ ငါက ဒီလိုပုံစံမျိုးမှ ကြိုက်တာ၊ အဲဒါ ဘယ်သူလဲဟင် ကြည်နူး"

သည်မိန်းမတွေ မလွယ်ပါလား။

ကိုကိုကျော်ဆက်ကိုသာမက ကိုကို့ဘေးနားတွင် ရှိနေသော ကိုကိုလှစံအောင်ကိုပါ အလွတ်မပေးတော့။

"အေး…ဟုတ်ပါရဲ့ နှယ်ပြောမှ သတိထားမိတယ်၊ အဲဒီ အစ်ကိုကြီးက ဘယ်သူလဲ၊ သူ့ပုံစံက အရမ်းမိုက်မှာယ်နော်"

"ဟုတ်ပါရဲ့၊ အရပ်မြင့်မြင့်၊ ရင်အုပ်ကားကားနဲ့ မျက်လုံးတွေက စူးရှသလို အပြုံးတွေကလည်း တောက်ပလိုက်တာ"

"ကြည်နူး ပြောစမ်းပါ၊ အဲဒါ ဘယ်သူလဲဆိုတာ၊ သူ့ရဲ့ ပုံစံက နိုင်ငံခြားမင်းသားလိုပဲနော်၊ စတိုင်လ်ကလည်း မိုက်တယ်၊ လူကလည်း ချောတယ်၊ နင်တို့က ကိုကိုကျော်ဆက်ကိုယူ၊ ငါတော့ အဲဒီအစ်ကိုကြီးကိုပဲ ယူတော့မယ်"

သူယူမယ်၊ ကိုယ်ယူမယ်နှင့် ကိုယ့်ဘာသာကိုယ် ဝေစု ခွဲနေကြသော သူငယ်ချင်းများကို ချစ်ကြည်နူး မျက်စောင်းလေး ထိုးလိုက်မိသည်။



မိန်းမတွေ တော်တော်ကဲနေပါလား။

ကိုယ့်ကိုယ်ကို မိန်းကလေးဆိုတာမှ သတိရကြရဲ့လား မသိပါ။

"နင်တို့ သိပ်ကဲမနေနဲ့၊ ငါ ကြည့်မရတော့ဘူးနော်၊ တကတည်း မိန်းမတွေကိုက ဖြစ်နေလိုက်တာ၊ နင်တို့ အဲလိုကဲနေ ကိုကိုကျော်ဆက်နဲ့ ကိုကိုလှစံအောင်က နင်တို့လိုပုံစံတွေကို တစ်စက်မှကြိုက်မှာမဟုတ်ဘူး သိလား"

"ဘယ်သူ…ဘယ်သူ ကြည်နူး၊ ကိုကိုလှစံအောင် ဟုတ်လား"

"ဟယ်…နာမည်ကလည်း စိတ်ဝင်စားစရာပဲ"

"အေးနော်…ဟုတ်ပါရဲ့၊ လှစံအောင်တဲ့၊ နာမည်ကလည်း အပျံစားပဲ၊ ဟီး ဟီး"

ချစ်ကြည်နူးမျက်နှာ မှုန်တင်းတင်းလေး ဖြစ်လာရသည်။ ကြည့်လေ သူတို့ပုံစံတွေကိုက တကယ့် အတည်ပေါက်ကြီးတွေနှင့်။

ကိုကိုနှင့် ပတ်သက်လာလျှင် သူမရင်ထဲ အစအနောက်မခံချင်။ သူ[illegible] အတွက်ကြီးသည်လို့ပင် ပြောချင်ပြော ကိုကို့ကို

www.burmeseclassic.com



တော့ သူမတစ်ယောက်တည်းသာ ချစ်ချင်ပါသည်။

ထို့အပြင် ကိုကို့ဘဝထဲ သူမကလွဲလို့ ဘယ်သူ တစ်ယောက်ကိုမှ အဝင်မခံစေချင်။ သူမသာ ကိုကို့ဘဝထဲ ထာဝစဉ်ရှိနေချင်သည် မဟုတ်ပါလား။

"ကြည်နူး"

"အမေ"

"ကြည့်စမ်း ဘာတွေတွေးနေတာလဲ"

"ဟင့်အင်း…ဘာလဲ"

"ကြည့်…ငါတို့ကို မိတ်ဆက်ပေးဦးလို့ ပြောနေတာ"

"ဘယ်သူနဲ့လဲ"

"ကိုကိုကျော်ဆက်၊ ကိုကိုလှစံအောင်"

"ဟင်း"

ချစ်ကြည်နူး သက်မချလိုက်သည်။

သည်မိန်းမ ကပုံကတော့ လွန်ကိုလွန်လွန်း၏။ မိတ်ဆက် မပေးမချင်း သူမကို နားပူတိုက်နေမည့်သူတွေ။

သူတို့အကြောင်း သူမသာအသိဆုံး။

ကိုကိုကျော်ဆက်နှင့် ကိုကိုလှစံအောင်ကတော့ သူမတို့





အဖြစ်သည်းနေပုံကို မသိ။ အပြုံးဝင့်ထည်ထည်ကြီးတွေနှင့်သာ လာသမျှညှိသည်များ နှုတ်ဆက်နေလေသည်။

"ကိုကို"

"ဟော…ညီမလေး"

ကျော်ဆက်မှာ ညီမဖြစ်သူကို အပြုံးနှင့်ကြည့်လိုက်သည်။

"ကိုကို့ကို မိတ်ဆက်ပေးမလို့"

"ဘာလဲ…ညီမလေးသူငယ်ချင်းတွေနဲ့လား"

"အင်း"

မျက်တောင်လေးစင်းကာ ခေါင်းညိတ်ပြလိုက်သည်။ ကျော်ဆက်သည် ညီမဖြစ်သူကို ချစ်စနိုးနှင့် ကြည့်ကာ…

"အဟွန်း…ဟွန်း ညီမလေးသူငယ်ချင်းတွေအားလုံးက အချောတွေပါပဲလားကွ"

သူမနှင့်ပါလာသည့် သူငယ်ချင်းများကို ကျော်ဆက်သည် အပြုံးနှင့်ကြည့်ရင်းက ပြောလိုက်တော့ အားလုံးမှာ သဘောကျ သွားကာ…

"ဟုတ်ကဲ့…ကျေးဇူးပါပဲကိုကို"

ဟု နှုယ်မှာ သွက်လက်သူလေးပီပီ ဝင်ပြောလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ချစ်ကြည်နူး မျက်စောင်းလှလှလေးက သူမထံ ရောက်ရှိသွားပြီး

"ဒါ…ညီမလေးသူငယ်ချင်းတွေ ကိုကို၊ သူက နှယ်း ဒီဘက်က ကျော့၊ သူကတော့ ခိုင်၊ ဒီတစ်ယောက်ကတော့ ဆူးတဲ့ နင်တို့လည်း အားလုံးမှတ်ထား၊ ဒါ ငါ့ကိုကို ဒေါက်တာကျော်ဆက် တဲ့၊ လမ်းတွေ့ရင်လည်း ခေါ်ကြပေါ့"

"အပီ…စိတ်ချ၊ မခေါ်မှာတော့ မပူနဲ့ ကြည်နူးရေ"

"အဟွန်း…ဟွန်း ခေါ်ပါဗျာ၊ ခေါ်ပါ၊ ညီမလေးသူငယ် ချင်းတွေဆိုတော့ အားလုံး ကိုကို့ညီမလေးတွေပဲပေါ့၊ ဒါနဲ့ အားလုံး က နာမည်တစ်လုံးတည်းပဲလား"

"ဟင့်အင်း…မဟုတ်ဘူး ကိုကို၊ ကြည်နူးက သူခေါ်တဲ့ အတိုင်း ကိုကို့ကို မိတ်ဆက်ပေးနေတာ၊ ခိုင့်နာမည်က ခိုင်ခိုင်ခန့်"

"နှယ့်နာမည်က နှယ်စည်ဖြာပါ"

"ဆူးနာမည်က ခက်ဝေဆူးပါ ကိုကို"

"ဟုတ်ကဲ့…ကျော့နာမည်က ကျော့ဝေမှူးပါ"

"အာ…လူတွေနဲ့လိုက်အောင် နာမည်တွေကလည်း တကယ့်အပုံစားပါပဲလား၊ အဟွန်း ကိုကိုတော့ မချောလေးယောက် ကိုယ်တစ်ယောက် ဖြစ်တော့မယ်နဲ့တူတယ်"

[redacted]



"အဟင်း…ဟင်း…ဟင်း"

"ခစ်…ခစ်…ခစ်"

ကြည့်စမ်း…ကောင်စုတ်တွေ။

အရှက်မရှိ ကိုကို့စကားကိုများ သဘောတွေကျနေလိုက် တာ။ ဒါလား မိန်းကလေးတွေ။ နည်းနည်းမှကို သိက္ခာမရှိဘူးဟု ချစ်ကြည်နူးစိတ်မှာ ဆိုရင်း သူငယ်ချင်းလေးယောက်ထံ မျက်စောင်း တရွယ်ရွယ်နှင့် ရှိနေရတော့သည်။

ထိုစဉ် လူစုံအောင်မှာ သူမတို့အနားသို့ ရောက်လာလေ သည်။

"ကျော်ဆက်…ဟိုမှာ ဝင်းကိုတိုး ရောက်နေတယ်၊ ခင်းကို နှုတ်ဆက်ချင်လို့တဲ့၊ အဲဒါ သွားနှုတ်ဆက်လိုက်ဦး"

ဒေါက်တာကျော်ဆက်မှာ သူငယ်ချင်းလေးယောက်လုံး ထို နှုတ်ဆက်ကာ တခြားဆီသို့ ကူးသွားပေမယ့် သူမတို့အကြည့် တွေကတော့ ဒေါက်တာကျော်ဆက်ထံ ပါမသွားပါလား။

အားလုံးသော သူမတို့အကြည့်တွေသည် ရှေ့တွင်ရှိနေ သော လူချောကြီး လူစုံအောင်ထံသို့သာ ရောက်ရှိနေရ၏။

လူစုံအောင်မှာ သွားစွယ်ချွန်ချွန်လေးများ ပေါ်အောင်ပြုံး

[redacted]

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်း...

"ကြည်နူး သူငယ်ချင်းတွေလား"

နှယ်တို့အားလုံးထံ အကြည့်ဝဲဝဲကြီးဖြင့် ကြည့်ရင်း မေးလိုက်တော့ အဖိုးချောတစ်သိုက်မှာ လှုပ်လှုပ်ရှားရှားဖြစ်သွားရပြီး...

"ဟုတ်...ဟုတ်ကဲ့ ကိုကို"

လှစံအောင်စကားကို ကျော့ ပြန်ဖြေရင်း သူမလက်ကလေးက ချစ်ကြည်နူးအား ခပ်ဆတ်ဆတ်လေး ထိလိုက်သည်။

သဘောကတော့ သူမတို့အား လှစံအောင်နှင့် မိတ်ဆက်ပေးပါဆိုသည့်သဘော။ ဒါကို ချစ်ကြည်နူးမှာ သဘောပေါက်ပါသည်။ သို့သော် တလွန်း သည်းလွန်းသော ဒီမိန်းမတွေကို ပညာပေးချင်သည်မို့ တမင်ပင် အမြင်ကပ်ကပ်နှင့် မသိချင်ယောင်ဆောင်နေလိုက်သည်။

သူမ ညစ်နေသည်ကို ကျော့သိတော့ စိတ်မှာ မချင့်မရဲဖြစ်သွားရကာ ချစ်ကြည်နူး၏ ခါးလေးကို သူမလက်လေးနှင့် မသိမသာ လိမ်ဆွဲပစ်လိုက်သည်။

"အား"



"ဟင်...ဘာဖြစ်တာလဲ ကြည်နူး"

"ဟို...ဟို"

"အဟင်း...ဘာမှမဟုတ်ဘူး ကိုကို၊ ဟို ကြည်နူးကို ခြင်ကိုက်သွားလို့နေမှာ၊ ဟုတ်တယ်မဟုတ်လား ကြည်နူး"

ကျော့ လူလည်ကျပြီကို သိပေမယ့် ချစ်ကြည်နူးမှာ သူမစကားကိုလည်း မငြင်းသာဘဲ...

"အဟင်း...ဟို ဟုတ်တယ် ကိုကို၊ ခြင်...ခြင်ကိုက်လို့"

"အဟွန်း...ဟွန်း...ဟွန်း"

"ကြည့်စမ်းကွာ...ကိုကိုက ဘာများဖြစ်တာလဲလို့"

လှစံအောင်စကားကြောင့် ချစ်ကြည်နူးမှာ မျက်နှာလေးရဲသွားရကာ စိတ်ထဲမှာလည်း ကျော့အား ပစ်ပစ်နှစ်နှစ် ကျိန်ဆဲနေလိုက်သည်။

"ကြည်နူး"

ချစ်ကြည်နူးနာမည်လေးကို ခေါ်ရင်းက ကျော့သည် လှစံအောင်ရှိရာသို့ မသိမသာ မေးလေးထိုးပြနေသည်မို့ ချစ်ကြည်နူးမှာ ဒီတစ်ခါတော့ဖြင့် မသိဟန်ဆောင်နေလို့မရတော့ဘဲ...

www.burmeseclassic.com



"ကိုကို့ကို ကြည်နူးသူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမယ်"ဟုဆိုကာ အားလုံးနှင့် လှစံအောင်အား မိတ်ဆက်ပေးလိုက်သည်။

"နင်တို့လည်း မှတ်ထား၊ ဒါ ကိုကိုလှစံအောင်တဲ့၊ ကုမ္ပဏီကြီးတစ်ခုရဲ့ ဒါရိုက်တာ၊ ကိုကိုနေတာက ဟိုဘက်ခြံမှာ၊ ကိုကိုက ဒီနေ့ထိ ရည်းစားမရှိသေးတဲ့ တစ်ကိုယ်တည်းလူပျိုကြီး၊ ကဲ နင်တို့ ဘာသိချင်ကြသေးလဲ"

"အို"

"ဟင်"

"ကြည်နူး"

ပွင့်လင်းလွန်းသော ချစ်ကြည်နူးစကားကြောင့် အပျိုချော ဟစ်သိုက်မှာ လှစံအောင်ရှေ့တွင် မျက်နှာလေးတွေ မထားတတ်အောင် ရှိသွားကြလေသည်။

လှစံအောင်ကတော့ အပြုံးတည်တည်ကြီးနှင့် ဘာမှမဖြစ်သလို ဟန်မပျက်ရှိနေရင်းက…

"အားလုံးပဲ သိရတာဝမ်းသာပါတယ်၊ ကြည်နူးခင်သလို ကိုယ့်ကိုလည်း ခင်နိုင်ပါတယ်၊ ကဲ ချာတိတ်တို့ စကားပြောကြဦး၊

[redacted]



သြော် ကြည်နူး ခဏ"

လှစံအောင်မှာ ချစ်ကြည်နူးအား သူငယ်ချင်းများကြားထဲက ခေါ်ထုတ်ခဲ့လိုက်သည်။

ဘာများပါလဲဆိုသည့် အတွေးနှင့် ချစ်ကြည်နူး လှစံအောင်ခေါ်ရာနောက်သို့ ပါလာခဲ့သည်။

ခြံနောက် မှောင်ရိပ်ကျသည့် နေရာအရောက်မှာတော့ လှစံအောင်သည် ခြေလှမ်းများကို ရပ်ပစ်လိုက်ပြီး…

"ကဲ…ပြောစမ်းပါဦး ကြည်နူး၊ မင်းသူငယ်ချင်းတွေနဲ့ ကိုကို့ကို ဘယ်လိုမိတ်ဆက်ပေးနေတာလဲဆိုတာ"

"ဘာဖြစ်လို့လဲ ကိုကို"

"သြော်…ဘာဖြစ်လို့လဲ ဟုတ်လား၊ တစ်ယောက်နဲ့ တစ်ယောက် ရိုးရိုးမိတ်ဆက်ပေးရင် ရသားနဲ့၊ ဘာလို့ မလိုအပ်တာတွေ လျှောက်ထည့်ပြီး ပြောနေရတာလဲ၊ ဘာတဲ့ ခုထိ ရည်းစားမရှိသေးတဲ့ တစ်ကိုယ်တည်း လူပျိုကြီးဟုတ်လား"

ခါးကြီးထောက်လျက် မျက်မှောင်ကြီးတွန့်ကာ လှစံအောင်မှာ မျက်နှာတည်တည်ကြီးနှင့် ပြောနေတော့ ချစ်ကြည်နူးမှာ ကိုယ့်အပြစ်နှင့်ကိုယ်မို့ မျက်နှာလေးငယ်သွားကာ…

www.burmeseclassic.com

www.burmeseclassic.com



"ဟို…ကြည်နူးပြောတာ ကိုကို့မှာ"

"တော်ပါပြီ ဒေါ်ကြည်နူး၊ ခင်ဗျားပြောမှ ပိုရှုပ်ကုန်တော့မယ်၊ ကဲ ပြောစမ်း ဒီစကား ဘာအဓိပ္ပာယ်နဲ့ မင်းပြောတာလဲဆိုတာ"

လှစံအောင်ပုံစံက သူမစကားတွေအတွက် တကယ်ပင် စိတ်ဆိုးနေသည့်ဟန်။ ချစ်ကြည်နူးမှာ လှစံအောင်၏ ထိုပုံစံကို တစ်ခါမှ မမြင်ဘူးသည်မို့ အံ့သြစွာ မျက်နှာငယ်လေးနှင့်ပင်…

"ဆောရီးကိုကို…ကြည်နူး တောင်းပန်ပါတယ်၊ ကြည်နူး ဘာအဓိပ္ပာယ်နဲ့မှ ပြောခဲ့တာ မဟုတ်ပါဘူး၊ သူတို့က ကိုကို့နဲ့ မိတ်ဆွေဖြစ်ချင်တယ်ဆိုလို့"

"အပွန်း…မိတ်ဆွေဖြစ်ချင်တာ ရိုးရိုးမိတ်ဆက်ပေးလို့ မရဘူးလား၊ ဘာလဲ သူတို့ကို အဲလိုပြောမှလား"

"အို…မဟုတ်ဘူးကိုကို၊ မဟုတ်ဘူး၊ ကြည်နူး ကြည်နူး"

စိတ်ထင်ရာပြောခဲ့ပြီးမှ ခုတော့လည်း သူမ မှဟုတ်သလို မျက်ဝန်းတောက်တောက်လေးနှင့် ဘာပြောရမှန်းမသိ ဖြစ်နေသော ချစ်ကြည်နူးကို လှစံအောင် မျက်ဝန်းတည်တည်ကြီးနှင့် ခပ်တည်



တည်ကြည့်ပြီး…

"မင်းအမှားကို မင်းသိလား ကြည်နူး"

"ရှင်"

"မင်းအမှားလုပ်ခဲ့တာကို မင်းသိလားလို့ မေးနေတာ"

"ရှင်…ဟုတ်…ဟုတ်ကဲ့"

"ကောင်းပြီ…ဒါဆို အဲဒီအမှားအတွက် ပြန်ပြီးပေးဆပ်ရမှာကော မင်းနားလည်ရဲ့လား"

"ဟင်"

ချစ်ကြည်နူးမှာ နှုတ်ခမ်းလေးဖွင့်ဟလျက် အံ့သြနေရတော့သည်။ ကိုကိုလှစံအောင်ကိုတော့ သူမ လန့်ပါသည်။ ကိုကိုသည် ပြောလျှင် ပြောသလိုလုပ်တတ်သည့် လူစားမျိုး။

မှားပြီဆိုလျှင် ထိုအမှားအတွက် သူကိုယ်တိုင်က တောင်းပန်တတ်သလို တစ်ဖက်လူ မှားပြီဆိုရင်လည်း ကျေနပ်အောင် တောင်းပန်မှ ကျေနပ်တတ်သူ။

ခုလည်း သူမအမှားအတွက် ကိုကို သူမကို ဘယ်လို တောင်းပန်ခိုင်းဦးမည်လဲ။

အတွေးနှင့် လှစံအောင်အား မဝံ့မရဲ ကြည့်လိုက်တော့

www.burmeseclassic.com

www.burmeseclassic.com



လှစံအောင်သည် သူမအား တည်တည်စူးစူးကြီး ကြည့်နေလေ၏။

ဘုရား…ဘုရား။

ကိုကို့ပုံစံက သူမကို အရမ်းစိတ်ဆိုးနေသည့်ပုံပါလား။

သူမကလည်း သူမ။ ကိုကို ဒီလောက်ထိ စိတ်ဆိုးသွားအောင် သူမ လွန်ခဲ့သည်ပဲလေ။

"ကိုကို"

"ရည်းစားမရှိတဲ့ ယောကျ်ားတစ်ယောက်ကို မင်းအထင် သေးနေတာလား ကြည်နူး"

"ရှင်"

"မိန်းမတစ်ယောက်ရဲ့အချစ်ဆိုတာ ငါ့ဘဝအတွက် မလို အပ်ဘူး ကြည်နူး၊ ဒါကို မင်းဘာလို့မသိရတာလဲ၊ မင်းမျက်စိထဲ မှာ ငါဟာ မင်းအတွက် လှောင်ပြောင်ချင်စရာ လူတစ်ယောက် ဖြစ်နေပြီလား"

"အို…ဟင့်အင်း…ဟင့်အင်း မဟုတ်ဘူးကိုကို၊ အဲလို မဟုတ်ဘူး၊ ကြည်နူး ကိုကို့ကို အဲလိုသဘောမျိုးနဲ့ ပြောခဲ့တာ မဟုတ်ဘူး၊ ကိုကို မကျေနပ်ရင် ကြည်နူးကို ကြိုက်သလိုအပြစ် ပေး၊ ဒါပေမယ့် ကြည်နူးကို ကိုကို အဲလိုတော့မပြောနဲ့၊ ကြည်နူး



ကြည်နူး တကယ်ဝမ်းနည်းတယ်သိလား၊ အဟင့် ဟင့် ဟင့်"

မျက်ရည်လွယ်သူ သူမ မျက်ရည်တွေ ကျလာပြန်၏။ အပြောခံရ၍ ပြောခံရသူက စိတ်ဆိုးရမလား မှတ်ပါသည်။ ခုတော့ အပြစ်က ပြောင်းပြန်။

ပြောသည့်လူက မျက်ရည်တွေနှင့်။ ကိုယ်ကပင် သူ့ကို ပြန်၍ချော့နေရမည်မို့ အင်း ချစ်ကြည်နူး ဒီမိန်းကလေး မလွယ် တာတော့ နည်းနည်းလေးမှ မလွယ်။

မျက်ရည်ဝိုင်းနေသော မျက်ဝန်းပြာကြီးနှင့် သူ့အားကြည့် နေသော သူမကို လှစံအောင် တကယ်တော့ စိတ်မဆိုးရက်ပါ။

သို့သော် ဆိုးလွန်းသော သူမကို တမင်ပညာပေးချင်၍ လှစံအောင် ထိုစကားကို တမင်ပြောလိုက်ခြင်းဖြစ်သည်။

မပြောလို့ကလည်း မဖြစ်။

သူ ဒီလိုသာ မဟန့်တားခဲ့လျှင် သူမ ဒီထက်ပိုမပြောပါဟု အယ်သူမှ အာမမခံရဲ။ ဒီလိုဆိုပါက သူသာ အရှက်ရဖွယ်ရှိတော့ သည်။

"တိတ်…မငိုနဲ့၊ မျက်ရည်တွေသုတ်၊ ပြောလိုက်ရင် ငိုဖို့ ဓိတတ်တယ်၊ လူကောင်ကကြီးနေပြီ၊ ခုထိ လူကြီးမဆန်ချင်သေး

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ နောက်တစ်ခါ မင်း အဲလိုပြောရင် နာမယ်မှတ်၊ လာသွားမယ်''

ကြိမ်းဝါးစကားသံတွေနှင့်အတူ ပြောလည်းပြောလုံအောင်သည် ချစ်ကြည်နူး လက်လေးတစ်ဖက်ကို ဖျတ်ခနဲ တင်းတင်းလေးဆုပ်ကိုင်ဆွဲကာ ဧည့်ခံပွဲဆီသို့ ပြန်လျှောက်လာခဲ့သည်။

ခုတော့လည်း ချစ်ကြည်နူး မျက်ဝန်းအိမ်ဝယ် မျက်ရည်တွေသည် မရှိတော့။ ပြုံးရွှင်နေသော မျက်နှာလေးနှင့် လုံအောင်နောက်ပါး ပါလာခဲ့ရသည်။

သူမ သိနေပါသည်။ ကိုကိုသည် သူမ မျက်ရည်ဒဏ်ကို မခံနိုင်ဆိုတာ။ သူမထင်သလို တကယ်လည်း သေချာနေပါသည်။

ကဲ…ကိုကိုလုံအောင် ရှင်ဘာတတ်နိုင်သေးလဲဆိုသည့် စကားတွေနှင့် ချစ်ကြည်နူးမျက်နှာလေးထက် အပြုံးပန်းတွေ ဝေဆာနေရတော့သည်။

□ □ □

## အခန်း (၃)

''တူ…တူ…တူ''

''ဟဲလို''

''ကိုကိုလား''

''ဟုတ်တယ်၊ ခု ကြည်နူး ဘယ်ကဆက်နေတာလဲ''

''ကိုကို''

''ဟင်…ကြည်နူး၊ ဘာဖြစ်လို့လဲ၊ ဘာဖြစ်နေတာလဲ''

ဖုန်းထဲမှနေ ငိုသံလေးစွက်နေသည့် ချစ်ကြည်နူးအသံလေး နားထောင်ပြီး လုံအောင် သူမအတွက် စိုးရိမ်သွားရသည်။

သူမလေး ဘာဖြစ်နေသည်လဲ။

အသံက ဝမ်းနည်းမှုတွေ ပါဝင်နေသလို။

www.burmeseclassic.com

www.burmeseclassic.com



"ကြည်နူး ပြောစမ်း၊ ဘာဖြစ်လို့လဲဆိုတာ၊ အခုဘယ်မှာလဲ"

"ကိုကို ကြည်နူး ကိုကို့ဆီ လာချင်တယ်"

"အခုလား"

"အင်း"

"ကြည်နူးဘယ်မှာလဲ၊ ကိုကိုလာခေါ်မယ်"

"ဟင့်အင်း…ကြည်နူးဘာသာ လာခဲ့မယ်"

ပြောပြီး ဖုန်းလေးချသွားလေ၏။

ဟင်း။

လှစံအောင် သက်မချလိုက်သည်။

သေချာပါသည်။ သူမ တစ်ခုခုဖြစ်နေပြီဆိုတာ။ သူမ[illegible]မှ ဒီလိုဝမ်းနည်းလှိုက်လှဲသံမျိုး လှစံအောင် တစ်ခါမှ မကြားခဲ့[illegible]ပါ။

သူမ ကြည့်ရသည်မှာ ဝမ်းနည်းစရာတစ်ခုခုနှင့် ကြုံ[illegible]သည့်ပုံ။ ဘယ်အရာကများ သူမကို ဝမ်းနည်းစေရပါသည်[illegible]

သူမအတွက် စိုးရိမ်မှုတွေနှင့်မို့ အလုပ်သာ သူလုပ်[illegible]ပါသည်။ ရင်ထဲမှာတော့ တစ်ခုခု လစ်ဟာနေသလို မနေတ[illegible]



အောင်ပင်။

သူမအသံကို ကြားရပြီးကတည်းက လှစံအောင် တစ်ယောက် အလုပ်လုပ်လို့သာ လုပ်နေရပါသည်။ စိတ်နှင့်လူက မတပ်တော့။ လုပ်သမျှအားလုံး အမှားမှားအယွင်းယွင်းတွေသာ။

သူ စောင့်မျှော်နေဆဲမှာပင် ချစ်ကြည်နူး သူ့ဆီ ရောက်ရှိလာသည်။

"ကိုကို"

သူ့ကိုမြင်သည်နှင့် ချစ်ကြည်နူး ဟန်မဆောင်နိုင်တော့။ [illegible]ငိုမဲ့မဲ့မျက်နှာက တုန်ယင်လှိုက်ဖြာသောအသံလေးနှင့် သူ့ရင်ခွင်[illegible]သို့ သူမကိုယ်လေး တိုးဝင်လာလေသည်။

လှစံအောင်မှာ သူမကိုယ်လေးကို အလိုက်သင့်ပွေ့ဖက်[illegible]ရင်း

"ကြည်နူး…ဘာဖြစ်နေတာလဲဆိုတာ ကိုကို့ကိုပြောစမ်း၊ [illegible]ကြည်နူး တစ်ခုခုကို ခံစားနေရလား"

"အဟင့်…ဟင့်…ဟင့်"

"ကိုကိုရယ်"

ချောမည့်သူရှိမှ ပို၍ငိုချင်သည်က လူ့သဘာဝပဲ။ ခုလည်း

www.burmeseclassic.com

www.burmeseclassic.com



ချစ်ကြည်နူးမှာ သူကေိုချော့မည့် ရင်ခွင်ထဲ ရောက်သည်နှင့် မျက်ရည်တွေ ထိန်းမရတော့။

ပါးပြင်နုနုထက်ဆီ ဝိုးဝိုးပေါက်ပေါက် ကျဆင်းနေရသည်။

"ဟာကွာ…ကြည့်စမ်း၊ မျက်ရည်တွေနဲ့၊ ကြည်နူး ဘာဖြစ်လဲဆိုတာ ကိုကို့ကို မင်းပြောစမ်း"

စိုးရိမ်မှုတွေက သူ့ရင်ကို တားဆီးလို့မရတော့။ ဝမ်းနည်းတကြီး ရှိုက်ငင်စွာ ငိုကြွေးနေပုံက တကယ့်ကို သူမ ခံစားနေရသည့်ပုံ။

သူမ ဘာတွေ ဒီလောက်ခံစားနေရပါသည်လဲ။

"ကိုကို"

"ကြည်နူး"

"အဟင့်…ဟင့်…ဟင့် ကိုကို ကိုကိုကျော်ဆက်"

"ကျော်ဆက်….ကျော်ဆက် ဘာဖြစ်လို့လဲ ကြည်နူး"

"အဟင့်…ဟင့်…ဟင့် သူ သူ လက်ထပ်တော့မယ်"

"ဘာ"

"ကိုကိုကျော်ဆက် လက်ထပ်တော့မယ်တဲ့ ကိုကို"



ကြည်နူးရယ်။

သက်မမောများကို လှစံအောင် ခုမှချနိုင်တော့သည်။

"ကိုကိုက ဘာများလဲလို့ကွာ၊ ကိုကိုစိုးရိမ်တာက ကြည်နူး နူး တစ်ခုခုဖြစ်ခဲ့သလားလို့"

"ဟင်…ဒါဖြင့် ကိုကိုက ကိုကိုကျော်ဆက် လက်ထပ်တော့မယ်ဆိုတာ သိနေတယ်ပေါ့"

"ဟုး"

လှစံအောင် သက်ပြင်းမောတစ်ချက် မှုတ်ထုတ်ပစ်လိုက်သည်။

"ကြည်နူးမေးတာကို ကိုကိုဖြေပါ၊ ဒီကိစ္စ ကိုကိုသိနေတယ်မဟုတ်လား"

သူမစကားကို လှစံအောင် မကြားချင်ယောင်ဆောင်၍ နေတော့ပါ၏။

သူ့ထံက အဖြေတစ်ခုကို မျှော်လင့်ကြီးစွာစောင့်နေသည့် ချစ်ကြည်နူးကိုသာ ကြင်နာသောမျက်ဝန်းများဖြင့် နားလည်စွာ စိတ်ကြည့်ရင်း ခေါင်းညိတ်ပြလိုက်သည်။

"ကိုကို"

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်စွာ အားကိုးရာမဲ့သွားသည့် သူတစ်ယောက်၏ ဝမ်းနည်းမှုမျိုး။

လှစံအောင်ရင်မှာ ထိနိုက်သွားရသည်။

တစ်လိမ့်ချင်း စီးဆင်းကျနေသည့် မျက်ရည်တွေက ပါးပြင်ပေါ် ရွှဲနစ်နေသလို နှုတ်ခမ်းဖူးဖူးလေးကို သွားစွယ်ချွန်ချွန်လေးဖြင့် ဖိကိုက်ထားသည်မှာလည်း နှုတ်ခမ်းသားလေးများပင် ပေါက်ထွက်လုမတတ်။

"ကြည်နူးမေးတာကို ကိုကိုဖြေပါ၊ ဒီကိစ္စ ကိုကိုသိနေတယ်မဟုတ်လား"

သူမစကားကို လှစံအောင် မကြားချင်ယောင်ဆောင်၍ မရတော့ပါ။

သူ့ထံက အဖြေတစ်ခုကို မျှော်လင့်ကြီးစွာစောင့်နေသည့် ချစ်ကြည်နူးကိုသာ ကြင်နာသော မျက်ဝန်းများဖြင့် နားလည်စွာ စိုက်ကြည့်ရင်း ခေါင်းညိတ်ပြလိုက်သည်။

"ကိုကို"

ယုံကြည်စွာ အားကိုးရာမဲ့သွားသည့် သူတစ်ယောက်၏ ဝမ်းနည်းမှုမျိုး။





လှစံအောင်ရင်မှာ ထိနိုက်သွားရသည်။

တစ်လိမ့်ချင်း စီးဆင်းကျနေသည့် မျက်ရည်တွေက ပါးပြင်ပေါ် ရွှဲနစ်နေသလို နှုတ်ခမ်းဖူးဖူးလေးကို သွားစွယ်ချွန်ချွန်လေးဖြင့် ဖိကိုက်ထားသည်မှာလည်း နှုတ်ခမ်းသားလေးများပင် ပေါက်ထွက်လုမတတ်။

ကြည်နူးရယ်။

မင်းလေး သိပ်ခံစားနေရပြီလား။

သူ မကြည့်ရက်တော့ပါ။

ကြည့်နိုင်စွမ်းလည်း သူ့ရင်တွင်မရှိ။

သံယောဇဉ်ထားရသည့် မိန်းကလေးတစ်ဦး၏ ပေါက်ကွဲအောင် ခံစားမှုများကို သူဘယ်လိုအင်အားမျိုးနှင့် ကြည့်နိုင်စွမ်းရှိတော့မှာတဲ့လဲလေ။

ကျော်ဆက် ဒါတွေအားလုံးဟာ ကျော်ဆက်ကြောင့်ဖြစ်ရတာတွေသာ။

ချစ်ကြည်နူး စိတ်ထဲမှာတော့ အံ့သြမှုတွေနှင့် နာကျင်နေသည်။ သူမ ဘယ်လိုမှ မထင်ထားသည့်အဖြစ်။

ကိုကိုသည်လည်း ဒီအကြောင်းတွေ သိနေသည်တဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



ရှက်ဖို့ကောင်းလိုက်တာ။ သူမမှာတော့ ကိုကိုမသိသေးဘူးအထင်နှင့် အားကိုးတကြီး လာခဲ့တာ။ ခုတော့…

ရက်စက်လိုက်တာ၊ သိပ်ရက်စက်တာပဲဆိုသည့် စကားတွေကို ရင်မှာ နာကျင်စွာဆိုရင်း ချစ်ကြည်နူး လှစံအောင်ရင်ခွင်ထဲက ရုန်းထွက်လိုက်တော့…

"ကြည်နူး"၊

"ဟင့်အင်း…ကိုကို့ကို ကြည်နူး မုန်းတယ်"

ချစ်ကြည်နူးမှာ လှစံအောင်ကို တကယ်ပင် ဒေါသဖြစ်နေလေသည်။ နည်းနည်းမှ မကျေနပ်။

ကိုကိုကျော်ဆက် လက်ထပ်မည့်အကြောင်း သူမက နောက်ဆုံးမှ သိခွင့်ရသူ။ ထိုအသိက သူမရင်ထဲက ပျောက်လို့မ နိုင်။

တကယ်ဆို သူမ ကိုကို့ကို ဘယ်လောက်ထိ ချစ်မှန်းသ ပါရက်နှင့်။ ကိုကိုကျော်ဆက်ဆိုတာ သူမဘဝထဲက ဖယ်ခွာ၍ မရနိုင်သူ။ သူမကလွဲလို့ ကိုကို့အချစ်တွေကို တခြား ဘယ်သူကို မှ ခွဲဝေမပေးနိုင်။

ဒါ ညီမတစ်ယောက်က အစ်ကိုတစ်ယောက်အပေါ် အတ္တ





ဆန်တဲ့အချစ်လည်း ဖြစ်ကောင်းဖြစ်နိုင်ပါလိမ့်မည်။

ဒါပေမယ့် သူမ ဒါတွေကို ဂရုမစိုက်ပါ။ ဘဝမှာ တစ်ဦးတည်းသော အားထားရာဖြစ်ခဲ့သည့် ကိုကို့ကိုသာ သူမဘဝလေးထဲက ဖယ်ထုတ်ခွင့် မပေးနိုင်ခြင်းပင် ဖြစ်သည်။

ကိုကို လက်ထပ်တော့မည်ဟူသော စကားကို သူမ ကြားကြားချင်း အရမ်းကို တုန်လှုပ်ခဲ့ရသည်။

ရုတ်တရက်တော့ မယုံနိုင်ခဲ့။

သို့ပေမယ့် မယုံ၍လည်း မရခဲ့။

လေးနက်တည်ကြည်သော ကိုကို့စကားတွေက ချစ်ကြည်နူးအတွက် ယုံမှားဖွယ်ရာ မရှိတော့ပါ။

သည်အတွက် သူမ ကိုကိုလှစံအောင်ဆီ အားကိုးတကြီး အပြေးလေး ထွက်လာခဲ့ပါသည်။

ချစ်ကြည်နူးဘဝမှာ ကိုကိုကျော်ဆက်ပြီးလျှင် အားအကိုးဆုံးလူက ကိုကိုလှစံအောင်သာ ဖြစ်ပါသည်။

သူမကို ငယ်စဉ်ကတည်းက အရိပ်တကြည့်ကြည့်နှင့် ကိုကိုကျော်ဆက်နည်းတူ ဂရုစိုက် အလိုလိုက်ကာ ကြင်နာခဲ့သူလည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ သူမကို အလိုလိုက် ကြင်နာခဲ့ပါသည်ဆိုသော သူက သူမဘက်တွင် မရှိတော့။ ဘယ်အချိန်ကပင် ကိုကိုကျော်ဆက်၏လူ ဖြစ်သွားရသည်မသိပါ။ ကိုကိုကျော်ဆက် လက်ထပ်သည့်အကြောင်း သူမ နောက်ဆုံးမှသိခွင့်ရသူ။

တကယ်ဆို ကိုကိုလှစံအောင်သည် သူမရင်ထဲက ဝေဒနာများကို မသိမဟုတ်။ သိခဲ့ပါရက်နှင့် သူသာ ကိုကိုကျော်ဆက်ကို တားခဲ့ပါလျှင်…။

ဖိကိုက်ထားရလွန်းသဖြင့် နှုတ်ခမ်းလေးမှာ ပေါက်ထွက်မတတ်။

"ကြည်နူး"

သူခေါ်သံကို သူမ မကြားသလို ကျောခိုင်းပစ်လိုက်သည်။ သူနှင့် မျက်နှာချင်းမဆိုင်ချင်တော့။

"ကြည်နူး…ကိုကိုခေါ်နေတယ်လေ"

ခေါ်ပေါ့။ သူခေါ်တာကို သူမ ဂရုစိုက်ရမှာတဲ့လား။ နှုတ်ခမ်းလေးက ပို၍ဆူလာရသလို။

သူမနှင့်, ငယ်ငယ်ကတည်းက အတူနေလာခဲ့ရသူမို့ လှစံအောင် သိပါသည်။ သူမလေး သူ့အပေါ် စိတ်ကောက်နေပြီ



ဆိုတာ။

တကယ်တော့ ကျော်ဆက် လက်ထပ်မည့်အကြောင်းကို လှစံအောင်ကိုယ်တိုင် မကြာသေးမီကမှ သိခဲ့ရသည့်သူ။

အားလုံး ပြောဆိုတိုင်ပင် ပြင်ဆင်ပြီးကာမှ ကျော်ဆက်သည် သူ့အား ဖွင့်ပြောခဲ့လေသည်။

သူသိသည့်အချိန်က နောက်ကျနေခဲ့ပြီ။ ကျော်ဆက်သည် သူ့အား နောက်ကျမှ ဖွင့်ပြောခဲ့ခြင်းသည် အကြောင်းရှိပါလိမ့်မည်။

ဒါကလည်း သူသာ ဒီသတင်းကို သိသွားပါက ချစ်ကြည်နူးထံ ရောက်သွားမှာကို ကျော်ဆက်သည် စိုးရိမ်ဟန်တူပါ၏။

တကယ်တော့ ဒါကလည်း ကျော်ဆက်အပြစ် မဟုတ်။ ချစ်ကြည်နူးသည် ကျော်ဆက်အား ဘယ်မိန်းကလေးတစ်ယောက်နှင့်မှ လက်မထပ်စေချင်။

အစ်ကိုနှင့်ညီမ နှစ်ယောက်တည်းသာရှိသည့် ဘဝမှာ အစ်ကို့ကို ခင်တွယ်စိတ်နှင့် သူမဘဝထဲက ပေးမထွက်စေချင်သည်ဆို သူမအား လောဘကြီးသည်လို့လည်း ပြော၍မရပြန်။

အစ်ကို့ကို ချစ်တတ်လွန်းသည့် ညီမတစ်ယောက်၏

www.burmeseclassic.com



အချစ်လွန်ကဲမှုသာ ဖြစ်ပါလိမ့်မည်။

ဒါကို ဘယ်သူမှ မသိရင်နေ လှစံအောင်ကတော့ သူမကို သိနားလည်နေရပါ၏။

ဒါကြောင့်လည်း သူမကို အပြစ်မယူရက်ဘဲ…

"ကိုကိုပြောတာကို နားထောင်စမ်း ကြည်နူး၊ ကြည်နူးကို ဘယ်သူမှ နားမလည်ရှင်နေ၊ ကိုကိုကတော့ ကြည်နူးရင်ထဲက ခံစားမှုတွေကို နားလည်တယ်၊ အဲဒီအတွက် ကြည်နူးဘက်မှာ ကိုကို ..ဘမ်းရှိနေတယ်"

"မယုံဘူး…မယုံဘူး၊ ဒါ ကိုကို ကြည်နူးကို လိမ်တာ၊ ကိုကို ကြည်နူးဘက်မှာ ရှိတယ်ဆို၊ ကိုကိုကျော်ဆက် လက်ထပ်တော့မှာကို နောက်ဆုံးမှ သိခွင့်ရသူက ကြည်နူးမဖြစ်နိုင်ဘူး"

လှစံအောင် ပြုံးလိုက်သည်။

သူ့အပေါ် သူမအနေနှင့် ဒီထက်ပိုကာ စိတ်ဆိုးသင့်ပါသည်။ တစ်ခုပဲ သူ စိုးရိမ်ပါ၏။

သူမလေး ခံစားနေရမည်ကိုပင်။

"ကြည်နူး သိပါတယ်၊ ကိုကိုတို့အားလုံး ကြည်နူးကို ကလေးတစ်ယောက်လို သဘောထားပြီး လူရာမသွင်းဘူးဆိုတာ၊



ဒါကြောင့် ကြည်နူးကို ဘာမှမပြောကြတာပေါ့"

လှစံအောင် စိတ်မကောင်းဖြစ်သွားရသည်။

ခက်တာက သူမတို့မောင်နှမနှစ်ယောက်ကြား သူ ဘယ်လိုမှ ဝင်ပါလို့မရသည့် အခြေအနေ။

ကြည်နူးဘက်ကို ကြည့်ပြန်ရင်လည်း ကျော်ဆက် နစ်နာ ပါလိမ့်မည်။ ဒီလိုတော့လည်း သူ မဖြစ်စေချင်။

ကျော်ဆက်ဆိုတာ အသက်အရွယ်အရရော၊ ဂုဏ်ပညာ ထင်အတန်းနှင့်မှ မိန်းမတစ်ယောက်ကို လက်ထပ်ရန် အကောင်း ဆုံးအရွယ်။

ပြီးတော့ သူလက်ထပ်မည့်သူက သူ့ဘဝ၏ ငယ်ချစ်ဦး ကလေး။ နှစ်ရှည်ကြာစွာ ချစ်လာခဲ့သည့် ချစ်သူနှစ်ဦးအတွက် ပေါင်းဆုံခွင့်သည် သူတို့နှစ်ဦးအတွက်တော့ ရှိသင့်ပါ၏။

ဒါကို တစ်ကိုယ်ကောင်းဆန်သည်လို့လည်း ပြော၍မရ။ သူတို့အတွက် နောက်ဆုံးအဖြေသည် ပေါင်းစည်းခြင်းပင် မဟုတ် လား။

ဒါကို အထင်အမြင်လွဲကာ နားလည်မှုလွဲမှားနေသည်က ထဲတွင်ရှိသည့် ချစ်ကြည်နူးဆိုသည့် မိန်းကလေး။

www.burmeseclassic.com

www.burmeseclassic.com



သူ…သူ့မကို နားလည်အောင် ပြောရပေဦးမည်။

"ပွင့်ချိန်တန်လာတဲ့ ပန်းတစ်ပွင့်ကို မပွင့်ပါနဲ့လို့ ဘယ်သူ ကမှ တားဆီးလို့မရသလို ကျော်ဆက်နှလုံးသားထဲက ပွင့်လန်းလာ တဲ့ အချစ်ပန်းကိုလည်း ကြည်နူး ဘာလို့ တားချင်နေရတာလဲ ခွင့်ပြုလိုက်ပါ"

"ဟင်…ကိုကို ဘာပြောတယ်"

"ကျော်ဆက်လက်ထပ်မှာကို ခွင့်ပြုလိုက်ပါ ကြည်နူး"

"ဒါ…ကိုကို ကြည်နူးကို နားလည်တာလား၊ ကြည်နူး ကို နားလည်ပါတယ်ဆိုတဲ့ လူတစ်ယောက်က ဒီစကားမျိုး ပြောရက်သေးလား"

အကြည့်တွေက နင့်သည်းနေရုံမက မျက်နှာလှလှလေး ကလည်း ပြိုတော့မည့်မိုးလို အုံ့မှိုင်းလျက် မျက်ရည်တွေ စီးကျ လာရသည်။

"ကိုကို မကောင်းဘူး၊ ကိုကိုတို့နှစ်ယောက်လုံး အတူတူ ပဲ၊ ကြည်နူးကို နှိပ်စက်နေကြတာ၊ ကြည်နူး သေတာပဲကောင်း တယ်၊ အဟင့် ဟင့်"

ပြောရင်းက ငိုချလိုက်သဖြင့် လှစံအောင်မှာ မျက်နှာပျက်



သွားရသည်။

"ဟာ…ဟိုတ် မငိုနဲ့လေ၊ ကြည်နူး"

"ငိုမယ်…ငိုမယ်၊ ကိုယ့်မျက်ရည်နဲ့ကိုယ်ငိုတာ ဘာဖြစ် သေးလဲ၊ ဟီး…အဟင့်…ဟင့်…ဟင့်"

ပြောကာမှ ပိုဆိုးကာ ကလေးတစ်ယောက်လို တအီးအီး နှင့် ငိုချလိုက်သည့် မရွှေချောကို လှစံအောင် ကြည့်ကောင်းကောင်း နှင့် ငေးကြည့်နေလိုက်သည်။

ကြည့်စမ်းပါဦး။

သူ ငယ်စဉ်ကတည်းက ချီပိုးထိန်းကျောင်းခဲ့ရသူလေးက ခုတော့ တကယ့်ကို အရွယ်ရသည့် မိန်းမပျိုတစ်ယောက် ဖြစ်နေပြီ ပဲ။

လှစံအောင်မှာ ဖြူစင်ဝင်းကြည်သော အလှတွေနှင့် ကလေးမ၏ မျက်နှာလေးကို ချစ်စနိုး ပြုံးကြည့်လိုက်သည်။

ရွှန်းလက်ဝိုင်းစက်သော မျက်ဝန်းပြာကြီးကို စုံမှိတ်လျက် နှုတ်ခမ်းလေးထူအာအာ စူတူတူ ကောက်ချိတ်မျက်နှာ မှုန်ကုတ် ကုတ်လေးနှင့် မျက်ရည်ပေါက်ကြီးများ ကျသည့်အထိ အတင်းပင် ဖျစ်ညှစ်ငိုနေသော ကလေးမကိုကြည့်ပြီး သူ ဘာလုပ်ရမည်ပင်

www.burmeseclassic.com

www.burmeseclassic.com



မသိတော့။

မငိုပါနှင့်ဟု ပြောလို့ကလည်းမရ။

ချော့နေသည့် သူ့ကိုပင် ရှိုက်ထေ
ုင်နေသေးသည့် သူမ
လေးကို လှစ်အောင် ဒီအတိုင်းပင် လွှတ်ထားလိုက်သည်။

ငိုပါစေ သူမစိတ်ကြိုက် စိတ်ရှိသလောက် ငိုပါစေတော့ ဆိုသည့် အတွေးနှင့် လှစ်အောင် သူမအား ဒီအတိုင်း လွှတ်ပေးထားလိုက်သည်။

သူမ ငိုချင်သလောက် ငိုစမ်း၊ ဒီအခန်း၏ သူကုမ္ပဏီ၏ သီးသန့်ရုံးခန်း။ ဒီတော့ သူမအတွက် လွတ်လပ်နေရသည်က အမှန်။

"ကိုကို နိုင်ငံခြားက ပြန်ရောက်ကတည်းက ခြေလှမ်းတွေ ပျက်နေတာ ကြည်နူး သိတယ်၊ ဒါပေမယ့် ကိုကို ဒီထိအောင် ရက်စက်လိမ့်မယ်လို့ ကြည်နူး ထင်မထားဘူး၊ ပြောတော့ ကြည်နူးကို ချစ်တယ် ချစ်တယ်နဲ့၊ ဒါလား ကြည်နူးကိုချစ်တာ၊ ကိုကိုသာ ကြည်နူးကို တကယ်ချစ်ရင် ခုလို မိန်းမယူပါ့မလား၊ အဟင့် ဟင့်"

ကလေးတစ်ယောက်လို မကျေနပ်စွာ ငိုလည်းငို



ပြောလည်းပြောနှင့် အလုပ်တွေရှုပ်နေသော ချစ်ကြည်နူးကို [illegible]အောင် ပြုံးစေစေနှင့် ကြည့်ရင်း သက်ပြင်းတစ်ချက်ချကာ…

"ကြည်နူး ထင်သလိုလည်း မဟုတ်ပါဘူး၊ ကျော်ဆက် — ကြည်နူးကို ချစ်ပါတယ်"

"ဘာချစ်တာလဲ၊ ချစ်တဲ့လူက ဒီလိုလုပ်ပါ့မလား၊ ဒီထဲ — ကိုကိုကလည်း အလိုတူအလိုပါပဲ မဟုတ်လား"

ပြောရင်းက သူ့ကိုပါ ဆွဲထည့်လိုက်တာမို့ လှစ်အောင် [illegible]မှောင်ကြီးကြုတ်ရင်း…

"ဟိတ်…ဟိတ် ညည်းလေး ကျုပ်ကို ဆွဲမထည့်နဲ့နော်၊ [illegible]ဆက်က သူ့အိမ်ထောင်ရေးကိစ္စကို သူ့ဘာသာသူ ဆုံးဖြတ်ခဲ့ — အဲဒီအတွက် ကျော်ဆက်ကို မှားတယ်လို့ မပြောနိုင်ဘူး"

"ဟင်…ဒါဖြင့် ကြည်နူးက မှားတယ်ပေါ့ ဟုတ်လား"

ဝမ်းနည်းမှုတွေကြောင့် တဆတ်ဆတ်တုန်နေသော [illegible]ခမ်းလေးက သွေးများပင် စို့နေရပြီ။

"မဟုတ်တာ ကြည်နူးလည်း မမှားပါဘူး"

"ဒါဖြင့်ရင် ကိုကို့ကို ကြည်နူး ဒီအတိုင်းပဲ လက်လွှတ် [illegible]လိုက်ရတော့မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကြည်နူးရယ်…ကလေးမဆန်ချင်စမ်းပါနဲ့၊ ကိုကိုပြော တာကို မင်း သေချာနားထောင်စမ်းပါ၊ ကြည်နူးမိဘတွေ မရှိတော့ ကတည်းက ကျော်ဆက်ဟာ သူ့ဘဝတစ်ခုလုံးကို ညည်းလေး အတွက်ပဲ မြုပ်နှံခဲ့တဲ့သူဆိုတာ ကိုကိုအသိဆုံးပါ၊ သူ့ဘာလုပ်လုပ် ကြည်နူးအတွက်ဆိုတာ ကြည်နူးလည်း သိနေတယ်"

"ကိုကိုပြောချင်တာက ခုလက်ထပ်တာကလည်း ကြည်နူးအတွက်ပဲလို့ ပြောတာလား"

"ကျော်ဆက်ကို ကြည်နူး သိပ်ချစ်တယ်မဟုတ်လား သူ့ဘဝတစ်လျှောက်လုံးမှာ အထီးကျန်ဆန်မှုတွေနဲ့ ဖြတ်သန်းကု ဆုံးမှာကိုရော ကြည်နူး ကြည့်နေနိုင်ရက်လား"

သူ့စကားအဆုံး ကြည်နူးသည် မျက်ခုံးလေး ကုပ်ကျေ လျက် ငြိမ်သက်သွားလေသည်။

လှစ်အောင်မှာ သူမကို တစ်ချက်အကဲခတ်ရင်း…

"ကျော်ဆက်ကို တကယ်ချစ်တယ်ဆိုရင် ကျော်ဆက် စိတ်ချမ်းသာမှုကို ကြည်နူး မမြင်မတွေ့ချင်ဘူးလား"

မျက်တောင်လေး ပုတ်ခတ် ပုတ်ခတ်နှင့် ချစ်ကြည်နူး စဉ်းစားနေလေသည်။ ဘာပဲပြောပြော သူ့စကားကို သူမ နားလ



သွားသည်မို့ လှစ်အောင်မှာ အားတက်သွားကာ…

"တကယ်ဆို ကြည်နူးအတွက် အဖော်တောင်ရပါသေး ဦးမယ်"

"အို…ဘာအဖော်လဲ၊ ဘာအဖော်မှ မလိုချင်ဘူး၊ ဒါ ကိုကိုက ဒီကိစ္စကို မတားဘူးဆိုတဲ့ သဘောလား"

ကျွတ်…သေပါတော့ကွာ။

သူ့မှာတော့ သူမလေး သူ့စကားကို နားဝင်ပြီအမှတ်နှင့် ပြောလိုက်ရတာ။ ပြီးတော့လည်း တကယ်မဟုတ်။

သူ့စကားကို နားလည်ပြီအထင်နှင့် ပြောခဲ့သော သူ့မှာ သာ အရူးကြီးဖြစ်ခဲ့ရသည်။ သူမက ဘယ်မှာ နားလည်လို့လဲ သော။

နားမလည်သည့်အပြင် သူ့ကိုပင် အပြစ်တင်နေသေး၏။

တကယ်တော့ ကျော်ဆက်ယူမည့် အမျိုးသမီးသည်လည်း ခင်မင်နှစ်လိုဖွယ်ကောင်းသော မိန်းမချောလေးတစ်ယောက် ဖြစ်ပါ၏။

ရုပ်ရည်၊ ပညာ၊ မိဘအသိုင်းအဝိုင်း၊ ဂုဏ်ရှိန်ဂုဏ်ဝါ ဘာတစ်ခုမှ အပြစ်ပြောစရာမရှိ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျော်ဆက်နှင့်ကလည်း စိတ်တူကိုယ်တူ လုပ်ငန်းတူ ယော်ချစ်ဦးများ။ ကဲ ဘယ်လောက်များ အဆင်ပြေလိုက်သည်လဲ။

ဒါကို ကလေးမဟုတ် သူငယ်မဟုတ်နှင့် သူမလေးက ဂျီကျကျစ်တိုက်နေပြန်တော့ လှစံအောင်ပင် ကျော်ဆက်အစား ရင်မောသွားရသည်။

"မပြန်ဘူး…မပြန်ဘူး၊ ကိုကိုလည်း ကိုကို လုပ်ချင်ရာလုပ်၊ ကြည်နူးလည်း ကြည်နူးလုပ်ချင်ရာ လုပ်မယ်၊ ဒီနေ့ကစပြီး အိမ်ကိုမပြန်တော့ဘူး"

လှစံအောင်မှာ သူမစကားကြောင့် မျက်လုံးပြူးသွားရသည်။ ဒီမိန်းကလေး သူထင်တာထက်ပင် ဂျစ်ကျနေပြီ။

ကျော်ဆက်ကို အရွဲ့တိုက်ချင်တာနှင့် မတော် သူမစိတ်ထင်ရာလုပ်လျှင် အခက်။ ထိုအခါ စိတ်ပူရမည်က သူသာ။

သူ ကျော်ဆက်ထံ ဖုန်းဆက်ရလေတော့သည်။ သူမ မသိအောင် ကျော်ဆက်ထံ ဖုန်းဆက် အကျိုးအကြောင်းပြောပြီး လှစံအောင် သူမအနား ပြန်ရောက်လာခဲ့သည်။

"ကဲ…ကြည်နူး အိမ်ပြန်ကြရအောင်နော်"



"ဟင့်အင်း…ဟင့်အင်း ကြည်နူး ပြောပြီးပြီမဟုတ်လား၊ အိမ်မပြန်ပါဘူးဆို"

"မပြန်လို့ဖြစ်မလားကွ၊ လာ ကိုကိုနဲ့ အတူတူပြန်မယ်"

"မပြန်ဘူး…မပြန်ဘူး"

"ကြည်နူး"

"ဟင်…ကိုကိုကျော်ဆက်"

ခေါ်သံနှင့်အတူ သူ့ရုံးခန်းထဲသို့ ဝင်လာသူက ကျော်ဆက်။

ချစ်ကြည်နူးမှာ ကျော်ဆက်ကိုမြင်တော့ နှုတ်ခမ်းလေးစူလျက် မျက်နှာကို တစ်ဖက်သို့ လွှဲသွားသည်။

ကျော်ဆက်မှာ သက်ပြင်းချလိုက်သည်။

"အိမ်ပြန်မယ် ကြည်နူး"

"မပြန်ဘူး"

"ဘာ"

ကျော်ဆက် မျက်ခုံးကြီး တွန့်သွားရသည်။ ကျော်ဆက် သိပါသည်။ သူ၏ညီမသည် သူလက်ထပ်မည်ကို နည်းနည်းမှ သဘောမတူနိုင်တာ။

www.burmeseclassic.com

www.burmeseclassic.com



ဘာအကြောင်းရယ်မှ မရှိဘဲ ကလေးဆန်သည့် အတွေး တစ်ခုတည်းနှင့်ပင် သူ့ကို သူမလေး လက်ထပ်ရန် သဘောမတူခြင်းဖြစ်သည်။

ဒါကို ကျော်ဆက်မှာ သူမလေးအလိုကို လိုက်ဖို့ရန် မဖြစ်နိုင်။ သူလက်ထပ်မည့် သူ၏သတို့သမီးလေး မြတ်ဆိုတာက သူချစ်ရသည့်သူ။

ပြောရလျှင် သူ့ဘဝမှာ ညီမလေးပြီးလျှင် မြတ်သည် သူ၏အချစ်ရဆုံးသော ဒုတိယမိန်းကလေးလည်း ဖြစ်သည်။

ပြီးတော့ မြတ်သည် အပြစ်ဆိုဖွယ်ရာ မရှိသည့် မိန်းကလေး။ ဒါကြောင့် မြတ်ကို သူ မစွန့်လွှတ်နိုင်။

မြတ်ကို သူ မစွန့်လွှတ်နိုင်သလို ညီမလေးကလည်း သူ့အား လက်ထပ်ခွင့်ကို ရှောရှောမွန်မွန် ခွင့်ပြုလိမ့်မည်မဟုတ်။

ဒါပေမယ့် သူ တစ်ခုကံကောင်းသည်က ကြည်နူးသည် မြတ်အား သွား၍ စိတ်အနှောင့်အယှက် မပေးခြင်းပင်။

သည်အတွက် သူမလေးကို ကျော်ဆက် ကျိတ်၍ ကျေးဇူးတင်ရပါသည်။

သူမသာ စိတ်ပေါက်ပေါက်နှင့် မြတ်ဆီ ရောက်သွားလျှင် မလွယ်။ မလွယ်လို့ သူမကို အလျှော့ပေးပြန်၍လည်း မရပါ။ ချစ်ကျွနေသည့် ညီမချောကို ကျော်ဆက်သည် ချော့၍မဖြစ်သည့်မို့ မျက်နှာကြီးတည်တည်ထားလိုက်ပြီး...

"ကြည်နူးနော်...နင် ကလေးမဟုတ် ဘာမဟုတ်နဲ့ ဆိုးနဲ့၊ မြတ်ကို ငါလက်ထပ်တာနဲ့ နင့်အပေါ် မတရားလုပ်တာ မဟုတ်ဘူး၊ အရွယ်ရောက်တဲ့သူတိုင်း တစ်နေ့လက်ထပ်ကြမှာပဲ၊ ခု နင်လုပ်ပုံက အားလုံး မျက်နှာပျက်စရာဖြစ်နေပြီ၊ သိရဲ့လား ကြည်နူး"

"ကျော်ဆက်...ကြည်နူးကို ဖြည်းဖြည်းနားဝင်အောင် ပြောကြရအောင်"

"မင်းမသိပါဘူး လူစံအောင်၊ ဒီကောင်မလေးက တဖြည်းဖြည်းနဲ့ ဆိုးဆိုးလာတယ်၊ ငါ သူ့ကို အမျိုးမျိုး နားဝင်အောင် ပြောပြီးပြီ၊ မရဘူး၊ ဒါ သူသိသိကြီးနဲ့ ဆိုးနေတာ၊ ငါ့မှာ သူ့ကို ဒီလိုချည်း လိုက်ချော့မနေနိုင်ဘူး၊ အလုပ်တွေများနေတာလည်း မင်းသိရက်နဲ့"

"အို...မချော့နဲ့ မချော့နဲ့ ကိုကို့ကို ဘယ်သူက လိုက်ချော့ခိုင်းနေလို့လဲ၊ ကိုကိုသွား ကိုကို့ကို ကြည်နူး မုန်းတယ်"





www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ…ကြည်နူး နင် ငါလုပ်လိုက်ရ"

"ဟာ…ကျော်ဆက်"

မျက်နှာလှလှလေးပေါ် လက်ဝါးနှင့်အုပ်ကာ မျက်ရည် တွေနှင့်ဆိုတော့ ကျော်ဆက်မှာ မျက်နှာပျက်သွားကာ သူ့ကိုယ်ကြီး ကို ရှေ့သို့ တိုးသွားတော့ လှစံအောင်မှာ ခပ်သွက်သွက်ပင် သူ့ရှေ့ က ကာလိုက်ပြီး…၊

"မင်းပြန်တော့ ကျော်ဆက်၊ ကြည်နူးကို ငါပဲကြည့်ရှ ပြီး ခေါ်လာခဲ့တော့မယ်"

"အေး…မင်း အဲလို သူ့ရှေ့က ကာဆီးကာဆီးလုပ်နေ သူ ဒီလောက်ရောင့်တက်နေတာ လှစံအောင်"

"ဟီး…ဟီး ဟုတ်ပါတယ်၊ ကိုကို အခုတော့ ပြော ပေါ့၊ ကြည်နူးကို ကိုကိုက ချစ်မှမချစ်တော့ပဲကိုး၊ ဒါကြော ကြည်နူး ကိုကို့ဆီမှာ မနေချင်တော့လို့ ကိုကိုလှစံအောင်ဆီ ဆင်း တာ"

"ဘာ…နင် ဘာပြောတယ်"

"ကြည်နူး ကိုကိုလှစံအောင်အိမ်မှာပဲ နေတော့မယ်"

"ကြည်နူး"





"နေပါစေကွာ၊ သူ စိတ်ချမ်းသာသလိုသာ ထားလိုက် ပါတော့၊ အရင်ကလည်း မင်းနဲ့စိတ်ဆိုးတိုင်း ငါ့အိမ်မှာ လာနေတာ ပဲဟာ၊ ဒီကြားထဲ ငါ သူ့ကို ကြည့်ပြီးပြောပါဦးမယ်၊ ကြည်နူး အကြောင်းလည်း မင်းသိရက်သားနဲ့ကွာ"

"ငါတော့ မပြောချင်တော့ဘူး လှစံအောင်၊ ဒီကောင်မ လေးက သူ့ကိုယ်သူ ကလေးမှတ်နေတာ၊ မင်းရှိတော့ မင်းအားကိုး နဲ့ ပိုပြီးဆိုးတော့တာပေါ့"

"ဆိုးပါစေကွာ၊ သူ ဘယ်လောက်ဆိုးနိုင်မှာလဲ၊ ပြီးတော့ မင်းနဲ့ငါ့မှာ ဆိုးစရာဆိုလို့ ဒီတစ်ယောက်ပဲရှိတာ"

"ကောင်းကွာ…ကောင်းတယ်၊ မင်းနဲ့ကြည်နူးက တကယ်လည်း လိုက်တယ်၊ အေး မင်းတို့သဘောပဲ လှစံအောင်၊ ငါတော့ မင်းတို့နှစ်ယောက်ကို လက်မြှောက်လိုက်ပြီ"

ကျော်ဆက်မှာ သက်ပြင်းနှင့်အတူ ဆိုဖာထက် ကိုယ်ကို ထစ်ချထိုင်ရင်း စီးကရက်ထုတ်ကာ သောက်လိုက်သည်။

"မင်း စဉ်းစားစမ်းပါဦး လှစံအောင်ရာ၊ ငါ တစ်သက် လုံး သူ့အလိုလိုက်လာတာ သူ့မျက်နှာငယ်မယ့်ကိစ္စမှန်သမျှ ငါ ဘာမှမလုပ်ခဲ့ဘူး၊ ဒါကို သူလည်းသိသင့်တယ်၊ ကျောင်းသွားပြီး သွားတယ် လူက ခုထိ ကလေးစိတ်မကုန်ချင်ဘူး၊ ထစ်ခနဲဆို



www.burmeseclassic.com

www.burmeseclassic.com



သူဖြစ်ချင်တာ ဖြစ်ရမှ''

''ဖြစ်ချင်တာ ဖြစ်ရမှလို့ မပြောပါနဲ့နော်၊ ကြည်နူး ဖြစ်ချင်တိုင်း ဖြစ်ရလို့လား''

''တယ်လေ…ငါ့ကို ဘာပြန်ပြောနေတာလဲ''

''ကျော်ဆက်…မင်းကွာ''

ကျော်ဆက် လက်နှင့်ရွယ်တော့ ချစ်ကြည်နူး ဇက်လေးပုသွားကာ လူစံအောင်ကိုယ်ကြီးနှင့် ကွယ်လိုက်လေသည်။

''မင်း သူ့ကို နိုင်တယ်ဆိုရင် ငါဘာမှမပြောတော့ဘူး လူစံအောင်၊ မင်းလက်ထဲမှာပဲ ငါ စိတ်ချလက်ချထားခဲ့တော့မယ်၊ ငါ့မှာ အလုပ်တစ်ဖက်နဲ့ အချိန်အရမ်းဆင်းရဲနေတာ မင်းလည်းသိတယ်''

''အေးပါကွာ…သိပါတယ်၊ ကဲ မင်းသာ စိတ်ချလက်ချ ပြန်၊ ကြည်နူးတာဝန် ငါယူတယ် ဟုတ်လား''

''မင်းကြောင့်ကို ဒီကောင်မလေး ရောင့်တက်နေတာ''

''ဟုတ်ပါပြီကွာ၊ ငါ့အပြစ်ပဲထားပါတော့''

''ကဲ…ဒါဆို ငါသွားမယ်၊ တော်သေးတယ်လို့ ပြောရမယ်၊ မြတ်နဲ့ ငါ့မင်္ဂလာကိစ္စက လူကြီးတွေနဲ့ ပြောဆိုပြီးပေမယ့် မင်္ဂလာပွဲအတွက် အချိန်တွေကျန်နေသေးလို့''



''အေး…ကျန်မှပဲကွာ၊ မဟုတ်ရင်တော့ မင်းတို့မောင်နှမကြား ငါ သေဖွယ်ရှိတော့တယ် ကျော်ဆက်''

''ဒါတော့ မင်းအပြစ်နဲ့မင်းပဲ မောင်''

''ဘာကွ''

''ဒီကိစ္စက မင်း ဒီချာတိတ်မကို အလိုလိုက်လွန်းလို့ဖြစ်ရတာတွေပဲ၊ ဒီတော့ မင်းခံပေဦးတော့ပေါ့''

''ကောင်းကွာ''

ကျေနပ်သလို သူ့ပခုံးကို အပြုံးတွေနှင့်ပုတ်ကာ ထွက်သွားသည့် ကျော်ဆက်ကို လူစံအောင် မချင့်မရဲကြီးနှင့် ကြည့်ရင်းတစ်ဖက်သို့ သူ့ကိုယ်ကြီး လှည့်လိုက်သည့်အခါမှာတော့ သူ့အား ကြည်စင်နက်မှောင်သော မျက်ဝန်းပြာကြီးနှင့် ကြည့်နေပါသည့် ချစ်ကြည်နူး။

ဟင်း…။

အပူမရှာချင်၍ တစ်ကိုယ်တည်း လူပျိုကြီးဘဝနှင့်နေလာခဲ့သူ သူ့မှာ ခုတော့ အပူမရှာပါဘဲ အပူက သူ့အလိုလိုအင်း သူ့ထံကို ရောက်လာခဲ့လေပြီ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ကိုကို"

"ဟဲ့ ...ဘာလဲ"

"ကိုကိုက ဘာမှန်းလည်းမသိဘူး၊ ဒီစာအုပ်ကြီးပဲ ဖတ်နေတော့မှာလား"

"ရော်...ညည်းနှယ် ဘာဖြစ်လို့လဲ၊ ကဲ ပြောစမ်း ကိုကို စာအုပ်တွေဖတ်တာ ညည်းလေးကို ဘယ်လိုထိခိုက်နေလို့လဲ ဆိုတာ"

လှစံအောင်မှာ သူ့လက်ထဲက ဖက်လက်စ စာအုပ်ကြီး ကို ဘေးသို့ချကာ နှုတ်ခမ်းတစူစူနှင့် သူ့အား ရန်ထောင်နေသော ချစ်ကြည်နူးအား မေးလိုက်သည်။



ချစ်ကြည်နူးမှာ လှစံအောင်နားတွင် မျက်နှာလေး စူပုပ် စွပ်နှင့် ထိုင်လိုက်ရင်း...

"အလုပ်လေးအားလို့ ပူဆာမယ်မှတ်ပါတယ်၊ တကယ် တည်း မနက်မိုးလင်းကတည်းက ဒီစာအုပ်ကို လက်ကမချတော့ ဘူး၊ ကိုကို ကြည်နူးကို ဒီနည်းနဲ့ နှိပ်စက်နေတာလား"

"အလိုဗျာ...ကျုပ်က ခင်ဗျားလေးကို နှိပ်စက်တယ် ဆုတ်လား၊ အဟွန်း ပြောပါဦး ကျုပ်က ခင်ဗျားလေးကို ဘယ်လို နှိပ်စက်နေတယ်ဆိုတာ"

လှစံအောင်မှာ ချစ်ကြည်နူးအား ကလေးတစ်ယောက် လို အပြုံးတွေနှင့်ကြည့်ကာ မေးလိုက်တော့ ချစ်ကြည်နူး အနေရ ခက်သွားသလို မျက်နှာလေးရဲသွားပြီး...

"ကြည်နူး အိမ်မှာ ဒီအတိုင်းနေရတာ ပျင်းတယ်"

"ဟောဗျာ...ဒါဖြင့်ပြော ကျုပ်က ဘာလုပ်ပေးရမလဲ ဆိုတာ"

"ဘာလဲ...ခင်ဗျားလေး မပျင်းရအောင် ကျုပ်က ကပြ ရမှာလား"

"ကိုကိုနော်. ကိုကို ဒါ ဘာစကားလဲ၊ ကိုကို ကြည်နူးကို

www.burmeseclassic.com

www.burmeseclassic.com



ရွှဲနေတာလား"

"ကြည့်…ပြောပြန်တော့လည်း ရွှဲတယ်ပြောသေးတယ် ညည်းလေး တစ်ခုမှ အပြစ်မလွတ်ပါလားကွ"

လှစံအောင်စကားကြောင့် ချစ်ကြည်နူးမျက်နှာလေး ပြုံးစစဖြစ်သွားလေသည်။ ချစ်ကြည်နူးဆိုတာ ဒီလိုလည်း ဟန် ဆောင်တတ်သူ။ ခက်တာက သူမ ဆိုးတတ်ခြင်းပင်။

ဒါကလည်း သူ့အပေါ် အစ်ကိုတစ်ယောက်လို ခင်မင် ရင်းနှီး၍သာ ဆိုးခြင်းဖြစ်ပါလိမ့်မည်။ သူ့မဟုတ်သည့် တခြား သူစိမ်းတစ်ယောက်အပေါ်မှာတော့ သူမ ဆိုးလိမ့်မည်မထင်ပါ။

"ကြည်နူး အပြင်မသွားရတာ ဘယ်လောက်ကြာပြီလဲ ကိုကို့အိမ်ရောက်ကတည်းက တစ်ခါမှ ကြည်နူး အပြင်မသွားရ သေးဘူး"

"အဲဒီတော့"

"ဟင်…အဲဒီတော့ ကိုကိုလိုက်ပို့ပေါ့"

လှစံအောင် မျက်ခုံးကြီး ပင့်သွားရသည်။

အင်း…ဓာတ်လမ်းက စနေပြီ။

သူမနှင့်အတူ လှစံအောင် အပြင်ကို လိုက်ဖူးပါသည်။



ရွှေချောက လည်ဖို့ပတ်ဖို့များဆို တစ်နေကုန် တစ်နေခမ်း မောလို့ ခောရမှန်းမသိ သွားလာတတ်သူဖြစ်သည်။

သူမှာသာ သူမသွားရာနောက်ကို တကောက်ကောက် လျှောက်လိုက်ရင်း လူက တစ်နေကုန်တစ်နေခမ်း အလုပ်ပျက် အကိုင်ပျက်နှင့် စိတ်မှာ မွန်းကြပ်ရသည့်အဖြစ်။

ဒါကို သူမကတော့ မသိပါ။

ကလေးတစ်ယောက်လို သူလိုချင်တာ လျှောက်ဝယ်နေ သည်မှာ ဘာအပူအပင်မှမရှိသည့်ပုံ။

သည်အဖြစ်တွေက သူ့အတွက် အကြိမ်ကြိမ်အခါခါမို့ လှစံအောင်မှာ သူမနောက်လိုက်ကာ သူမနှင့် အပြင်ထွက်ရမည်ကို လန့်နေပါသည်။

ခုလည်း သူမ အပြင်သွားဖို့ ပူဆာနေပြီမို့ လှစံအောင် မျက်ခုံးလှုပ်နေရသည်။

"ကိုကို…ကြည်နူးပြောတာ ကြားရဲ့လား၊ အဲဒီကိုကို ဟာလေ ခုတလော ဘာမှန်းကိုမသိဘူး၊ ကြည်နူးပြောရင်လည်း ဂရုမစိုက်သလို၊ အလေးမထားသလိုနဲ့၊ ဘာလဲ ကိုကို ကြည်နူးကို ဒီမှာ မနေစေချင်တော့ဘူးမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းက သူမအသံလေးက နင့်ဝင်သွားရသည်။ လှုံ့အောင်မှာ ခြေမကိုင် လက်မကိုင်မိ ဖြစ်သွားရသည်။

မဖြစ်လို့ကလည်းမရ။

ချစ်ကြည်နူးဆိုသည့် ဒီကလေး ငိုလည်းငိုကြောရှည် တတ်လှန်းသောကြောင့် ဖြစ်သည်။

"ကြည်နူး ညည်းတော့နော် ဘာတွေပြောနေတာလဲ၊ ဘယ်သူ ညည်းလေးကို မနေစေချင်ရမှာလဲ၊ ညည်းနော် ငါ့စေတနာကို မစော်ကားနဲ့"

"ဒါဆို ကြည်နူးကို ကိုကို အပြင်လိုက်ပို့ပါလားလို့၊ အိမ်မှာ ကြည်နူးတစ်ယောက်တည်းနေရတာ ပျင်းဖို့သိပ်ကောင်းတယ်"

နှုတ်ခမ်းလေးစူ မျက်နှာလေးက စူပုပ်ပုပ်နှင့် သူမအသံက ချွဲနစ်နစ်။ သူမ ဒီလိုလေသံနှင့် ပြောပြီဆိုလျှင် လှုံ့အောင် တင်း၍မခံနိုင်မှန်း သူမလေး သိနေသလို။

ဒါပေမယ့် ခုတော့ မရတော့ပါ။

လှုံ့အောင်မှာ ပျော့ချင်သလိုဖြစ်သွားရသည့် သူ့စိတ်ကို ပြန်တင်းလိုက်ရင်းက မျက်နှာကြီးကို ခပ်တည်တည်ထားကာ…



"အဟမ်း…ပျင်းတယ်ဆိုလည်း အလုပ်လေးဘာလေး ထုပ်နေပေါ့ကွ၊ မိန်းကလေးပဲ၊ လုပ်မယ်ဆို လုပ်စရာအလုပ်တွေ ချည်းပါပဲ"

"ဟင်…ဒါ ကိုကို ကြည်နူးကို အလုပ်လုပ်ခိုင်းနေတာ ပေါ့လေ၊ သိတယ် ကြည်နူး ဒီအတိုင်းနေတာ ကိုကို မကြိုက်တော့ ဘူးဆိုတာ"

"ဟာ…ဟိတ်…ညည်းနော် ကိုယ်လိုရာ ဆွဲတွေးမနေ နဲ့ ငါပြောတာက"

"အို…မပြောနဲ့၊ မပြောနဲ့၊ တော်ပြီ ကိုကို့အိမ်မှာလည်း ကြည်နူး မနေတော့ဘူး၊ အားကိုးလို့လာနေပါတယ် သူများကို အလုပ်လုပ်ခိုင်းနေတယ်၊ အဟင့်…ဟင့်…ဟင့်"

မျက်ရည်လွယ်သူလို့ ပြောပြန်ရင်လည်း သူမက ကြိုက်မည်မဟုတ်။ ထစ်ခနဲဆို ငိုဖို့မျက်ရည်ကျဖို့လောက်သာ သူမသိပုံရပါ၏။

ယခုလည်း တဟီးဟီးနှင့် အော်ငိုနေသူလေးကို လှုံ့ အောင် မျက်ဝန်းညိုကြီးနှင့် ကြည့်ရင်း…

"မျက်ရည်ကလည်း ပေါပေါ့ဗျာ၊ မင်းသမီး လုပ်စားဖို့

www.burmeseclassic.com



များ စဉ်းစားထားလား မသိပါဘူး"

"ကိုကိုနော်"

"ထ…သွားမယ်"

"ဘယ်ကိုလဲ"

"ညည်းပဲ အပြင်ကိုသွားချင်တယ်ဆို"

"တကယ်"

"တကယ်ပေါ့ကွ"

"ဟေး…ဒါမှ ကြည်နူးကိုကိုကွ"

"ဟ…ဟ ဘယ့်နှယ်လုပ်တာလဲကွ"

"အဟင်း…ဟင်း…ဟင်း"

ချစ်ကြည်နူး ဘယ်လောက်ထိ အပျော်တွေလွန်သွားရသည်မသိပါ။ သူမစိတ်ထဲ ကလေးတစ်ယောက်လို ဘာမှ စဉ်းစားမိဟန်မတူဘဲ လူစံအောင်ကိုယ်ကြီးကို နောက်မှနေ၍ သူမလက်လေးနှင့် သိုင်းဖက်ပြီးနောက် သူ့ပါးပြင်ချောချောကြီးကို သူမသည် ဖျတ်ခနဲ ရှိုက်ကာနမ်းရင်း သူမအခန်းထဲသို့ ကလေးတစ်ယောက်လို ခုန်ပေါက်ပြေးဝင်သွားလေသည်။

ကျန်ခဲ့သည့် သူမှာတော့ ရင်ဝယ်တနွေးနွေးနှင့် မျက်နှာ





ကြီး ရဲနေရတော့သည်။

အင်း…ဒီအရူးမလေးနဲ့ တကယ်ကို မလွယ်ပါလားဟူ၍လည်း လူစံအောင် စိတ်မောစွာ တွေးလိုက်မိသည်။

မကြာလိုက်ပါ။

ပန်းသွေးဖျော့ဖျော့ဝတ်စုံလေးနှင့် ချစ်ကြည်နူးသည် သူမအခန်းထဲမှ ထွက်လာလေသည်။

"ဟင်…ကိုကို"

"ဘာလဲကွ"

"အပြင်သွားမယ်ဆို"

"အင်းလေ"

"အဝတ်အစားလည်း မလဲရသေးဘူး"

"ဟင်…ဩော်…ခဏလေး"

ပြောပြီး လူစံအောင်မှာ မလုံမလဲဟန်ကြီးနှင့် သူ့အခန်းထဲသို့ ဝင်ခဲ့လိုက်သည်။

လူစံအောင်မှာ သူ့ကိုယ်သူလည်း မချင့်မရဲကြီး ဖြစ်နေရသည်။ သူ ဘာဖြစ်သွားရတာပါလိမ့်။

တကယ်ဆို သူ့စိတ်တွေ ဒီလောက်ထိ လှုပ်ရှားနေမို့



www.burmeseclassic.com

www.burmeseclassic.com



မကောင်း။ ချစ်ကြည်နူးဆိုတာ ဘာကိုမှ လေးလေးနက်နက် ရှိ[illegible]
မဟုတ်။ သူ့အတွက်တော့ သူမလေးသည် ကလေးတစ်ယောက်[illegible]

စောစောက သူ့အပေါ် ပြုံးသွားခဲ့သည်ကလည်း သူမ[illegible] ကလေးအတွေးစိတ်ကြောင့်ဆိုတာ လှစံအောင် သိပါရက်နှင့် ဘာဖြစ်နေရပါသည်လဲ။

ကျွတ်…သွားစမ်းကွာ။

ဖျတ်ခနဲ လှုပ်ရှားသွားရသည့် အတွေးများကို ဖယ်ထုတ်[illegible] လိုက်ရင်းက လှစံအောင်သည် လှုပ်ရှားသွားရသည့် သူ့စိတ်[illegible] ပြန်၍ထိန်းချုပ်လိုက်သည်။

တကယ်ဆို သူ့အနေနှင့် သူမလေးနှင့်ပတ်သက်ကာ ထို[illegible] ဖြစ်ဖို့ မကောင်းပါ။

ချစ်ကြည်နူးဆိုတာ သူ့အရိပ်မှာ လာရောက်ခိုနေသည့် သူ့ညီမလေးရယ်သာ။

လှစံအောင် အတွေးတွေကို မလိုလားစွာ ဖယ်ရှားလိုက်[illegible] ရင်း အခန်းထဲမှ ထွက်ခဲ့လိုက်သည်။

"ကြည့်စမ်း…ဒီလိုဆိုတော့လည်း ကြည်နူးကိုတို[illegible] အရမ်းချောတာပဲ၊ အင်း ဒါကြောင့်လည်း"



ပြောလက်စစကားကို ရပ်ပစ်ရင်း သူ့အား ပြုံးစိစိ မချို့ ချဉ်နှင့် ကြည့်လာသော ချစ်ကြည်နူးကြောင့် လှစံအောင် မနေ တတ်သလို ဖြစ်သွားလေသည်။

သည်ကလေးမ သူ့ကို ဘာကြည့်တာပါလိမ့်။

"ဆက်ပြောလေ…ဒါကြောင့် ဘာဖြစ်လဲဆိုတာ"

သိချင်စိတ်နှင့် မနေနိုင်စွာ မေးလိုက်သည်။

"ကိုကို သိချင်လား"

"ဟာကွာ…ညည်းတော့"

လှစံအောင် မချင့်မရဲ ဖြစ်သွားရသည်။

သိချင်၍ မေးနေပါသည့်သူ့ကို သိချင်လားဆိုတာက တော့ သူ့အား အသည်းယားအောင် ပြောနေသလိုပင်။

"ကြည်နူး သူငယ်ချင်းတွေက ပြောတယ်၊ ကိုကိုက သိပ်ချောတာပဲတဲ့၊ ဒါကြောင့် ကိုကို့ကို သူတို့ စိတ်ဝင်စားတယ်တဲ့ လေ"

"ဟာ"

လှစံအောင် မျက်နှာကြီး ရဲခနဲဖြစ်သွားရသည်။ ဒီကလေး မ သူ့ကို ဘာတွေပြောနေတာပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



"ညည်းသူငယ်ချင်းတွေက မလွယ်ပါလား ကြည်နူး၊ အေးလေ ညည်းနဲ့ပေါင်းမှတော့ ညည်းလိုပဲ သူတို့ဆိုးတော့မှာပေါ့"

"ဟာ…ကိုကိုနော် ကြည်နူးနဲ့ ဘာဆိုင်လို့လဲ၊ တော်ပြီ မသွားတော့ဘူး၊ ကိုကိုက တဆိတ်ရှိ ကြည်နူးကိုပဲ အပြစ်ပြောနေ တယ်"

"အပြစ်ပြောနေတာ မဟုတ်ဘူး၊ အမှန်ပြောနေတာ"

"တော်ပြီကွာ၊ တော်ပြီ၊ ကိုကို အဲသလိုပြောနေရင် ကြည်နူး မသွားတော့ဘူး"

"အယွန်း…တကယ်မသွားတော့ဘူးလား၊ အေးလေ ဒါလည်းကောင်းတာပဲ၊ ဒါမှ ကိုကို အေးအေးဆေးဆေး စာဖတ်လို့ ရမှာ"

"သွားမယ်"

"ဟင်"

"သွားမယ်လို့ပြောတာ လာ"

"ညည်းတော့ကွာ"

"အယွန်း…ယွန်း…ယွန်း"

သူလက်မောင်းကြီးကို ပိုင်ပိုင်ကိုင်ဆွဲကာ အပြုံးနှင့်ခေါ်သ





သည့် ချစ်ကြည်နူးနောက်သို့ လှုံ့အောင်မှာ ပါလာခဲ့ရသည်။

ချစ်ကြည်နူး သွားချင်သည့်နေရာတွေက တစ်ခုပြီးတစ်ခု။ လှုံ့အောင် သူမသွားရာနောက် မမောတမ်းလိုက်နေရ၏။

အစ်ကိုဖြစ်သူ ကျော်ဆက်ကို အပွဲတိုက်ကာ သူမ အိမ်ကို ညည်း မပြန်ဘဲ သူ့အိမ်မှာသာ သောင်တင်နေသည့် ချစ်ကြည်နူး။ သုံးလေးရက်လောက် အပြင်ကိုမထွက်ဘဲ နေရသည်ကိုပင် သူမ အတွက် သုံးကမ္ဘာခြားသလိုများ ထင်မှတ်နေသည်လား မသိပါ။

တစ်နေရာပြီး တစ်နေရာ သွားနေသည်မှာ မောရမှန်းလည်း သိနိုင်တော့။ သူမှာသာ သူမကြောင့် စိတ်လည်းတို၊ မောလည်း မောနှင့် စိတ်ဝယ် အလိုမကျနိုင်တော့ပါ။

တကယ်တော့ သူဒီလိုဖြစ်ရသည်က သူမကြောင့်။ နုသစ် သော အလှတွေနှင့် သိပ်လှပသည်ဆိုတဲ့ကြားက တကယ့်အပျိုမ ကြီးတစ်ယောက်သဖွယ် ပြင်ဆင်ထားပုံကြောင့် အလှကြီးလှပနေ၏ လေ ချစ်ဖွယ်လည်း လွန်စွာမှ ကောင်းနေရသည်မို့ လူကြီးလူငယ် ရွေး ယောကျ်ားသားများ၏ အကြည့်တွေက သူမထံတွင်သာ ရူးစိုက်စိုက် ရောက်ရှိနေရသည်။

အစကတော့ လှုံ့အောင် သတိမထားမိပါ။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



သူ သတိမထားဘဲ မနေနိုင်အောင် ဖြစ်လာရသည့်အခါမှာတော့ လှစံအောင် စိတ်မှာ မချင့်မရဲ ဖြစ်လာရသည်။

ဒီကလေး ဘာကြောင့် အလှတွေ ဒီလောက်ပြင်လာရတာ ပါလိမ့်။

နဂိုလှပြီးသား သူမအလှတွေ ဒီလောက်ပြင်လာတော့ လှသည့်မိန်းမကို ယောကျ်ားတွေ ကြည့်သည်က မဆန်းပါ။

အဲ…ဆန်းနေသည်က သူ့စိတ်ပင်။

သိပ်လှသော သူမကို အမျိုးသားတွေ ကြည့်တာနှင့် သူ ဘာကြောင့် ရင်မှာ မကျေနပ်သလို ဖြစ်ရပါသည်လဲ။

သူ ဘာဖြစ်တာပါလိမ့်။

သူ့တစ်သက် သူမနှင့်ပတ်သက်ပြီး ဒီလိုခံစားရတာ ဒါ ပထမဦးဆုံးသာ ဖြစ်ပါလိမ့်မည်။

ဒီအတွက် သူ့ကိုယ်သူလည်း အံ့သြနေရသည်။ လှစံအောင် ဆိုတာ မိန်းမတွေနှင့် ပတ်သက်လာလျှင် တုန်လှုပ်ခဲ့သူမဟုတ်။

အထူးသဖြင့် တစ်သက်လုံး သူ့ညီမလေးတစ်ယောက်လို သူ့မျက်စိရှေ့မှာပင် အရွယ်ရ ကြီးပြင်းလာခဲ့သည့် ဤမိန်းကလေး နှင့်ပတ်သက်၍ သူ ဒီခံစားမှုတွေ ပို၍မဖြစ်သင့်။





ဒါကို သူသိပါသည်။

သိရက်နှင့် သူ ဘာကြောင့် ဒီလိုခံစားရပါသည်လဲ။

လှစံအောင် သူ့ကိုယ်သူလည်း အဖြေရှာမရနိုင်တော့။

"ဟိတ်…ကိုကို ဘာဖြစ်နေတာလဲ၊ မျက်နှာကြီးကလည်း ရှုံ့ကုပ်ကုပ်နဲ့ကွာ၊ ဘာလဲ ကြည်နူးနဲ့သွားရတာ မပျော်လို့လား"

"မဟုတ်ပါဘူး ပျော်ပါတယ်"

"ခစ်…ခစ် ပျော်တယ်ဆိုတဲ့ ပုံစံကလည်း ဘယ်လိုကြီး လဲ ကိုကိုရာ၊ မျက်မှောင်ကြီး တွန့်မထားပါနဲ့၊ ပျော်ပျော်နေစမ်းပါ"

လှစံအောင် သူမကိုကြည့်လိုက်တော့ သူမပုံစံက စိတ်လွတ်ကိုယ်လွတ်နှင့် တကယ်ပင် ပျော်နေသည့်ပုံ။

သူမ ဒီလိုပျော်တာမြင်ရတော့လည်း လှစံအောင် စိတ်ချမ်း သာရသလို သူ့ကြောင့် သူမလေး အပျော်တွေ မပျက်စီးစေချင် သည့် လှစံအောင် စိတ်ကို လျှော့ချလိုက်စဉ်…

"ဟယ်တော့"

"ဘာဖြစ်တာလဲ"

"သူ"

"ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခန့်ထည်ဘွား"

"ဘာ"

လှစံအောင် အကြည့်တွေက သူမကြည့်ရာဆီသို့ ရောက်ရှိသွားတော့ သူမနှင့်သူ့အား မျက်ဝန်းစူးစူးတွေနှင့် အကဲခတ်သလိုကြည့်နေပါသော မျက်ဝန်းတစ်စုံနှင့် ဆုံသွားရသည်။

သူမကိုကြည့်လိုက်တော့ သူမလေးသည် စောစောကပုံစံနှင့် တခြားစီ ငြိမ်သက်နေရသည်။

ကြည့်စမ်း…ဒါ သူမဘာဖြစ်တာလဲ။

လှစံအောင်စိတ်မှာ ထူးခြားနေမှန်း စိတ်က အလိုလိုသိနေရသည်။

"ကြည်နူး"

"ရှင်"

"ခန့်ထည်ဘွားဆိုတာလား"

"ဟုတ်ကဲ့"

ကြည်နူးသည် ပြောရင်းက မျက်လွှာချသွားပေမယ့် ခန့်ထည်ဘွားဆိုသည့် ချာတိတ်၏ အကြည့်တွေကတော့ သူမနှင့်သူ့ထံမှ မခွာပါပေ။



စူးရဲလွန်းသည့် အကြည့်တွေက သိန်းငှက်တစ်ကောင်လို။ ဒီအကြည့်တွေထဲမှာ မခံချင်မှု၊ မကျေနပ်မှုတွေ ပါဝင်နေမှန်းလည်း လှစံအောင် အသက်အရွယ်အရ သိလိုက်ပါသည်။

စောစောကအချိန်ထိ သူ့လက်မောင်းကို ဆွဲကိုင်လာသော ချစ်ကြည်နူး လက်လေးသည်လည်း ခုတော့ သူ့အလိုလို ပြေလျှော့နေပြီ။

လှစံအောင်မှာ အံကိုတင်းခဲ ကြိတ်ပစ်လိုက်သည်။ သည်နောက် သူ တဲ့စ်စုံတစ်ခုကို နားလည်လာရသလို

"ကြည်နူး"

"ရှင်"

"အသိလား…အသိဆို ကိုကို့နဲ့ မိတ်ဆက်ပေးလေ"

အခြေအနေမပျက်ယွင်းခင် လှစံအောင်မှာ အချိန်မီထိန်းလိုက်လေသည်။ ဒါက အားလုံးအတွက် အဖြစ်သင့်ဆုံး အခြေအနေ။

သူပြောနေဆဲမှာပင် ချာတိတ်လေးသည် သူတို့နှစ်ဦးရှိရာသို့ လျှောက်လာပြီး…

"မတွေ့တာကြာပြီနော် ကြည်နူး၊ တို့ကိုတော့ ကြည်နူး

www.burmeseclassic.com

www.burmeseclassic.com



မှတ်မိသေးတယ်မဟုတ်လား၊ အဟွန်း ဟွန်း"

အကြည့်က စူးရဲလွန်းသလို ရယ်သံက မခိုးမခန့်နှင့် လှောင်ရိပ်တွေ ပါနေသလို။ အင်း ဒီချာတိတ်နဲ့ ကြည်နူးကြားမှာ တစ်ခုခုတော့ ပတ်သက်မှုရှိနေပြီထင်။

"သူက ဘယ်သူလဲ ကြည်နူး၊ တို့နဲ့ မိတ်ဆက်ပေးဦးလေ၊ ဘာလဲ ကြည်နူးက သူ့ကြောင့် တို့ကို အတွေ့မခံတော့တာလား"

သေချာပါပြီ။ ကြည်နူးနဲ့ ဒီချာတိတ်ကြားမှာ သူမသိသည့် ပတ်သက်မှုတွေ ရှိနေခဲ့ပြီဆိုတာ။

"နင်စကားပြော ဆင်ခြင်ရင်ကောင်းမယ် ခန့်ထည်ဘွား၊ သူ ဘယ်သူဖြစ်ဖြစ် နင်နဲ့မဆိုင်ဘူး၊ ပြီးတော့ နင်နဲ့ငါ တွေ့စရာ အကြောင်းလည်း မရှိဘူး"

ကြည်နူးစကားတွေက ခပ်ပြတ်ပြတ်။ ချာတိတ်မှာ မျက်နှာပျက်သွားကာ…

"စကားတွေက စိမ်းလှချည်လား ကြည်နူး၊ သူ ဘယ်သူ ဆိုတာ ငါ ဂရုမစိုက်ဘူး၊ အေး ငါ ဂရုစိုက်တာ နင့်ကိုပဲ"

"ဟင်…နင်…နင် စကားပြောရိုင်းလှချည်လားဟင်၊ ကိုကိုက နင့်ထက် အသက်အများကြီးကြီးတယ်၊ ပြီးတော့ အဲဒါ



ကိုကို"

"ဘာ…နင့်ကိုကို ဟုတ်လား၊ ဟား…ဟား ကြည်နူး ငါ့ကို ပေါ့များမှတ်နေလားဟင်၊ နင့်အစ်ကိုကို ငါမြင်ဖူးတယ် တာ နင်မေ့နေပြီလား၊ နေပါဦး ဒီလူက နင့်ကိုကိုလို့ပြောရအောင် ဘယ်ကပေါ်လာရတာလဲ"

လှစ်အောင်မျက်နှာကြီး နီရဲလာရသည်။

အင်း…ဒီချာတိတ်တော့ လွန်ပြီထင်။

သူတို့နှစ်ဦးကိစ္စကို သူတို့ဘာသာ မဖြေရှင်းနိုင်တာနှင့် ကြောင့် ပြဿနာထဲ သူကိုဆွဲထည့်နေရပါသည်လဲ။

"ခန့်ထည်ဘွား…နင့်လမ်းနင်သွားရင် ကောင်းမယ်ထင် ၊ ငါ နင့်မျက်နှာကို မမြင်ချင်တော့ဘူး"

"အဟွန်း…ဘယ်မြင်ချင်တော့ပါ့မလဲလေ၊ နင့်ဘေးမှာ ယောက်လုံးရှိနေပြီဆိုတော့"

ကြည့်စမ်း ချာတိတ်စကားတွေ ဘယ်လောက်လွန်နေပြီ ဆိုတာ သတိမှုထားမိရဲ့လားမသိပါ။

"ခန့်ထည်ဘွား…နင် လူရိုင်းပဲ၊ ထွက်သွားစမ်း၊ နင့်ကို ောက်ရိုင်းမယ်မှန်း မသိလို့ ငါခင်ခဲ့တာ၊ ငါ့ကိုယ်ငါ အေးငါတ

www.burmeseclassic.com

www.burmeseclassic.com



ရတာသိလား"

"အေး...နှင့်နောင်တက ဒီလူကြောင့်ပဲ မဟုတ်လား"

"နှင်"

"မြန်း"

"ဟင်"

"ဟာ...ကြည်နူး"

မထင်မှတ်တဲ့အဖြစ်မို့ အားလုံး အံ့သြသွားရသည်။

ချစ်ကြည်နူး မြန်လိုက်တာ။ ရိုက်လိုက်သည့်မှာ ချာတိတ်လေ

မျက်နှာပင် လည်ထွက်သွားရသည့်အဖြစ်။

"နှင်မှတ်ထား ခန့်ထည်ဘွား၊ ငါဆိုတဲ့မိန်းမဟာ

စိတ်ဓာတ်အောက်တန်းကျတဲ့ ယောက်ျားတစ်ယောက်ကို ဘယ်တော့

မှ အသိအမှတ်မပြုဘူးဆိုတာ နှင်တစ်သက် သိထားလိုက်ပါ"

"လာ...ကိုကို သွားမယ်"

ကိုယ်လေး ချာခနဲလည်အောင် လှည့်ထွက်သွားပုံကြော

လှစံအောင်သည် မျက်နှာကြီးရဲရဲနှင့်ပင် သူမနောက်မှ လိုက်ခဲ့

လေသည်။

စိတ်ထဲမှာတော့ စောစောက အဖြစ်အပျက်တွေအတွင်





အနေကင့်အယှက်ဖြစ်နေရသည်ကိုတော့ သူကိုယ်သူသာ အသိဆုံး ဖြစ်ပါတော့သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဘာလိုလို့နှင့် ချစ်ကြည်နူးတစ်ယောက် လှုံ့အောင်အိမ်ကို ရောက်နေသည်မှာ ဆယ်ရက်ပင် မကတော့။

သည်ရက်တွေအတွင်း သူမသည် တစ်ဖက်ခြံသို့ မပြန်သလို ပြန်ဖို့ရာစကားကိုလည်း သူမ မဆို။

လှုံ့အောင်မှာ ပြန်ပါလို့လည်း သူမကို ပြောလို့မဖြစ်ပြန်။ ပြောလိုက်ပါက ချစ်ကြည်နူးဆိုသည့် သူမသည် သူ့အား အရွဲ့တိုက်ကာ ဘယ်နေရာ ဘယ်ဒေသကို လျှောက်သွားမည်မသိပါ။

ဒီလိုတော့ မဖြစ်ပြန်သေး။

ကျော်ဆက်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ကာ အစ်ကိုဖြစ်သူကို အရွဲ့တိုက်နေသော သူမကို လှုံ့အောင် ချော့မော့ကာ



သူ့အိမ်မှာပင် သူမအလိုကိုလိုက်၍ ထားရပေဦးမည်။

ကလေးဆန်သော သူမ သူ့အပေါ် ဆိုးနွဲ့တာကလွဲလျှင် သူ့အပြုအမူအားလုံးတို့က ချစ်စဖွယ်အတိနှင့်သာ။

မိဘများမရှိတော့ကတည်းက လှုံ့အောင်မှာ သူငယ်ငယ်တည်းက နေလာခဲ့သည့် အိမ်ထိန်းအဒေါ်ကြီးနှင့်သာ နေခဲ့ရသည်။

ကျယ်သောခြံကြီးနှင့် ကြီးမားသောတိုက်ကြီးက လှုံ့အောင်နှင့် အဒေါ်ကြီးအတွက် တိတ်ဆိတ်ငြိမ်သက်ကာ အထီးကျန်ချင်စရာ ကောင်းခဲ့သော်လည်း ချစ်ကြည်နူး သူ့ခြံကို ရောက်ပြီးကတည်းက တိတ်ဆိတ်ငြိမ်သက်ခဲ့သော အိမ်ကြီးသည် ချစ်ကြည်နူး၏ သာယာစိုပြေ ချိုလွင်ချစ်စဖွယ်ကောင်းသော အသံဖြင့် တစ်တိုက်လုံး စီလွင်ဝေဖြာခဲ့လေသည်။

သူမရောက်ပြီးမှ သူ့တိုက်ကြီးသည် အသက်ဝင်လှုပ်ရှားလာရသလို။

ဘာပဲပြောပြော သူမလေး သူ့အိမ်ရောက်လာသည့်အတွက် သူ့အိမ်ကြီးသည် ခါတိုင်းလို အထီးကျန်ခြောက်သွေ့မှုတွေ ရှိမနေတော့သည်က အမှန်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ကြည်နူးဆိုတာကလည်း ချစ်စဖွယ် ကြည်စင်သော အပြုံးလေးနှင့် ရှိသူမို့ ဒေါ်ကြီးသာမက သူနှင့် သွေးမျိုးမကင်းသော သူ၏လူယုံလည်းဖြစ်၊ လုပ်ငန်းများကို လွှဲထားရသူလည်းဖြစ်သော ဘကြီးဦးမြတ်ခင်ပင် ချစ်ကြည်နူးအား သွေးသားရင်းချာ တစ်ယောက်လို သံယောဇဉ်တွယ်နေရပြီဖြစ်သည်။

သူမကလည်း သူမပင်။ အားလုံးကို ချစ်စဖွယ်စကားလေး နှင့် သူမဘက်ပါအောင် ဆွဲဆောင်တတ်သူလေးလည်း ဖြစ်သည်။

ဒေါ်ကြီးနှင့် ဘကြီး ဦးမြတ်ခင်သာမက အိမ်မှာ ဒေါ်ကြီး အဖော်ရအောင် ခေါ်ထားသည့် ကလေးမလေးနှစ်ယောက်ကလည်း သူတို့၏မမလေး ချစ်ကြည်နူးမှ ချစ်ကြည်နူး ဖြစ်နေရသည်။ တစ်ခါတစ်ရံတော့လည်း လူစံအောင်မှာ သူမလေး လူလည်ကျ ကို မချင့်မရဲနှင့် အသည်းယားယားဖြစ်ရလေသည်။

ကြည့်လေ သူမဖြစ်ဘဲနေမည်လားဆိုတာ။ ပန်းရုံ၏ အရှင်သခင် လူစံအောင်ဆိုတာကိုပင် သူတို့၏စိတ်ထဲ မေ့နေပုံရ၏။

အားလုံး၏ ပါးစပ်များတွင် ချစ်ကြည်နူးမှ ချစ်ကြည်နူး ဖြစ်နေရလေသည်။



ဒါကို လူစံအောင်မှာ သဘောမကျ၍မဟုတ်။ သဘောကျပါသည်။ အစ်ကိုဖြစ်သူကြောင့် စိတ်ဆင်းရဲနေသည့် သူမလေး ကို သူ့အိမ်မှာ ပျော်ပျော်ရွှင်ရွှင်နေတာကို တွေ့ရတော့ သူ စိတ်ချမ်းသာရသည်က အမှန်။

ခါတိုင်း အလုပ်သွားအလုပ်ပြန် တိတ်ဆိတ်နေခဲ့သော လူစံအောင်။ ခုများတော့ဖြင့် သူ အလုပ်သွားအလုပ်ပြန်ချိန်များ သည် ချစ်ကြည်နူး၏ ချစ်စဖွယ်စကားသံလေးများဖြင့် တိတ်ဆိတ် မှုတွေ မရှိခဲ့တော့။

ကိုကို…ကိုကိုနှင့် ကိုကိုချင်းထပ်အောင် ချွဲတတ်ပုံက လည်း လူစံအောင်၏ တင်းမာသောစိတ်များကို ပြေလျော့စေခဲ့ရ သည်။

ရက်လေးများ တစ်ရက်ကုန်ဆုံးလေ သူမအပေါ် တွယ်ငြိ ရသည့် သံယောဇဉ်ကလည်း လူစံအောင်အတွက် ပိုရလေဖြစ်သည်။

အနေနီးလေ သံယောဇဉ်ပိုခဲ့ရ၍လား မသိပါ။ သူမလေး သူ့အိမ်ရောက်ပြီးမှ လူစံအောင်တစ်ယောက် စားစားသွားသွားဆို သလို ချစ်ကြည်နူး၏ လှုပ်ရှားမှုနှင့် ချစ်စဖွယ်စကားသံ သူမမျက်နှာ လေးတေ သူ့မျက်ဝန်းထဲ သူ့နားထဲက မထွက်နိုင်တော့။

www.burmeseclassic.com

www.burmeseclassic.com



အော်…သံယောဇဉ်ကြီးများ တယ်လည်း ချုပ်နှောင်လွန်းပါလားနော်။

လှစံအောင် မချင့်မရဲနှင့် ကိုယ့်အဖြစ်ကိုယ် စိတ်ပျက်လက်ပျက် ညည်းညူမိလိုက်သည်။

သူတောင် ဒီလိုခံစားရလျှင် သူမလေးရော ဘယ်လိုနေမည်နည်း။

ဟား…။

သက်ပြင်းမောက ဘာရယ်မဟုတ်ဘဲ ချလိုက်မိသည်။ ကျော်ဆက်ကတော့ သူ့ဆီ သူမလေး ရောက်နေသည်ကို စိတ်ချလက်ချ ရှိဟန်တူပါသည်။

သူ့ခြံသို့ ကူးလာခြင်းမရှိသလို ညီမဖြစ်တဲ့ သူမလေးလည်း ချော့မော့ခေါ်ယူခြင်းမျိုးမရှိခဲ့။ ဒါကလည်း သူ့အပေါ် ယုံကြည်စိတ်ချမှုတွေ ရှိနေလို့ဆိုတာ လှစံအောင် သိနေပါသည်။

သူ့အပေါ် ကျော်ဆက် ယုံကြည်သလို တစ်ဖက်ကလည်း သူ့အလုပ်ကတစ်ဖက် သူ၏မင်္ဂလာကိစ္စကတစ်ဖက်နှင့် ကျော်ဆက်မှာလည်း အားရရှာမည်မဟုတ်ပါ။

လှစံအောင်မှာ ခဏအနားယူပြီး အတွေးများနှင့်ရှိနေ



ဖုန်းမြည်သံကြောင့် ဖုန်းကို ကောက်ကိုင်လိုက်သည်။

"လှစံအောင်"

တစ်ဖက်မှ ကျော်ဆက်၏အသံ။

"အေး…ကျော်ဆက် ငါပဲ"

"ဘယ့်နှယ်လဲ လှစံအောင်၊ ကြည်နူး အခြေအနေ"

"ဘာကိုပြောတာလဲကွ"

"အော်…ညီမလေး မင်းဆီမှာနေတာ ကောင်းကောင်းမွန်မွန် နေရဲ့လားလို့ပါကွာ"

"အဟွန်း…ဘာလဲ မင်းကစိတ်ပူလို့လား"

"ဟာကွာ…ငါလည်း အစ်ကိုတစ်ယောက်ပါကွ"

"အေးပါ…ဟုတ်ပါပြီ၊ ဒါဆို မင်း အစ်ကိုတစ်ယောက်အနေနဲ့ ကြည်နူးဆန္ဒကို လိုက်လျောပေးဖို့ကိုကော"

"လှစံအောင်…ဒါတော့ မင်းကွာ"

"အဟွန်း…ဟွန်း…ဟွန်း"

သူ့စကားကြောင့် ကျော်ဆက်ဖြစ်သွားမည့် မျက်နှာကြီးကို မြင်ယောင်ရင်း လှစံအောင် ရယ်လိုက်လေသည်။

"အလကားစတာပါကွာ၊ မင်းအသံကြီးက ဘာဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



ရတာလဲ''

''မင်းတွေ့မယ် လှုစံအောင်၊ မင်းမှာ အချစ်မတွေ့သေး တော့ ခုချိန် ပြောအားရှိနေမှာပေါ့၊ အေး မင်းတကယ် အချစ်တွေ့ လာပြီဆိုရင်လည်း ငါ့ကို မင်း ကိုယ်ချင်းစာတတ်လာမှာပါ''

''ဆောရီးကွာ…ငါ့မှာ အချစ်မတွေ့သေးပေမယ့် မင်းကို တော့ ကိုယ်ချင်းစာတတ်ပါတယ် ကျော်ဆက်ရာ၊ ဘယ်လိုလဲ မင်းနဲ့မြတ်ကော အိုကေတယ်မဟုတ်လား၊ ငါ ဘာကူညီရဦးမလဲ''

''မလိုပါဘူးကွာ၊ မင်း ငါ့ကို ကူညီတာတွေ များနေပါပြီ ခုလည်း ညီမလေးက မင်းအိမ်မှာ၊ ဒီကောင်မလေး ခုထိ ဘာလို့ အိမ်ပြန်မလာသေးတာလဲ မသိဘူး၊ ငါတော့ မင်းကို အားနာ ပြီ လှုစံအောင်''

''မလိုပါဘူးကွာ၊ ဘာ အားနာစရာလိုလဲ၊ မင်းညီမ ခုမှ ငါ့အိမ်ကို ရောက်တာမှမဟုတ်တဲ့၊ မင်းနဲ့ စိတ်ဆိုးတိုင်း ငါ့ သူ့အစ်ကိုတစ်ယောက်လို သဘောထားပြီး အမြဲဆင်းလာနေကျ ဒါ အဆန်းမဟုတ်ပါဘူးကွာ''

''အေး…အဲဒါကြောင့်မို့လို့လည်း ငါ ဘာမှမပြော ပေါ့၊ ကိုယ့်ညီမဖို့ ကိုယ် ပြောတာမဟုတ်ဘူး၊ မင်း သူဆိုးတဲ့



ကိုတော့ တော်တော်ခံနေရမှာပေါ့''

''အဟွန်း…ဒါကလည်း ထုံးစံတစ်ခုပါပဲကွာ၊ ဩော် မင်း ကြည်နူးနဲ့ စကားပြောလိုက်ဦး၊ ငါ ကြည်နူးကို ဖုန်းခေါ် မယ်''

ဖုန်းကို ခဏချကာ လှုစံအောင် ကြည်နူးအခန်းဆီသို့ လာခဲ့သည်။

''ခေါက်…ခေါက်''

''ကြည်နူး''

''ကိုကိုလား ဝင်ခဲ့လေ''

''အေး…ဒီမှာ ကျော်ဆက်ဖုန်းလာတယ်၊ စကားပြော လိုက်ဦး''

စေ့ထားသည့် သူမအခန်းတံခါးကို ဖွင့်ကာ လှုစံအောင် ပြောလိုက်သည်။ ကြည်နူးမှာ မျက်နှာလေး မဲ့သွားကာ…

''ဟင့်အင်း…ကြည်နူး စကားမပြောချင်ဘူး''

''ဟဲ့…ဩော် မပြောချင်လို့ရမလား၊ ဒီမှာ ကျော်ဆက် စောင့်ထားတယ် ပြောလိုက်ဦး''

''ဟာ…မပြောချင်ပါဘူးဆို၊ ကြည်နူးကို အိမ်ပြန်လာဖို့

www.burmeseclassic.com

www.burmeseclassic.com



ပဲ ပြောမှာ၊ ပြီးတော့ ကိုကိုက ဟိုအမျိုးသမီးနဲ့ လက်ထပ်မှာပဲ… တော်ပြီ မပြောဘူး၊ ကိုကိုပဲ ပြောလိုက်"

ပြောပြီး ကြည်နူးသည် သူမကိုယ်လေးကို တစ်ဖက်သို့… စောင်းကာ ကျောခိုင်းအိပ်နေလိုက်သည်။

"ကြည်နူး…ညည်းနဲ့တော့ ခက်ပါလားကွာ၊ ကဲ … ညည်းမပြောချင်လည်းနေ၊ ငါပဲ ကျော်ဆက်ကို ကြည့်ပြောလိုက်…တော့မယ်"

လှစံအောင် ပြောပြီး ဖုန်းကို ပြန်ကိုင်ရလေသည်။

"ကျော်ဆက်…ကြည်နူးကို ဖုန်းပြောချင်ရင် နောက်… ပြော၊ ခု ကြည်နူး…"

"ဘာလဲ ဒီကောင်မလေး ငါ့ကို ဖုန်းမပြောဘူးတဲ့လား"

"ဟာ…အဲလိုမဟုတ်ပါဘူး၊ ခု သူက"

"ငါ့ညီမအကြောင်း ငါသိပါတယ်ကွာ၊ ဒီကောင်မလေး… ဂျစ်ကျနေတာ၊ မင်း သိပ်အလိုမလိုက်နဲ့နော် လှစံအောင်၊ ဒီပုံနဲ့… ဒီကောင်မလေး လွယ်မှာမဟုတ်ဘူး၊ မင်းကြည့်ပြီး ဆုံးမဦး"

"မင်း ငါ့ကိုပြောနေတယ်၊ မင်းတောင်နိုင်လို့လားကွ… သူ ဒီလိုဆိုးနေတာ မင်းရော ငါပါ ငယ်ငယ်ကတည်းက အလိုလိုက်…



…ထားမိလို့ပဲ၊ သူ့ကို ခုမှ ပြန်ပြီးပြင်ဖို့ဆိုတာ မလွယ်ဘူး ကျော်ဆက်"

"အေး…အားမကိုးချင်လည်းနေ၊ မင်းညီမကိုတော့ ငါ အကယ်လန့်တယ် မောင်၊ သူက မထင်ရင် မထင်သလို လုပ်တတ်တဲ့ မိန်းကလေးဆိုတာ မင်းလည်း သိနေတာပဲ"

"အဲဒါ မင်းညှဲ့လို့ကွ"

"ဟာ…ငါနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တယ်ကွ…ဆိုင်တယ်၊ မင်းက ကြည်နူးကို ငါ့ထက် ပိုအလိုလိုက်လွန်းလို့ ဒီကောင်မလေး ဒီလိုဖြစ်သွားတာ၊ တော်ပြီကွာ သူ့အကြောင်းပြောရင် ငါ ဒေါသထွက်လို့ သေလိမ့်မယ် ဒါပဲ"

ဒေါ်နှင့်မောနှင့် ပြောရင်းက ကျော်ဆက်သည် ဖုန်းကို ချသွားလေသည်။ သြော်…အဖြစ်ကပြောင်းပြန်။ သူက သူစိမ်းမို့ ဘာမဆိုင် ညာမဆိုင် စိတ်ဆိုးရမည်လားမှတ်ပါသည်၊ အစ်ကိုရင်းဖြစ်တဲ့ ဒီကောင်က စိတ်ဆိုးသွားရသည့်အဖြစ်။

ချစ်ကြည်နူး…ချစ်ကြည်နူး။

ညည်း ငါ့ကို တော်တော်ဒုက္ခပေးပါလား။

မျက်ခုံးကြီး တွန့်ချိုးထားရင်းက လှစံအောင်စိတ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ထွေးသွားရသည်။

"ကိုကို"

ခေါ်သံနှင့်အတူ သူ့နားရောက်လာသည်က ချစ်ကြည်နူး။ မျက်ခုံးကြီးပင့်လျက် သူ့အကြည့်တွေက သူမထံ ရောက်ရှိသွားကာ အသံက ဘုဆတ်ဆတ်ကြီး ထွက်သွားရသည်။

"ဘာလဲ"

"ကိုကိုကျော်ဆက်က ဘာတဲ့လဲ"

"ညည်းသိချင်ရင် သူ့ကိုမေးပါလား၊ ဘာလို့ ငါ့ကိုမေးသေးလဲ"

လှစံအောင်က အသံခပ်မာမာမို့ ချစ်ကြည်နူး မျက်လုံးဝိုင်းသွားရသည်။

"ကိုကို ကြည်နူးကို စိတ်ဆိုးနေတာလား"

"မဆိုးပါဘူး၊ ကျုပ်က ဘာလို့ စိတ်ဆိုးရမှာလဲ"

"ဒါဖြင့် ကိုကို ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ"

"ကိုကို့မျက်နှာကြီးက စူပုပ်ပုပ်နဲ့"

"အေး…အဲဒါ ညည်းကြောင့်"



"ဟင်…ကြည်နူးကြောင့် ဟုတ်လား"

"ဟုတ်တယ်"

"ကိုကိုနော်…ကြည်နူး ဘာလုပ်လို့လဲ"

"ကျော်ဆက် လက်ထပ်မှာကို ညည်း ဘာလို့ကန့်ကွက်နေရတာလဲ"

"ကိုကိုနော်…ပြောပြီးရက်နဲ့၊ ကြည်နူး လက်မထပ်စေချင်တာ ကိုကိုကျော်ဆက်ကိုမှ မဟုတ်ဘူး၊ ကိုကို လှစံအောင်ကိုညည်း အတူတူပဲ"

"ဘာ"

"နေပါဦး…ညည်းတို့ကြားထဲ ငါက ဘယ်လိုပါလာရပြန်တာလဲ"

"ပါလာတာမဟုတ်ဘူး၊ ကိုကိုက ပါကိုပါနေတာ"

"ဟေ"

အံ့သြစွာ လှစံအောင်မှာ မျက်ခုံးကြီး ပင့်သွားရလေသည်။ ကလေးမ ဘာပြဿနာရှာဦးမှာပါလိမ့်။

"ကြည်နူးဘဝမှာ ကိုကိုတို့နှစ်ယောက်လုံးက ကြည်နူးချစ်ရတဲ့ ကြည်နူးရဲ့ ကိုကိုတွေပဲ၊ ကြည်နူးချစ်တဲ့ ကိုကို့ကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်မိန်းကလေးမှ ပိုင်ဆိုင်သွားတာ ကြည်နူး မမြင်ချင်ဘူး၊ ပြီးတော့ ကြည်နူးချစ်တဲ့ ကိုကိုတို့အချစ်တွေကိုလည်း ကြည်နူး ခွဲဝေမပေးနိုင်ဘူး၊ ဒါကြောင့် ကိုကိုကျော်ဆက်ကိုရော ကိုကို့ကိုပါ လက်မထပ်စေချင်တာ သိပြီလား"

လူစံအောင်မှာ ကိုယ့်နဖူး ကိုယ်သာရိုက်မိပါတော့သည်။ ကြည်နူး...ကြည်နူး ဒီမိန်းကလေး တကယ့်ကို ကလေး တစ်ယောက်လိုပါပဲလား။

"ညည်းနဲ့တော့ခက်ပြီ ကြည်နူး၊ လောကမှာ လူမပြောနဲ့ သစ်ပင်တွေတောင် သူ့သဘာဝနဲ့သူ သီးချိန်တန်သီး၊ ပွင့်ချိန်တန် ပွင့်ကျတယ်ဆိုတာ ညည်းလေး မသိဘူးလား"

"အို...မသိချင်ပါဘူး"

မျက်စောင်းလေးနှင့် မျက်နှာလုလုလေးကိုတစ်ဖက်သို့ လွှဲသွားသော ချစ်ကြည်နူးကို လူစံအောင် မျက်ဝန်းတွေတွေကြီး နှင့် စိုက်ကြည့်ရင်းက...

"မသိချင်လို့မရဘူး ကြည်နူး၊ တစ်ချိန်ကြရင် မင်း အချစ် ဆိုတာ သိကိုသိလာရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက သိပ်ချစ်စရာ တဲ့ မိန်းမလှလေး ဖြစ်နေလို့ပဲ"



"အို"

ချစ်ကြည်နူး မျက်နှာလေး ရဲပသွားရသည်။ သူမ အလှ အကြောင်း စိတ်ဝင်တစားနှင့် ကိုကို့ထံမှ ချီးကျူးခြင်းက ချစ်ကြည်နူးအတွက် ဒါ ပထမဦးဆုံးသာ ဖြစ်ပါသည်။

အချစ်...ဘာအချစ်တဲ့လဲ။

ချစ်ကြည်နူးဘဝမှာ သူစိမ်းယောကျ်ားတစ်ယောက်၏ အချစ်ဆိုတာကို သူမ တစ်ခါမှ မစဉ်းစားခဲ့မိဘူးပါ။

ထိုအတူ တွေးလည်း မတွေးခဲ့ဘူး။

ကိုကိုကျော်ဆက်နှင့် ကိုကိုလူစံအောင်အပေါ်တွင်သာ မောင်ချစ်၊ ဖချစ်၊ မောင်နှမချစ်ဖြင့် ချစ်ခဲ့မိလေသူ။

ယခုတော့ တည်ငြိမ်အေးချမ်းမှုတွေနှင့် ပျော်ရွှင်စရာ ကောင်းခဲ့သော သူမတို့မောင်နှမနှစ်ယောက်၏ ဘဝလေးထဲကို တခြားတစ်ဦး ဝင်ရောက်လာပေတော့မည်။

ထိုသူကလည်း တခြားသူမဟုတ်။

သူမထံမှ အချစ်များကို ခွဲဝေယူမည့်သူ။

ချစ်ကြည်နူး ဘာလုပ်ရမည်လဲ။

ကိုကို့ကို သူမ ဒီအတိုင်းပဲ စွန့်လွှတ်ရတော့မည်လား။

www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း ဒီလိုလည်း မဖြစ်သေးပါ။

ကို ကို ကျော် ဆက် ဆို တာ က သူ မ ဘ ဝ ရဲ့

တစ်ဦးတည်းသော ချစ်ရသည့် အစ်ကိုရင်း။

ကိုကို့ကို လွယ်လွယ်နှင့် အလျှော့မပေးချင်။ သူ

ဘာလုပ် ရမည်လဲ။

ကိုကိုလှစံအောင် ပြောသလိုများ သူမရင်ထဲ အချစ်

မရှိသေး၍ ကိုကို့ရင်ထဲက အချစ်များကို ကိုယ်ချင်းမစာတတ်

သလား။

အတွေးတွေနှင့် ချစ်ကြည်နူး ရှုပ်ထွေးလာရသည်။

အချစ်…အချစ်…အချစ်က လူတစ်ယောက့်ဘဝအတွ

ဘယ်လောက်များ အရေးပါနေသည်လဲ။

မချစ်တတ်သေးသည့် သူမအတွက်တော့ အချစ်ဆိုတာ

နားမလည်သလို မခံစားတတ်သည်ကလည်း အမှန်ပင်။

ဒါကို ကိုကိုသည် သူမအား စိတ်ဆိုးနေသည်တဲ့လား

ကိုကို စိတ်ဆိုးချင်ဆိုး သူမကတော့ အချစ်ဆိုတာကို နားမလည်

ပါ။

ကိုကို စိတ်ဆိုးသလို သူမကလည်း ကိုကို့အား စိတ်



ပါ၏။ ယခုချိန် သူမ အားကိုးနေရသည်က ကိုကို လှစံအောင်။

ဒါနဲ့တောင် ကိုကိုသည် ဘာကြောင့် သူမခံစားမှုကို နားလည်မပေးရသည့်လဲ။

"ကြည်နူး လူရွေးမှားသွားပြီလား ကိုကို"

"ဘာပြောတယ် ကြည်နူး"

"ဘယ်သူမှ နားမလည်ရင်နေ၊ ကိုကိုကတော့ ကြည်နူးကို နားလည်လိမ့်မယ်လို့ ထင်ထားခဲ့တာ"

"ကြည်နူး"

"မခေါ်နဲ့ ကိုကို၊ ကြည်နူးကို မခေါ်ပါနဲ့၊ ကြည်နူး နားလည်ပြီ ကိုကို၊ ကိုကို့သဘောထားက ကိုကိုကျော်ဆက်ရဲ့ သဘောထားနဲ့ အတူတူပဲဆိုတာ"

စိမ်းဖန့်နေသော မျက်ဝန်းလေးနှင့် လှစံအောင်အား ခပ်စူးစူးလေးကြည့်ကာ ကိုယ်လေး ချာခနဲ လှည့်ထွက်သွားသည့် ချစ်ကြည်နူးကို လှစံအောင် မတားနိုင်ခဲ့ပါ။

တားဆီးရန်လည်း သူ မကြိုးစားမိ။ သူ့စေတနာကို စေတနာရယ်လို့ နားလည်သွားသူလေးကို လှစံအောင် ဘာမှမပြောရှင်းချင်သလို သူမ၏ အထင်အမြင် လွဲမှားမှုတို့အတွက်လည်း

www.burmeseclassic.com

www.burmeseclassic.com



လူစံအောင် ရင်နာရပါသည်။

ရှိစေတော့။

ယခု လောလောဆယ်မှာတော့ သူ့အပေါ် အထင်အမြင်လွဲမှားနေသည့် သူမလေးကို သူ ဘာမှမဖြေရှင်းသလို ဖြေရှင်းရန်လည်း စိတ်ကူးမရှိသေး။

တစ်ချိန်မှာ သူ့စေတနာတွေကို သူမလေး နားလည်လာလျှင် သူကျေနပ်ပါသည်။

ထိုတစ်နေ့ဆိုတာကတော့…။

ဟူး…။

ကြည်နူးရယ်။

သူမနှင့်ပတ်သက်လို့ မကုန်ဆုံးနိုင်တော့သည့် သက်မ မောများနှင့် လူစံအောင်မှာ မျက်ဝန်းအစုံကို မှိတ်လိုက်ပါတော့သည်။

□ □ □

## အခန်း (၆)

"တီ…တီ…တီ"

အပြာရောင်တောက်နေသည့် နောက်ဆုံးပေါ် ကားလှလှလေးတစ်စီးက လူစံအောင်ခြံရှေ့ ပန်းရုံသို့ ဆိုက်လာလေသည်။

ဘယ်သူ့ကားပါလိမ့်။

ပန်းပင်လေးတွေနှင့် ခြံထဲတွင် အလုပ်ရှုပ်နေသော ချစ်ကြည်နူးမှာ ခြံရှေ့ထိုးရပ်လာသော ကားလေးကို အံ့ဩစွာ ကြည့်နေဆဲမှာပင် ကားပေါ်မှ လူတစ်ယောက် ဆင်းလာလေသည်။

"ဟင်"

"ခန့်ထည်ဘွား"

မမျှော်လင့်သူကို ရုတ်တရက် တွေ့လိုက်ရသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ချစ်ကြည်နူး အံ့သြသွားရသည်။

ခန့်ထည်ဘွား သူ ဒီကို ဘာလာလုပ်တာပါလိမ့်။ သူ့စ ကြည့်နေဆဲမှာပင် ခန့်ထည်ဘွားသည် ကားပေါ်က ဆင်းလာလေ သည်။

ချစ်ကြည်နူး မနေသာတော့။ ပန်းပင်လေးတွေနှင့် အလုပ် ရှုပ်နေရာမှ ခန့်ထည်ဘွားရှိရာသို့ လျှောက်လာပြီး…

"ခန့်ထည်ဘွား…နင် ဒီကိုဘာလာလုပ်တာလဲ"

"ကြည်နူး"

"အဟွန်း…ငါက နင့်ကို တွေ့မှတွေ့ပါ့မလားလို့"

"နေပါဦး…နင်က ငါ့ကို ဘာလို့တွေ့ချင်ရတာလဲ။ ပြီးတော့ ဘာကိစ္စ ဒီကိုလာရတာလဲ"

"နင့်မေးခွန်းတွေကလည်း များလှချည်လား၊ ဘယ်လိုလဲ ကိုယ့်ဆီလာတဲ့ဧည့်သည်ကို ဒီအတိုင်းပဲ ဧည့်ခံတော့မှာလား"

"ဘာ…ဧည့်သည်ဟုတ်လား၊ ဧည့်သည်ဆိုတာ အိမ်ရှင် ဖိတ်မှ လာရတာ၊ ငါ နင့်ကို မဖိတ်ထားဘူး ခန့်ထည်ဘွား"

"အဟား…ဟား…ဟား ချစ်ကြည်နူး နင်ကတော့ အရင်ကအတိုင်းပဲနော်၊ ဘာတစ်ခုမှ မပြောင်းလဲဘူး၊ အင်းလေ





ဒါကြောင့်လည်း ငါ နင့်ကို"

"ခန့်ထည်ဘွား"

အကြည့်စူးစူးတွေနှင့် ကြည့်ကာဆိုလာသည့် ခန့်ထည်ဘွား ချစ်ကြည်နူး စကားပြောခွင့်မပေးပါ။ သူမ၏ ခွင့်ပြုချက်မရပါဘဲ သူမရှိရာ ပန်းရုံဆီသို့ ရောက်ရှိလာသော ခန့်ထည်ဘွားကို ချစ်ကြည်နူးမှာ အံ့သြရသလို စိတ်ကလည်း သူ့အပြုအမူတွေအတွက် ချေ့ငြင်မရဲ။

သူမရှိရာကို ခန့်ထည်ဘွား ယခုလို တစ်ခါမှ မလာဘူး ပါ။ ယခု ဘာကြောင့် လာရပါသည်လဲ။

ချစ်ကြည်နူး အဖြေရှာမရ။

သူမအားတွေ့တိုင်း အမြဲလို စိတ်အနှောင့်အယှက်ဖြစ်စေ ရသည့် စကားတွေနှင့် လူကို ရိသဲ့သဲ့ပြောတတ်သည့် ခန့်ထည် ဘွားကို ချစ်ကြည်နူး ကြည့်မရခဲ့ပါ။

ဒါကြောင့်လည်း တွေ့တိုင်း ပြဿနာဖြစ်ရသည်။ ပြဿနာဖြစ်၍ မခေါ်ချင်လို့လည်းမရ။

အထက်တန်းမှစကာ ကျောင်းပြီးသည့်အထိ ခန့်ထည်ဘွား ကို သူမရှောင်၍မရခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ရှိသဲ့သို့စကားတွေနှင့် သူမအား ကြင်နာမှုတွေပြကာ ချစ်စကားဆိုခဲ့သော ခန့်ထည်ဘွားကို ချစ်ကြည်နူးမှာ သူငယ်ချင်း တစ်ယောက်ထက် မပိုခဲ့ပါ။

ဒါကို ခန့်ထည်ဘွားကိုယ်တိုင်လည်း သိပါသည်။

သူ့အား မချစ်နိုင်ပါဟု သူမ အပြတ်ပြောထားသည့်ကြား ကပင် စွဲမလျှော့ဘဲ သူမ့်ထံက အချစ်များကို ရှုတ်တောင်းခံနေသည့် ခန့်ထည်ဘွားကို ချစ်ကြည်နူး တစ်ခါတစ်ရံတော့လည်း သနား ပါသည်။

တကယ်ဆို ခန့်ထည်ဘွားလို အဆင့်အတန်းမြင့်မားသည့် အသိုင်းအဝိုင်းမှ ငွေကြေးချမ်းသာသော တစ်ဦးတည်းသောသား တဲ့ သူ့အနားတွင် သူ့အချစ်ကို စောင့်မျှော်နေသည့် မိန်းမချော များလည်း ရှိပါသည်။

ဆံပင်ညိုညိုပျော့ပျော့လေးများက နဖူးပေါ် ခပ်ယိုင်ယိုင် ဝဲလျက် ကြည်စင်သောအသားအရေနှင့် လူချောတစ်ယောက် သော ခန့်ထည်ဘွားသည် သူ့အနားတွင် ဆွတ်ခူးရန် အသင့်ရှိ သည့် မိန်းမချောလေးများကိုဖြင့် စိတ်မဝင်စားပါဘဲ သူ နည်းနည်းမှ စိတ်မဝင်စားသည့် ချစ်ကြည်နူးကိုတော့ စိတ်ဝင်





ခဲ့သူ။

အချစ်သည် ဆန်းကြယ်မှုတွေနှင့် တကယ်ပင် ရှိသည် ထားမသိပါ။ ခန့်ထည်ဘွားကို ကြည်နူးသည် မချစ်။

မချစ်၍လည်း သူမအပေါ် စိတ်ကုန်အောင် ချစ်ကြည်နူး သည် ခန့်ထည်ဘွားအား နည်းမျိုးစုံနှင့် စိတ်ကုန်စိတ်ပျက်အောင် လုပ်ခဲ့ပေမယ့် ခန့်ထည်ဘွားကတော့ စွဲမလျှော့။

သူ့အပေါ် သူမ ဘယ်လိုဆိုးဆိုး ဘယ်လိုစိတ်ကုန်အောင် လုပ်လုပ် အပြုံးမပျက်ဘဲနှင့် သည်းခံနိုင်ခဲ့သူ။

ဒါကြောင့်လည်း ချစ်ကြည်နူး သူ့အပေါ် သနားစိတ်နှင့် သူငယ်ချင်းတစ်ယောက်လို ဆက်၍ခေါ်ပြောဆက်ဆံနေခြင်းပင်။

ညနေခင်းအချိန်ဝယ် ပုစွန်ဆီရောင်ဝတ်စုံလေးနှင့် ကြက်သရေရှိစွာ လှပလွန်းနေသော ချစ်ကြည်နူးကို ခန့်ထည်ဘွား မှာ စိုလက်နေသည့် မျက်ဝန်းများဖြင့် ကြည့်နေသည်မှာ သူမထံ မှ သူ့အကြည့်များ မခွာတော့။

ချစ်ကြည်နူးဆိုတာက သူ့နှလုံးသားထဲက မိန်းကလေး။ မြင်မျိုးမှုံ့မထင် ညွှတ်ဖူးနေသော အလှတွေနှင့် သိပ်လှသော သူမ ကို ခန့်ထည်ဘွား ရွယ်လွယ်နှင့် မစွန့်လွှတ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အား မချစ်ပါဟု သူမ ပြောထားပေမယ့် ခန့်ထည်ဘွား စိတ်မပျက်။ တကယ်ချစ်လျှင် သူမအချစ်ကို သူရအောင် ကြိုးစားရပေမည်။

"နင်ပြန်တော့ ခန့်ထည်ဘွား"

"ဟာ…ညွှေ့သည်ကို ဒီလိုပဲ နင်ထုတ်ရသလားကွ"

"နင်နော်…ဘာညွှေ့သည်လဲ၊ ငါ ပြောပြီးပြီမဟုတ်လား ငါ မဖိတ်ဘဲရောက်လာတာ ငါ့ညွှေ့သည်မဟုတ်ဘူးဆိုတာ"

"ဆောရီး…ငါ နင့်ကိုတွေ့ချင်လို့"

"ဘာကြောင့်တွေ့ချင်ရတာလဲ"

"သတိရလို့"

"ဘာ"

"ဒါနဲ့…နင် ဒီအိမ်ကိုရောက်နေတာ ကြာပြီလား"

"ခန့်ထည်ဘွား"

"ငါက နင် ဒီအိမ်ရောက်နေတယ် ကြားတုန်း… ယုံတောင်မယုံခဲ့ဘူး၊ ပက်စီပြောတုန်းက နောက်နေတယ်ထင်နေ… ဒါကြောင့် မယုံလို့ ငါလာကြည့်တာ၊ ပြီးတော့ စိတ်ပူလို့"

"နေပါဦး…ငါ ဘယ်မှာနေနေ ဒါ နင့်အလုပ်…



…တော့ ငါ့အတွက်လည်း နင် စိတ်ပူစရာမလိုဘူး"

ချစ်ကြည်နူးမျက်နှာလေးက ခပ်တင်းတင်းရှယ်။ ခန့်ထည် …မှာ သူမမျက်နှာလေးကို တစ်ချက်ကြည့်လိုက်ပြီး…

"ငါချစ်တဲ့မိန်းကလေးတစ်ယောက်အတွက် စိတ်ပူတာ …အပြစ်လား ကြည်နူး"

"ခန့်ထည်ဘွား…နင် ဒီစကားတွေပြောနေမယ်ဆိုရင် …တော့၊ ငါ နင်နဲ့ ဒီစကားတွေ မပြောချင်ဘူး"

မျက်နှာတင်းတင်းလေးနှင့် သူမစကားတွေက ခန့်ထည် …ရင်ကို ထိခိုက်သွားရလေသည်။

သူမ သူ့ခံစားမှုတွေကို နည်းနည်းမှ ဂရုမစိုက်ခဲ့ပါလား။ …သားမှာ ဆစ်ခနဲ နာကျင်သွားရသည်။

သူ့မှာတော့ သူမအတွက် စိုးရိမ်မှုတွေနှင့် ဒါကို သူမ …တော့ နည်းနည်းလေးမှ ဂရုမစိုက်ပါလား။

"နင် အိမ်ပြန်သင့်ပြီ ကြည်နူး"

"ဘာပြောတယ်"

"နင့်အိမ်ကို နင် ပြန်သင့်ပြီလို့ပြောတာ"

"ဒီလိုမျိုး နင့်မှာ ပြောပိုင်ခွင့်မရှိဘူးဆိုတာ နင်မမေ့ပါ…

www.burmeseclassic.com

www.burmeseclassic.com



ဘူးနော်"

"ငါ မရှေ့ပါဘူး ကြည်နူး၊ ဒါပေမယ့် ဒီစကားကိုတော့ ငါပြောရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ငါက နင့်ကို ချစ်တဲ့သူမို့လို့"

"ခန့်ထည်ဘွား…နင်"

ဒေါသတွေနှင့် ချစ်ကြည်နူးမျက်နှာလေး ရဲတောက်နေလေပြီ။

"ငါ…ဦးလူစံအောင်ကို စိတ်မချဘူး"

"နင်…ကဲဟယ်"

"ကြည်နူး"

လေမှာပျံ့ဝဲလာသော ချစ်ကြည်နူးလက်လေးကို ခန့်ထည်ဘွား ဖမ်းဆုပ်လိုက်လေသည်။

"လွှတ်…လွှတ်စမ်း၊ ငါ့လက်ကို နင် လွှတ်စမ်း ခန့်ထည်ဘွား"

"နင်…ငါ့ကို စိတ်ဆိုးချင်ရင်လည်းဆိုး၊ ငါ့ရင်ထဲမှာ နင်နဲ့ပတ်သက်ပြီး ဦးလူစံအောင်အပေါ် စိုးရိမ်မှုတွေ ရှိနေတာတော့ အမှန်ပဲ"

"နင့်စကားတွေက သိပ်လွန်နေပြီနော် ခန့်ထည်ဘွား



သူ့ကိုနဲ့ပတ်သက်ပြီး နင်ဘာမှ ပြောစရာမလိုဘူး၊ နင်စိုးရိမ်သလို ဖြစ်နေရင်တောင် နင် ဒီစကားတွေ ပြောခွင့်မရှိဘူး"

ခန့်ထည်ဘွား မျက်မှာပျက်သွားရသည်။

သူသိပါသည်။ သူ့စကားတွေက သူမအပေါ် စိုးရိမ်မှုတွေနှင့် ပိုင်စိုးပိုင်နင်း ဆန်နေမည်ဆိုတာ။ ဒါပေမယ့် သူ မပြောဘဲလည်း မနေနိုင်။

ချစ်ကြည်နူးဆိုတာ သိပ်လှသည့် မိန်းကလေး။

သူမအလှတွေကို သူသတိထားမိသလို ယောကျ်ားတစ်ယောက်ဖြစ်သည့် ဦးလူစံအောင်လည်း သူ့လို သတိထားမိပါလျှင်…

ဟင်း။

ခန့်ထည်ဘွား သက်ပြင်းချလိုက်သည်။

"ကြည်နူး…ငါ"

"နင်ပြန်တော့ ခန့်ထည်ဘွား၊ ငါ နင့်ကို ဒီထက်ပိုပြီး စိတ်မဆိုးချင်ဘူး"

"ငါ တောင်းပန်ပါတယ်ကြည်နူး၊ တကယ်တော့ ငါ"

"နင် အိမ်ထဲဝင်ဦးမလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ခန့်ထည်ဘွား အံ့ဩသွားရသည်။

ကြည်နူး သူ့ကို ဘာပြောလိုက်တာပါလိမ့်။

"ကြည်နူး…နင်"

"ဩော်…နင့်ကို အိမ်ထဲဝင်ထိုင်ဦးမလားလို့ မေးတာ"

ခြံဝမှာပင် သူမကိုယ်လေး ဝိတ်ရပ်လျက် သူ့အား ဝင်ခွင့်မပေးသော သူမ။ ခုမှ ဘာစိတ်ကူးရသည်မသိပါ။ သူ့အား အိမ်ထဲသို့ပင် ဝင်ခွင့်ပေးနေပြန်သည်။

ဘာပဲပြောပြော ခန့်ထည်ဘွား ကျေနပ်သွားရသည်အမှန်။

သူ မျှော်လင့်ခဲ့သည်ကလည်း သူမထံမှ ဒီလိုနားလည်မှုမျိုးပင်။

အပြုံးလှလှလေးနှင့် ချစ်ကြည်နူး သူမကိုယ်လေးကို ဖယ်ကာ ခန့်ထည်ဘွားအား အိမ်ထဲသို့ ဖိတ်ခေါ်လိုက်သည်၏ ပန်းရဂုံတစ်နေရာမှ လူတစ်ယောက်သည် စူးရှတောက်ပသော မျက်ဝန်းကြီးအစုံဖြင့် အံကို တင်းတင်းကြိတ်ကာ စေ့စေ့စူးစူးကြီး ကြည့်နေပါ၏။



ထိုသူက တခြားမဟုတ်ပါ။ ပန်းရဂုံ၏ အရှင်သခင် လူစံအောင်ပင်ဖြစ်လေသည်။

ချစ်ကြည်နူးမှာ ခန့်ထည်ဘွားအား အိမ်ထဲသို့ ဖိတ်ခေါ်ရန် မရည်ရွယ်ခဲ့ပါ။

သို့သော်…သူမတို့အား ကြည့်နေသည့် လူစံအောင်ကို မြင်လိုက်တော့ သူမရင်ထဲ သူ့အပေါ် အရွဲ့တိုက်ချင်စိတ်များ ဖြစ်လာရသည်မို့ ခန့်ထည်ဘွားအား အိမ်ထဲသို့ ဖိတ်ခေါ်လိုက်ခြင်းဖြစ်သည်။

ဒါ သူမ လူစံအောင်ကို တမင်အရွဲ့တိုက်လိုက်ခြင်းပင်။ သူမအပေါ် နားလည်မှုတွေ ရှိနေလိမ့်မည်ဟု ထင်ထားခဲ့သမျှ သူမအထင်နှင့် တခြားစီ ကိုကိုသဘောထားများကို သိပြီးကတည်းက ချစ်ကြည်နူးသည် သူမအပေါ် နားလည်မှုမရှိပါလားဆိုသည့် စိတ်အတွေးများနှင့် ကိုကို့အား စိတ်ဆိုးရုံမက ယခုလို ကိုကို့အား အရွဲ့တိုက်ပစ်လိုက်သည်။

ကဲ…ကိုကိုလူစံအောင် ရှင် ဘာတတ်နိုင်သေးလဲ။

အချစ်ဆိုတာ ကြည်နူးကို သိစေချင်တဲ့ ကိုကို။ ခု ကိုကို သိစေချင်တဲ့အတိုင်း ကြည်နူး လုပ်နေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးလိုပဲ ကိုကိုလည်း ခံနိုင်ရည်ရှိအောင် ကြိုးစ... ထားပါ ကိုကို ဆိုသည့် စကားများကို ချစ်ကြည်နူးရင်ထဲ သို့... လိုက်မိသည်။

ခန့်ထည်ဘွားကတော့ ချစ်ကြည်နူးရင်ထဲက ခံစားမှုမျ... ကို မသိပါ။ အပြုံးလှလှ မျက်နှာချိုချိုလေးနှင့် ရှိနေသော ချစ်ကြည်... နူးကိုသာ မယုံနိုင်သော တောက်ပသည့် မျက်ဝန်းစိုကြီးများနှ... ငေးကာကြည့်ရင်း စကားတွေဆိုနေမိသည်။

ခန့်ထည်ဘွားအား ချစ်ကြည်နူးသည် အပြုံးလှလှ ချို... အီအီလေးနှင့် စကားတွေဆိုနေလေလေ မျက်ခုံးထူထူကြီးနှစ်ဘ... ထိလုမတတ် မျက်မှောင်ကြီးကြုတ်လေ ဖြစ်နေရသော လူစံအော... ကို ချစ်ကြည်နူးမှာ မျက်ဝန်းလှလှလေးနှင့် မသိမသာ အကဲခ... ရင်း ကျေနပ်နေရသည်။

ကျေနပ်မှုနှင့်အတူ လူစံအောင်ကိုလည်း အနိုင်ယူချင်စိ... တွေ ဖြစ်နေရသည်။

စိတ်ထဲမှာတော့ မျက်ခုံးကြီးတွန့်ကြုတ်ကာ မျက်နှာမ... နေသည့် လူစံအောင်ကိုကြည့်ပြီး ရင်ထဲကျေနပ်မှုတွေနှင့် ... ရသည်။



လူစံအောင်မှာတော့ တစ်ချက်တစ်ချက် သူ့အား မျက်ဝန်း ...လှလေးနှင့် ကြည့်ရင်း ပြုံးချိုသော မျက်နှာလေး ...နှင့် မျက်နှာ ...လေးကို ခပ်မော့မော့ထားကာ သူ့အား ဂရုမစိုက်သလို ခန့်ထည် ...ဘွားနှင့် စကားတွေဆိုနေသော ချစ်ကြည်နူးကြောင့် ရင်မှာ ဒေါသ ...တွေနှင့်။

ချစ်ကြည်နူး။

ဒါ…ဘာလုပ်တာလဲ။

သူသိသလောက် ခန့်ထည်ဘွားဆိုတာ သူမ ဒီလိုအခွင့် ...အရေးပေးရမည့်သူ မဟုတ်ပါ။

တွေ့လိုက်တိုင်း ပြဿနာဖြစ်ကာ ကြည့်မရပါဆိုသော ...သူမက ခုတော့ ခန့်ထည်ဘွားအပေါ် အပြုံးလှလှလေးနှင့် မယုံနိုင် ...လောက်အောင်ပါပဲလား။

လူစံအောင်သည် စိတ်မှာ တစ်ခုခုကို အလိုလိုသိနေသလို။ ...ခံစားရပါသည်။ ဒါ သူမလေး သူ့ကို အရွဲ့တိုက်နေသည်ဆိုတာ။

သူ့ကို မကျေနပ်၍ သူမ သူ့ကို အရွဲ့တိုက်နေပုံကတော့ ...သူ့အတွက် မခံချင်စရာ။

တကယ်ဆို ခန့်ထည်ဘွားနေရာ တခြားတစ်ယောက်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



တောင် သူ ခွင့်လွှတ်ကောင်း ခွင့်လွှတ်ပါလိမ့်မည်။

ခုတော့ ကိုယ့်အပေါ် မရိုးသားသည့် ဒီချာတိတ်
အပြုံးချိုချို၊ မျက်နှာလှလှလေးနှင့် ရှိနေသည်က သူမအတွ
ကိုယ့်အန္တရာယ်ကို ကိုယ်ဖိတ်ခေါ်နေသလိုပင်။

"တောက်"

မေးကြောကြီးတင်းကားကာ သွားများကို ခြေကြိတ်လျ
တောက်တစ်ချက်ကို လူစံအောင် ခပ်ပြင်းပြင်းခေါက်လိုက်မိသည
သည်နောက် သူသည် ခြံထဲတွင်ထိုင်ကာ ဖတ်လ
စာအုပ်ကို သိမ်းလိုက်ပြီး ခြေလှမ်းကျဲကြီးများနှင့် အိမ်ကြီး
လျှောက်လာခဲ့သည်။

ဘာကြောင့်ရယ်မသိ။ ရင်ထဲမှာတော့ ဒေါသတွေ
သူ ဒေါသဖြစ်နေရသည်က အကြည့်ရူးရူးကြီးတွေနှင့် ကြည့်
သော ခန့်ထည်ဘွားကိုလား။ ဒါမှမဟုတ် ခန့်ထည်ဘွားအ
အပြုံးချိုချိုလေးနှင့် ရှိနေပါသော ချစ်ကြည်နူးကိုပဲလား။

သူကိုယ်သူလည်း လူစံအောင် မသိတော့ပါ။ သူသိ
က ချစ်ကြည်နူးဆိုတာ သူ ငယ်ငယ်ကတည်းက သံယော
ထားရသည့် မိန်းကလေး။



ပြောရလျှင် သူ့ဘဝတစ်လျှောက်လုံးတွင် သူ အရင်းနှီး
ဆုံး မိန်းကလေးမှာလည်း ချစ်ကြည်နူးပင်ဖြစ်သည်။

ယောကျ်ားတစ်ယောက်နှင့် ပတ်သက်၍ ချစ်ကြည်နူး
အပေါ် သူ စိုးရိမ်မိခြင်းသည် သူ့ဘဝအတွက် ဒါ ပထမဦးဆုံးသော
ဖြစ်လေ၏။

ခန့်ထည်ဘွားနှင့် သူမကို အခုလိုယှဉ်တွဲတွေ့လိုက်ရတာ
နှင့် သူ့ရင်ထဲ ဘာကြောင့် ဒီလောက်စိတ်လှုပ်ရှားသွားရပါသည်လဲ။

သူ...မတွေးတတ်တော့။

သေချာသည်ကတော့ သူ့ရင်ထဲ ပူလောင်နေခြင်းပင်။

ခန့်ထည်ဘွားကို လူစံအောင် သိပါသည်။

ဒီချာတိတ်က ရုပ်ချောသလို မိဘအရှိန်အဝါနှင့် ငွေကြေး
ချမ်းသာသူတစ်ယောက်။ ဒါ့အပြင် မိန်းကလေးများနှင့်လည်း
ရှုပ်ထွေးချင်သူ။

ဒါကို သူမ မသိလေရော့သလား။ သိရက်နှင့်ပင် သူ့ကို
တမင်အရွဲ့တိုက်ဖို့သာ စဉ်းစားနေခြင်းလား။

ခန့်ထည်ဘွားလို ချာတိတ်က သူမလို ဖူးဖူးစင်စင်
သိပ်လှသော မိန်းကလေးတစ်ယောက်ကို လွယ်လွယ်နှင့် အလျှော့

www.burmeseclassic.com

www.burmeseclassic.com



ပေးလိမ့်မည်သူမဟုတ်။

တွေးလိုက်ရုံဖြင့် လှစံအောင်ရင်ထဲ စိုးရိမ်မှုတွေက ကြီးနိုး သွားရသည်။

"ကြည်နူး"

သူ့အသံက ညှို့ခန်းတစ်ခုလုံးကိုပင် လွှမ်းမိုးသွားရသလို။ ချစ်ကြည်နူးမှာ ခန့်ထည်ဘွားကို ကော်ဖီချပေးရင်း လှစံအောင်အား အေးစက်စက်မျက်ဝန်းတွေနှင့် လှမ်းကြည့်လေသည်။

သူမထံမှ ဒီအကြည့်များကို မြင်တော့ လှစံအောင် ရင်မော သွားရသည်။ သူ သိလိုက်ပါသည်။ သူမလေး သူ့အပေါ် အထင်လွဲစိတ်ကောက်နေပြီဆိုတာ။

"သောက်လိုက်ဦး ခန့်ထည်ဘွား၊ ကော်ဖီတွေအေးကုန် လိမ့်မယ်"

နှုတ်ခမ်းအစုံကို လှစံအောင် တင်းတင်းစေ့ပစ်လိုက်သည်။

အပြုံးလေးစွက်ကာ ပြောလျက် ကော်ဖီခွက်ကို ခန့်ထည် ဘွားရှေ့သို့ တိုးပေးရင်းက ချစ်ကြည်နူး ပြောလိုက်သည်။

ခန့်ထည်ဘွားမှာ မျက်ဝန်းတည်တည်ကြီးနှင့် မျက်နှာကြီး နီရဲနေသော လှစံအောင်ကိုကြည့်ကာ အနေခက်နေရတော့သည်။



ယောက်ျားချင်းမို့ လှစံအောင်ရင်ထဲ ဘာဖြစ်နေသည်ကို ခန့်ထည်ဘွား ရိပ်မိနေရသလို။

ချစ်ကြည်နူးကတော့ ဒါတွေကို ဂရုပြုမိပုံမရ။ ဒီနေ့မှ သူ့အပေါ် ထူးထူးခြားခြား သဘောတွေကောင်းကာ ညှို့ခံနေလေ သည်။

"သောက်လေ…ခန့်ထည်ဘွား၊ ကြည်နူးကိုယ်တိုင် ဖျော်ထားတာ၊ ဘာလဲ မကြိုက်လို့လား"

"အင်း…ဟို မဟုတ်ဘူး၊ ကိစ္စလေးတစ်ခုရှိတာ မေ့နေ လို့ ပြန်လိုက်ဦးမယ်၊ နောက်မှနော် ကြည်နူး"

စူးရဲသည့် လှစံအောင် အကြည့်များအောက်မှာ ခန့်ထည် ဘွားသည် မနေရဲတော့သလို ကမန်းကတန်းပင် နှုတ်ဆက်ကာ ပြန်သွားလေသည်။

ချစ်ကြည်နူးမှာ မျက်နှာလေးပျက်နေရတော့သည်။ ခန့်ထည်ဘွား ဘာဖြစ်သွားသည် သူမ သိပါသည်။

အသိနှင့်အတူ ချစ်ကြည်နူးအကြည့်တွေက လှစံအောင်ထံ ရောက်ရှိသွားရသည်။

အိမ်ရှင်ဖြစ်တဲ့သူက ဒီလောက်မျက်နှာကြီး တင်းတင်း

www.burmeseclassic.com

www.burmeseclassic.com



ခက်ထန်နေမှတော့ ဘယ်လိုညှို့သည် နေရဲပါ့မည်လဲ။

ဖွင့်လှာပွင့်ချပ်လေးများပမာ ရှိနေသည့် နှုတ်ခမ်းဖူး လေးက ခပ်တင်းတင်းလေး စေ့သွားရပြီး…

“ဒါ ဘာလုပ်တာလဲ ကိုကို”

“ဘာပြောတယ် ကြည်နူး”

“ခန့်ထည်ဘွားက ကြည်နူး ညှို့သည်ဆိုတာ ကိုကို ဘူးလားဟင်၊ ဒါ ကိုကို ကြည်နူးကို တမင်အရှက်ခွဲလိုက်တာ ဟုတ်လား”

ချိုအီနေသော အပြုံးတွေနှင့် စကားသံတွေက အစ ဖြင့် စောစောကနှင့် တခြားစီ။ ဒါ ခန့်ထည်ဘွားမဟုတ်တော့ များလား။

လှုံ့ဆော်မှာ သူ့အပေါ် ရန်တွေနေသော ချစ်ကြည်နူး ကြည့်ပြီး ရင်နာနေရသည်။

ခန့်ထည်ဘွားနှင့် ပတ်သက်ကာ သူမ ဒီလောက် လေးနက်မှုတွေ ရှိနေပြီတဲ့လား။

“ကြည်နူး…ဘာဖြစ်နေတာလဲ”

“ဘာရယ်”



“ဒါ…မင်း ကိုကို့ကို တမင်အရွဲ့တိုက်နေတာမဟုတ် လား”

ချစ်ကြည်နူး အံ့သြသွားရသည်။

ဘုရားရေ…ကြည့်စမ်း။

ကိုကိုသည် သူမရင်ထဲကို ထိုးဖောက်မြင်နေသည်ပါလား။

ချစ်ကြည်နူး မျက်နှာလေး ရဲပသွားရသည်။

ချစ်ကြည်နူး ကိုကို့ကို ဝန်မခံချင်ပါ။

ကိုကိုသည် သူမအား နားလည်ပေးသူမဟုတ်။

အတွေးများနှင့် ချစ်ကြည်နူး လှုံ့ဆော်မျက်နှာချောချော ကို ကြည့်လိုက်မိတော့ သူမအား ကြည့်နေပါသည့် ကိုကို့ အကြည့်တွေနှင့် အကြည့်ချင်း ဆုံသွားရသည်။

လှုံ့ဆော် အကြည့်များအောက်တွင် ချစ်ကြည်နူး မလုံ လေးဖြစ်သွားရသည်။

သူမ အပြုအမူတွေက သိပ်ပြီး ကလေးဆန်သွားရပြီလား။ ဖြင်လေးနှစ်ဖက်က နှင်းဆီခင်းလေးလို နီရဲတောက်ပသွားရ သည်။

သို့သော်…ကိုကို့ကိုတော့ အရှုံးမပေးချင်သည်မို့…

www.burmeseclassic.com

www.burmeseclassic.com



"အရွဲ့တိုက်တယ်လို့ ဘာကြောင့် ကိုကိုပြောရတာလဲ၊ ပြီးတော့ ကိုကိုနဲ့ ကြည်နူး ဘာဆိုင်တာမှတ်လို့"

"ကြည်နူး"

လှုံ့ဆော်အသံက တစ်စုံတစ်ရာအတွက် ထိတ်လန့်သွားရသလို တစ်စုံတစ်ရာကို လက်လွှတ်ဆုံးရှုံးလိုက်ရသည့်အသံမျိုး။

"ဘယ်လိုပြောလိုက်တာလဲ ကြည်နူး၊ မင်းစကားတွေ သိပ်ပြီး စိမ်းကားမနေဘူးလား၊ ပြီးတော့ ကိုကိုက မင်းပြောသလို လူမျိုးလား"

မျက်နှာလှလှလေးကို ချစ်ကြည်နူး တစ်ဖက်သို့ လွှဲပစ်လိုက်သည်။ သူ့စကားတွေက ကိုကို့အပေါ် သိပ်များလွန်သွားပြီလား။

စိတ်ထိခိုက်သွားသည့် ကိုကို့အသွင်က သူ့မအား နောင်တတွေ ရနေစေရသလို။

"ခန့်ထည်ဘွားဆိုတာက"

"သူက ကြည်နူးသူငယ်ချင်း"

"ဒါပေမယ့် ချာတိတ်က သူငယ်ချင်းထက် ပိုနေတယ်ဆိုရင်ရော"

[redacted]



"ဒါ…ကြည်နူးကိစ္စပါ"

"ကြည်နူး"

"ကိုကိုပဲ ပြောခဲ့တယ်လေ၊ အရွယ်ရောက်တဲ့သူတိုင်း အချစ်ဆိုတာကို သိရကြုံရမယ်ဆိုတာ"

ချစ်ကြည်နူးမှာ ခပ်မဲ့မဲ့လေးပြုံးရင်း ပြောလိုက်သည်။

"ဒါပေမယ့် ကိုကိုပြောတာ"

"ခန့်ထည်ဘွားက ကြည်နူးအတွက် လူကောင်းတစ်ယောက်ပဲ"

"ကြည်နူး…မင်း သူ့အကြောင်း ဘယ်လောက်သိနေလို့လဲ"

"ဘာသိစရာလိုလို့လဲ ကိုကို၊ ကြည်နူးစိတ်ထဲမှာ သူ့ကို လူကောင်းတစ်ယောက်လို့ သတ်မှတ်ရင် ရပြီမဟုတ်လား ကိုကို"

"မရဘူး"

"ဟင်"

"လူတစ်ယောက် ကောင်းမကောင်း အပေါ်ယံ သိရုံနဲ့ ဆုံးဖြတ်လို့မရဘူး ကြည်နူး၊ ဒါကို မင်းမမေ့ပါနဲ့"

လှုံ့ဆော်မှာ ထိုစကားများကို ချစ်ကြည်နူးမျက်နှာဝင်း

[redacted]

www.burmeseclassic.com

www.burmeseclassic.com



လေးအား နေ့စေ့စိုက်ကြည့်ကာ တစ်လုံးချင်း ပြောလိုက်လေသည်။

ချစ်ကြည်နူးမှာ သွားလေးများ စေ့ကြိတ်ရင်း...

"ကြည်နူးအတွက် ဒါတွေမလိုဘူး ကိုကို၊ သူနဲ့ ကြည်နူး ကြားမှာရှိတာ နားလည်မှုတစ်ခုပဲ"

"နားလည်မှု ဟုတ်လား၊ ဘာနားလည်မှုလဲ၊ အေး ငါသိတဲ့ နားလည်မှုကတော့ ခံနိုင်ထည်ဘွားဟာ မင်းအပေါ် အချိန်မရွေး အန္တရာယ်ပေးနိုင်မယ့် နားလည်မှုပဲ"

ပြောပြီး လူစံအောင်သည် သူမအနားမှ ချာခနဲ ကျောခိုင်း လှည့်ထွက်သွားလေသည်။

လူစံအောင်ပြောသမျှ အမှန်တရားတွေဆိုတာ ချစ်ကြည်နူး သိပေမယ့် ရင်ထဲ ရှက်စိတ်၊ ခံပြင်းစိတ်တို့နှင့်အတူ အနိုင်ယူလို စိတ်များနှင့် လူစံအောင်ကျောပြင်ကြီးအား မျက်စောင်းထိုးရင်း နေရာမှာပင် တွေတွေလေးရပ်ကာ ကျန်ခဲ့လေသည်။

□ □ □

## အခန်း (၅)

သည်ရက်တွေအတွင်းမှာ လူစံအောင်တစ်ယောက် ဘာပဲ ...စ်လုပ် လုနှင့်စိတ်က မကပ်သလို လုပ်သမျှ အလုပ်တွေက ...ည်း စိတ်မပါနိုင်အောင် ရှိနေရသည်။

သည်လို သူဖြစ်ရသည်မှာ ချစ်ကြည်နူးကြောင့်ဆိုလျှင် ...။ မှတ်မှတ်ရရ ချစ်ကြည်နူးနှင့် ပြဿနာဖြစ်ပြီးကတည်းက ...အောင်မှာ စိတ်ထဲ ရှုပ်ထွေးနေကာ စိတ်နှင့်ကိုယ် မကပ်တော့ ...ပင်ဖြစ်သည်။

သူ့အပေါ် နားလည်မှုလွဲ၊ အထင်မှားနေသည့် သူမလေး ...ို လူစံအောင် မျက်နှာချင်းဆိုင်ဖို့ ကြိုးစားပေမယ့် သူမလေးက ...အား မျက်နှာချင်းဆိုင်မခံပေ။

www.burmeseclassic.com

www.burmeseclassic.com



သူမြင်တာနှင့် မျက်နှာလေးလွှဲကာ ထိမ်းရှောင်သွားတတ်သည့် ချစ်ကြည်နူးကိုကြည့်ပြီး လှစံအောင် ရင်မောခဲ့ရပါသည်။

အဆိုးထဲက အကောင်းလို့ ပြောရမည်က သူမလေး၏ အပေါ် ဘယ်လိုပင် စိတ်ဆိုးစိတ်ကောက် အထင်လွဲနေခဲ့ပါစေ ကျော်ဆက်ရှိရာ တစ်ဖက်အိမ်ကို မပြန့်ခြင်းပင် ဖြစ်သည်။

သည်အတွက် သူ စိတ်ချေရပါသည်။

တကယ်တမ်း သူမ ပြန်သွားလျှင်လည်း သူ တားနိုင်လိမ့်မည် မဟုတ်ပါ။ ချစ်ကြည်နူးဆိုသည့် သူမလေးကို သူ့ပိုင်လည်း မပိုင်သလို ဆိုင်လည်းမဆိုင်ခဲ့ပါ။

ယေသံယောဇဉ်နှင့် ခြံချင်းကပ် အတူကြီးပြင်းလာခဲ့သည့် သူမလေးကို သူ့အနေနှင့် သံယောဇဉ်တွေ ပိုမိသည်ကလွဲလို့ သူ့နှင့် သူမဆိုတာ သက်ဆိုင်ကြသူတွေမဟုတ်။

သွေးမတော်ပေမယ့် ချစ်ကြည်နူးသည် သူ့အတွက် ချစ်စရာညီမလေးတစ်ယောက်ဖြစ်သလို ချစ်ကြည်နူးအတွက်လည်း သူသည် ဆိုးနွဲ့ရမည့် အစ်ကိုတစ်ယောက်ရယ်သာ။

အစ်ကိုဖြစ်သူနှင့် စကားများလာတိုင်း ထစ်ခနဲ သူ့အားကိုးနှင့် သူရှိရာ ပန်းရဂုံသို့ ဆင်းလာတတ်သော သူမ



ဤ လှစံအောင်ကိုယ်တိုင်က အပြစ်ရယ်လို့ ဆိုတတ်သူမဟုတ်။

သည်လိုမဆိုရက်၍လည်း သူမလေးအတွက် ပန်းရဂုံသည် သူမနှင့် ရင်းနှီးကျွမ်းဝင်ရသည့်အိမ် ဖြစ်လာခဲ့သည်။

သူမအိမ်သာမက ပန်းရဂုံသည်လည်း သူမခြေ သူမလက် အားလုံးသည် သူမသဘောအတိုင်းပင်။

လှစံအောင်ကိုယ်တိုင်ကလည်း သူမလုပ်သမျှကို ဘာလုပ်လုပ် အပြုံးမပျက်ဘဲ ကျေနပ်နေခဲ့သူ။

သည်မျှထိ လှစံအောင် သံယောဇဉ်တွေက သူမအပေါ် ရှိလေသူ။

လှစံအောင်ဆိုတာ မိန်းကလေးများနှင့် ရင်းနှီးပတ်သက်စွာ နေခဲ့သူမဟုတ်။ သူ ဆယ်တန်းအောင်ချိန်တွင် မိဘနှစ်ပါးမှာ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခဲ့သည်။

မိဘများမရှိတော့ပေမယ့် လှစံအောင်သည် ဘဝကို ဟော့ယော့ရမ်းရမ်း နေထိုင်ခဲ့သူမဟုတ်ပါ။

မိဘများထားခဲ့သည့် အမွေအနှစ် ငွေကြေးများစွာနှင့် လှစံအောင်သည် သူ့ဘဝကို အကောင်းဆုံးဖြစ်အောင် နေထိုင်ခဲ့သူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပြီးကတည်းက စီးပွားရေးလောကထဲ ဝင်ခဲ့သော… သူ့အတွက် အောင်မြင်မှုဆိုတာလည်း သူ မျှော်မှန်းသလို ရရှိခဲ့… သည်။

သူ့ဘဝတစ်ခုလုံးကို သူ ဝါသနာပါသည့် စီးပွားရေး… လုပ်ငန်းထဲတွင် စိတ်ရောကိုယ်ပါ မြှုပ်နှံခဲ့သူတစ်ယောက်ဖြစ်သည်။

ဖြတ်သန်းခဲ့ရသည့် အချိန်ကာလအားလုံးကို သူ့ဘ… သူ့လုပ်ငန်းထဲတွင်သာ လုံးဝအောင် ကုန်ဆုံးစေရသည်မို့ သူ့ဘ… တွင် အချစ်ဆိုတာကိုလည်း လုံးဝအောင် မမွေ့ရှာမစဉ်းစားခဲ့မိပါ။

အချစ်ဆိုသောစကားသည် သူ့အတွက်တော့ စိမ်း… သလို။ မိန်းကလေးတွေနှင့် ကင်းကင်းရှင်းရှင်း နေထိုင်ခဲ့သော… သူ။ ချစ်ကြည်နူးနဲ့ကြတော့ သူမ ဆိုးနွဲ့သမျှဒဏ်ကို ခံနိုင်လွန်း… လေသည်။

ဒါက သူနှင့်သူမကြား မြူစင်သန့်ရှင်းလွန်းသည့် အ… ရောင်သံယောဇဉ်ကြိုးတစ်ချောင်းကြောင့်သာ ဖြစ်သည်ကို… သူရော သူမလေးပါ သိပါသည်။

သူ့လိုပင် ကျော်ဆက်သည်လည်း လူပျိုကြီးဘဝ… အသက်သုံးဆယ့်ငါးကျော်ခဲ့သည်ကလည်း အတော်တော့။

အဲ…မတူတာရှိပါသေးသည်။ ကျော်ဆက်သည် သူ့လို …င် အသက်သုံးဆယ့်ငါးကျော်ခဲ့ပေမယ့် လုံးဝအောင်လို ရင်ထဲ …ထားဟင်းလင်းနှင့်လူမဟုတ်။

ကျော်ဆက် နှလုံးသားထဲတွင် အချစ်ဆူးလေး စိုက်ဝင် …နေခဲ့ပြီးသူ။

မြတ်ဆိုတာက ကျော်ဆက်အတွက် အချစ်ဦး၊ အချစ်ဆုံး …င် နောက်ဆုံးချစ်သူလည်းဖြစ်မှန်း လုံးဝအောင် သိပါ၏။

ကျော်ဆက်ဆိုတာက ရိုးသားဖြောင့်မတ်သည့်သူ။ ငယ်စဉ် …တည်းက နှစ်အိမ်တစ်အိမ် နေလာခဲ့သူမို့ တစ်ယောက်အကြောင်း … တစ်ယောက် သူတို့နှစ်ဦး သိနေပြီးသား။

ကျော်ဆက်လို ရိုးသားဖြူစင်သည့် လူကို မြတ်လို အကျင့် …နှင့် ပြည့်စုံသည့် မိန်းကလေးနှင့် သူ သဘောတူပါသည်။ …ကြောင့်လည်း ကျော်ဆက်ကိစ္စကို သူ ဘာမှဝင်၍မပြောခဲ့ခြင်းပင် …သည်။

ဒါကို ချစ်ကြည်နူးသည် သူ့အပေါ် နားလည်မှုလွဲ၍ …ဆက်ကိစ္စတွင် သူပါကာ သူမအား နားမလည်ပေးရကောင်း …ဆိုလျက် သူ့အား ရှောင်နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ကလေးဆန်မှုကြောင့် လူစံအောင် ဘာလုပ်၍ လုပ်ရမှန်းပင်မသိတော့။

သူမ၏ ကလေးဆန်မှုတွေက သူ့အတွက် ရင်မောဖွယ်ရာ။ သူ့အား စိတ်ဆိုး၍ သူမ စကားမပြောမခေါ်လျှင် နေပါစေ။ သူ့အား စိတ်ဆိုးကာ အရွဲ့တိုက်လျက် ခန့်ထည်ဘွားနှင့် တွဲနေသည်ကတော့ လူစံအောင် ဘယ်လိုမှ လက်မခံနိုင်စရာပင်။

ချစ်ကြည်နူးဆိုတာ သူ့မျက်စိရှေ့အောက်မှာပင် ကြီးပြင်းလာသည့် [illegible]ကလေး။ သိပ်လှသော သူမလေးသည် ယောကျ်ား လေးများနှင့် ပတ်သက်ကာ ဘာအတွေ့အကြုံမှ ရှိသူမဟုတ်။

ခန့်ထည်ဘွားလို ချာတိတ်က မိန်းကလေးတွေအကြောင်း ကောင်းကောင်းသိနေသူ။ ဒီလိုလူတစ်ယောက်နှင့် သူမ တွဲနေသည် ဆိုတာ လူစံအောင်အတွက် ပူပန်မှုတွေနှင့် သူမအတွက် စိုးရိမ်စရာ ပင်။

ယခုလည်း သူမ ခန့်ထည်ဘွားနှင့်အတူ အပြင်ထွက်သွား လေသည်။ သူ ဘာလုပ်ရမည်လဲ။

ဒီကိစ္စ ကျော်ဆက်နှင့်သူ တိုင်ပင်ရမည်လား။ တော်[illegible] သည်လို့ပြောရမည်။ ကျော်ဆက်တို့မင်္ဂလာကိစ္စက မမျှော်လင့်[illegible]



[illegible]ခြေအနေအမျိုးမျိုးကြောင့် ခေတ္တခဏ ရွှေဆိုင်းနောက်ရွှေ့သွား၍ [illegible]။

မဟုတ်ပါက သူမလေး ဘယ်လောက်ထိ သူတို့နှစ်ဦး [illegible] အရွဲ့တိုက်နေမည်မသိပါ။

ယခုတော့ သူမကြောင့် သူ ရူးချင်နေရပြီ။ သူ့ဘဝတွင် [illegible]အချိန်သည် သူ့အတွက် စိတ်အရှုပ်ထွေးရဆုံးသော အချိန်ဖြစ်ပါ လိမ့်မည်။

ခန့်ထည်ဘွားနှင့် ပတ်သက်လာတိုင်း သူ့ရင်ထဲ စိုးရိမ်မှု [illegible]နှင့် ရှိနေရသည်ကလည်း အစ်ကိုရင်းဖြစ်သည့် ကျော်ဆက် [illegible] သာပါလိမ့်မည်။

တစ်နေ့ တစ်နေ့ ခန့်ထည်ဘွားနှင့် သွားလာလည်ပတ် [illegible]သည့် သူမကို လူစံအောင်မှာ မတတ်သာ၍ ဒီအတိုင်း [illegible]ထားခဲ့ပေမယ့် သူမကို သူ မျက်ကွယ်ပြုထားခဲ့သူမဟုတ်ပါ။

စိုးရိမ်စိတ်မချမှုတွေနှင့်ပင် သူမသွားလေရာနောက်ကွယ် [illegible] သူ အရိပ်ဖြစ်နေခဲ့သည်ကိုတော့ သူမလေး သိလိမ့်မည် [illegible]။

ဒီပုံနှင့် ကြာလျှင်မဖြစ်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူ့လုပ်နေပုံကလည်း သူ့အတွက် အလုပ်ပျက်အကိုင်ပျက်ဖြစ်ရသလို သူမအတွက်လည်း အန္တရာယ်က အချိန်ပြည့်။

သူ တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်မှတော် ပေမည်။ မဟုတ်ပါက ကြာလျှင်မလွယ်။

အားလုံးပြဿနာ ရှုပ်ထွေးသွားနိုင်သည်။ အဓိကပြဿနာက ကျော်ဆက်။ ကျော်ဆက်သည် သူ့အား ယုံကြည်၍ ညီမဖြစ်တဲ့ ချစ်ကြည်နူးအား သူ့ထံ စိတ်ချလက်ချရှိနေသူ။

သည်တော့ သူ့စိုးရိမ်သည်က မလွန်။

တစ်စုံတစ်ရာ ပြဿနာဖြစ်ပါက ကျော်ဆက်သည် သူ့အား ခွင့်လွှတ်လိမ့်မည်မဟုတ်။ ပြီးတော့ သူ့ကိုယ်သူလည်း ခွင့်လွှတ်နိုင်လိမ့်မည်မဟုတ်ပါ။

ခန့်ထည်ဘွားလို ချာတိတ်က ချစ်ကြည်နူးအတွက် ယုံကြည်စိတ်ချဖွယ်ရာကောင်းသော သူမျိုးမဟုတ်ဆိုတာလည်း လှစံအောင် ကောင်းကောင်းသိပါသည်။

သူမလေး ခန့်ထည်ဘွားနှင့် တွဲနေသည်ကို အကျော်ဆက်သိလျှင်…

ဟူး။





ကြည်နူးရယ်။

လှစံအောင် မတွေးရဲတော့ပါ။

ညီမဖြစ်တဲ့ ချစ်ကြည်နူးနှင့် ပတ်သက်လာလျှင် ကျော်ဆက်သည် ဘယ်အရာကိုမှ ပေါ့ပေါ့သေးသေး တွေးတတ်သူ မဟုတ်မှန်း လှစံအောင်သာ အသိဆုံးဖြစ်သည်။

သူတို့နှစ်ဦးကို အရွဲ့တိုက်ချင်တာနှင့် မတော် ခန့်ထည် ဘွားအချစ်ကိုသာ သူမလေး လက်ခံလိုက်ပါလျှင်…

လှစံအောင်ရင်ထဲ စိုးရိမ်မှုတွေက တားဆီးမရတော့။ ခန့်ထည်ဘွားဆိုသည့် ချာတိတ်က လျှော့တွက်လို့ရသူမဟုတ်။ သူ့ရှိရာ ပန်းရဲ့ကိုပင် ရောက်အောင်လိုက်လာသည့်သူ။

ဒီလိုလူမျိုးက အရာရာကို တခွတ်ထိုးဆန်စွာ မလုပ်တတ် ပါလို့ ဘယ်သူမှမပြောနိုင်။

သူ ကျော်ဆက်ကို ဖုန်းဆက်ကာ ခေါ်လိုက်သည်။ ကျော်ဆက် ချက်ချင်းလိုပင် သူ့ထံရောက်လာ၏။

လှစံအောင်မှာ မထိန်းချုပ်ချင်တော့။

ချစ်ကြည်နူးနှင့် ခန့်ထည်ဘွား ပတ်သက်မှု၊ သူတို့နှစ်ဦး အား အရွဲ့တိုက်နေသည့် သူမ၏ စိုးရိမ်ဖွယ် အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



မြစ်ကြောင်းကုန်စင်အားလုံးကို ကျော်ဆက်အား နားလည်အောင် သူပြောပြလိုက်တော့ ကျော်ဆက်သည် ပထမတော့ ဒေါသဖြစ်သွားလေသည်။

နောက်မှ သူ့စိတ်ကို သူလျှော့ကာ တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားနေမိဟန်နှင့်…

"ဒီကိစ္စမှာ မင်းရောဘယ်လိုမြင်လဲ လူစံအောင်"

"ဘာကိုလဲ ကျော်ဆက်"

"ငါနဲ့မြတ်ကိစ္စ"

"မင်းအခြေအနေက ဒီစကားတွေမေးရမယ့် အချိန်မဟုတ်တော့ဘူး ကျော်ဆက်၊ မင်းအနေနဲ့ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စတစ်ခုကို လုပ်လိုက်တယ်လို့ပဲ ငါမြင်တယ်၊ ဒီအတွက် ငါ့မှာ ပြောစရာစကား ဘာမှမရှိဘူး၊ အေး ရှိနေတာက ကြည်နူးအတွက်ပဲ၊ ရှင်းရှင်းပြောရရင် ငါ သူ့အတွက်စိတ်ပူတယ် ကျော်ဆက်"

"မင်းတောင်စိတ်ပူသေးရင် ငါက ပြောစရာလိုသေးလား-ကွာ၊ တကယ်တော့ ညီမလေး ခုလိုဖြစ်နေရတာဟာ ငါ့ကြောင့်များလားလို့ ငါ တစ်ခါတစ်ခါ တွေးမိတယ်"

ကျော်ဆက် ညည်းညူမိလိုက်သည်။

[redacted]



လူစံအောင်မှာ သူငယ်ချင်းဖြစ်သူ ကျော်ဆက်ရင်ထဲမှ ခံစားမှုများကို နားလည်မိရပုံနှင့်…

"မင်းအဖြစ်ကို ငါ ကိုယ်ချင်းစာပါတယ်၊ ဒါပေမယ့် မင်းတွေးသလို တွေးလို့လည်း မဖြစ်ပြန်ဘူး၊ မင်း အခုလုပ်နေတာ နည်းတစ်ခုကိုကျော်ပြီး အပြစ်တစ်ခုလုပ်နေတာမှမဟုတ်တာဘဲ၊ အသက် အရွယ် အချိန်အခါ ရောက်လို့ အိမ်ထောင်ပြုတာ ချွင်းချက်မလွှတ်နိုင်စရာ မဟုတ်ဘူးဆိုတာ ကြည်နူးတွေးမိဖို့ကောင်းတယ်၊ အေးလေ ဒါပေမယ့် သူ တစ်ချိန်တော့ နားလည်သွားမှာပါ၊ အဲဒီအချိန်ကိုသာ ငါတို့ စိတ်ရှည်ရှည်နဲ့စောင့်ပြီး သူ့အတွက် ကာကွယ်ရမှာပေါ့"

"ငါ တစ်ခုစဉ်းစားမိတယ် လူစံအောင်၊ ညီမလေးကို အိမ်ထောင်ချပေးလိုက်ရင် မကောင်းဘူးလား"

"ကျော်ဆက်"

"မင်း"

လူစံအောင် အံ့ဩမှုတွေနှင့် မျက်နှာပျက်သွားရသည်။ ကျော်ဆက် ဒီကောင် ဘာပြောလိုက်တာပါလိမ့်။

ရုတ်တရက်တော့ ကျော်ဆက်စကားတွေကို လူစံအောင်မှာ မယုံနိုင်သေး။ ဒါ ကျော်ဆက်ထံမှ အကောင်းဆုံး ဖြေရှင်းနည်းတဲ့

[redacted]

www.burmeseclassic.com

www.burmeseclassic.com



လား။

"မင်း အံ့ဩသွားမယ်ဆိုတာ ငါသိတယ် လှစံအောင်၊ ဒါပေမယ့်"

"တော်တော့…ကျော်ဆက်၊ ဒီစကားကို ကြည်နူး လက်ခံမယ်မထင်ဘူး"

"လက်မခံတာကို လက်ခံအောင် ပြောရမှာ ငါတို့တာဝန်လေ"

"နေပါဦး…မင်းက ဒီစကားပြောရအောင် မင်းမျက်စိထဲမှာ ဘယ်သူ့ကို တွေ့ထားလို့လဲ၊ ကြည်နူးက တော်ရုံလူကို စဉ်းစားမှာမဟုတ်ဘူးနော် ကျော်ဆက်"

သူမနှင့်ပတ်သက်ပြီး လှစံအောင်ရင်ထဲ ဘာကိုစိုးရိမ်နေသည် မသိပါ။ ပြောပြီးမှ သူ တစ်စုံတစ်ရာကို တွေးမိသွားဟန်နှင့် မျက်နှာကြီးရဲသွားကာ…

"ဟို…ငါပြောတာက"

"လှစံအောင် မင်းကို ဘယ်သူက ဘာပြောနေလို့လဲ"

"ဟာကွာ"

"မင်း"

[redacted]



"အဟွန်း…ဟွန်း…ဟွန်း"

ပြောကာမှ ပိုဆိုးသွားရသည့်ကြားထဲ ကျော်ဆက်ထံမှ ရယ်သံကြောင့် လှစံအောင် မျက်နှာရဲရဲကြီးနှင့် အနေခက်သွားရသည်။

"ငါတို့ကသာ ကြည်နူးကို ကလေးလိုမြင်နေတာ၊ တကယ်တော့ ကြည်နူးက အရွယ်ရောက်တဲ့ မိန်းကလေးတစ်ယောက်ပဲ၊ ပြီးတော့ သူ့ဆီမှာ ဘယ်သူမှမရှိတဲ့ မပိုင်ဆိုင်တဲ့ အလှတွေနဲ့ သိပ်လှတဲ့မိန်းကလေး၊ ဒီလောက်လှပြီး ရိုးစင်းတဲ့ မိန်းကလေးက ငါတို့အပေါ် ဆိုးဖို့ပွဲဖို့လောက်ကလွဲပြီး ဘာမှသိတာမဟုတ်ဘူး၊ သိပ်လှပြီး ကလေးဆန်တဲ့ ညီမအတွက် ငါ စိတ်မပူဘဲ နေမလား လှစံအောင်၊ နေ့ရှိညရှိ ငါ သူ့အတွက်ပဲ စဉ်းစားနေခဲ့တယ်"

ကျော်ဆက်စကားတွေက တကယ့်ကို လေးလေးနက်နက်။ ကျော်ဆက် ကြည်နူးအတွက် တကယ်ပင် စိတ်ပူနေရှာသည်ပဲ။

"ကြည်နူးအတွက် ငါ စိတ်ပူတာက သူက တစ္ဆတ်ထိုးဆန်ချင်တယ်၊ လုပ်ချင်ရင် ဘာကိုမှ သိပ်ပြီး စဉ်းစားတာမဟုတ်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ တစ်သက်လုံး အလိုလိုက်လာခဲ့တော့ သူဖြစ်ချင်တာ ဖြစ်ရို ဖြစ်ရမှ ကျေနပ်တဲ့သူ၊ မင်းလည်းသိပါတယ်ကွာ၊ ညီမလေး အကြောင်းကို ငါနဲ့ထပ်တူ သိနိုင်တဲ့လူက မင်းပဲဆိုတာ"

ကျော်ဆက် ဒီကောင် ဘာကိုဆိုလိုနေတာပါလိမ့်။

သူ့မျက်နှာကိုကြည့်လိုက်တော့လည်း လေးနက် တည်ကြည်မှုတွေနှင့်။ သူ သိပါသည်။ ကျော်ဆက်သည် စကား တစ်ခွန်းကို လွယ်လွယ်နှင့်မပြောတတ်မှန်း။

"ခန့်ထည်ဘွားဆိုတဲ့ ချာတိတ်အကြောင်းကို ငါကောင်း ကောင်းသိတယ်၊ ဒီချာတိတ်ရဲ့ နေပုံထိုင်ပုံတွေကို နည်းနည်း သဘောမကျဘူး၊ အဆိုးဆုံးက မိန်းကလေးတွေနဲ့ ရှုပ်ချင်တာပဲ ဒီလိုလူမျိုးနဲ့ ငါ ဘယ်လိုသဘောတူနိုင်မှာလဲဆိုတာ မင်းလည်း စဉ်းစားကြည့်ပါဦး လူစံအောင်"

စဉ်းစားကြည့်ပါတဲ့။

ဒီစကား ကျော်ဆက် မပြောခင်ကတည်းက သူ့မှာ သူ အတွက် စဉ်းစားရလွန်းသဖြင့် ခေါင်းတွေ ထူပူနေရလေပြီ။

"မင်း…သူ့ကို တကယ်ပဲ အိမ်ထောင်ချပေးတော့မှာ လား ကျော်ဆက်"



"ဘာလဲ…မင်းက သဘောမတူဘူးလား"

"မဟုတ်ဘူး…ငါ့အမြင် ကြည်နူးက သိပ်ငြီးငယ်နေ သေးလားလို့"

"ခုခေတ်မှာ အသက်ဆယ့်ကိုးနှစ်ဆိုတာ ငယ်တယ်လို့ ပြောလို့ရလား လူစံအောင်"

"ကျော်ဆက်…ငါပြောချင်တာ"

"ငါသိတယ် လူစံအောင်၊ မင်းဘာပြောချင်တယ်ဆိုတာ ငါသိတယ်၊ တကယ်တော့ ဒီကိစ္စက မေမေရှိနေသေးရင် သမီးနဲ့ အမေ မိန်းမချင်းပြောရမယ့်ကိစ္စ၊ ဒါပေမယ့် မေမေမရှိတော့ မေမေ့ ကိုယ်စား ငါကပဲ အမိလို သဘောထားပြီး ပြောရမှာပဲ၊ ခက်တာ က ညီမလေးနဲ့ငါက အသက်သိပ်ကွာတော့ အမြင်ချင်း မတူတာ တွေတော့ ရှိကောင်းရှိလိမ့်မယ်၊ ဘယ်လိုပဲဖြစ်ဖြစ်ကွာ ငါ့ဘက်က ညီမလေးအပေါ် အတတ်နိုင်ဆုံး နားလည်မှုထားပြီး ပြောရမှာပဲ၊ ဒီကိစ္စမှာ မင်းဘက်ကလည်း ကူညီရလိမ့်မယ် လူစံအောင်"

"ငါက ဘယ်လိုကူညီရမှာလဲ၊ ဟုတ်မှလည်းလုပ်ပါကွာ၊ ဘော်ကြာ ကြည်နူး ငါ့ကို တစ်မျိုးထင်နေပါဦးမယ်"

"မင်းက သူ့စိတ်ဆိုးမှာ ကြောက်နေတာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ကွာ"

"ဒါကတော့ လုပ်မနေနဲ့ လှစံအောင်၊ ဒီကိစ္စမှာ အဓိက

လူက မင်းပဲ"

"ဘယ်လို ငါက အဓိကလူ ဟုတ်လား"

"ဟုတ်တယ်"

"မင်းဘာပြောချင်တာလဲ ကျော်ဆက်"

ကျော်ဆက်အကြည့်တွေက အပေးတစ်နေရာသို့ စူးစူး

စိုက်စိုက်။ စကားလုံးတွေက သူ့မျက်ဝန်းထဲ၌ရှိနေသလို။

သူ့အတွက် လွှန့်စွာခက်ခဲလွန်းသည့် သက်မတစ်ချက်ကို

ကျော်ဆက်သည် ရှိုက်ထုတ်လိုက်ပြီး…

"ငါသေချာစဉ်းစားပြီးပြီ လှစံအောင်၊ ဘယ်လိုပဲ စဉ်း

စဉ်းစား မင်းက သူ့အတွက် အသင့်တော်ဆုံးလူပဲ"

"ဘာ…ကျော်ဆက် မင်း…မင်းကွာ ဒါနောက်စ

မဟုတ်ဘူး"

"ငါနောက်နေတာပါလို့ မင်း ဘာကြောင့်ထင်ရတာ

လှစံအောင်"

"ကျော်ဆက်…မင်း"



"ညီမလေးအတွက် ငါ ရွေးချယ်ထားတဲ့ လူက မင်းပါ

ပဲ"

"ဟင်"

ရုတ်တရက် သူနားကိုပင် သူမယုံနိုင်။

နောက်သို့ ယိုင်မတ်သွားရသည့် သူ့ကိုယ်ကြီးကို လှစံ

အောင် ဟန်ချက်မပျက် ထိန်းလိုက်ရင်းက သူ့အကြည့်တွေက

ကျော်ဆက်ထံမှာသာ။

"ဒီစကားပြောရတာ ငါ့အတွက် ဘယ်လောက်ခက်ခဲ

ခဲ့ မင်းသဘောပေါက်မှာပါ လှစံအောင်၊ ဒါပေမယ့် မပြောမဖြစ်

သလို ရှေ့မျက်နှာနောက်ထားပြီး ပြောနေရတာဟာ ငါ့ညီမလေး

အတွက် ကြည်နူးအတွက်ပါပဲကွာ၊ ညီမလေးဘဝကို ငါ အမှား

ခံနိုင်ဘူး၊ ညီမလေးဘဝကောင်းဖို့ဆို ငါ ဘာမဆိုလုပ်ရဲတယ်၊

ါ ညီမလေးတစ်ယောက်ကိုချစ်တဲ့ အစ်ကိုတစ်ယောက်ရဲ့ စေတနာ

"

ကျော်ဆက်စကားတွေက သူ့နားထဲ မကြားတစ်ချက်

ကြားတစ်ချက်နှင့်ရယ်သာ သူ့နှလုံးသားထဲ ရောက်ရှိနေရသည်။

ကြားကြားချင်းမှာတော့ သူ အံ့ဩမှုတွေနှင့် အသက်ရှူ

www.burmeseclassic.com

www.burmeseclassic.com



ဖို့ပင် သူ သတိမရပါ။ နောက်မှ သူ့ကိုယ်သူ အတည်ငြိမ်ဆုံး
အောင် ပြန်လည်ထိန်းလိုက်ပြီးနောက် သူ ခေါင်းကိုအသာခါယ
ကာ…

"မင်း…သေချာစဉ်းစားတယ်ဆိုတာ တကယ်
ဟုတ်ရဲ့လား ကျော်ဆက်၊ ဒီကိစ္စက မင်းထင်ထားသလို လွယ်
မဟုတ်ဘူး၊ ပြီးတော့ ကြည်နူးနဲ့ငါ…ဟာ…မဖြစ်…မဖြစ်ပါ
ကွာ"

လှစံအောင်စကားကြောင့် ကျော်ဆက်မျက်နှာပျက်သွ
သည်။ ဒါ သူ့ကို လှစံအောင် ငြင်းလိုက်သည်လား။

"ငါ့စိတ်ကူးတွေကို မင်း ဖျက်လိုက်တာလားကွာ"

"မဟုတ်ဘူး…မဟုတ်ဘူး ကျော်ဆက်၊ မင်းအတွေး
လွန်သွားတာ၊ ဒါ မင်းအတွေးတွေ လွန်သွားတယ်ဆိုတာ
တယ်၊ ပြီးတော့ မင်းကို နားလည်တယ်"

"ငါ့ကိုနားလည်ရင် မင်း ငါ့စကားကို လက်ခံရမှာ

ကျော်ဆက်ပုံစံက စိတ်ထိခိုက်သွားရသည့်ဟန်။ သူ
ချင်းဖြစ်သူ ဒီလို နာကျင်ခံစားသွားရဟန် မြင်ရပြန်တော့ လှ
စိတ်မကောင်းနိုင်။



ဒါပေမယ့် ဒါကို လက်ခံဖို့ဆိုတာကလည်း သူ့အတွက်
လွယ်ကူပြန်။

"ကျော်ဆက်…ငါ"

"မင်းသိလား လှစံအောင်၊ မင်းကို သူငယ်ချင်း
တစ်ယောက်လို ဆိုတာထက် ငါ့ညီအစ်ကိုတစ်ယောက်လိုပဲမြင်
တယ်၊ ဒီကိစ္စ မင်းလုပ်နိုင်မှာပါ လှစံအောင်၊ မင်း ငါ့သိက္ခာကို
လေးစားတယ်ဆိုရင်ပေါ့"

"ကျော်ဆက်ရာ"

လှစံအောင်အတွက်တော့ ကျော်ဆက်စကားတွေက
ညပြီးတုပ်ပြီးသားနယ်။ သူ့အား ငြင်းခွင့်မရှိအောင် ကျော်ဆက်
ည် တစ်ခါတည်း ချုပ်နှောင်လိုက်ပြီပဲ။

"ကြည်နူးကကော…ကြည်နူးက ဒီအဖြစ်ကို လက်ခံမှာ
လား ကျော်ဆက်"

"ငါပြောပြီးပြီလေ၊ ဒီကိစ္စမှာ မင်းက အဓိကလူပါလို့၊
ကတော့ ငါ့တာဝန်ထား"

လှစံအောင် ခဏ ငြိမ်သက်သွားရသည်။

"မင်းကိုယ်တိုင်ကရော ကြည်နူး အများတွေနဲ့ ရွေးမှာ

www.burmeseclassic.com

www.burmeseclassic.com



ကို မလိုလားဘူးမဟုတ်လား၊ ကြည်နူးဘဝကို မင်း အကောင်းဆုံး
မတည်ဆောက်ပေးချင်ဘူးလားကွာ"

"ငါ့စိတ်ကို မင်းသိပါတယ် ကျော်ဆက်၊ ငါ့ဘဝ
ကြည်နူးဟာ ငါ သံယောဇဉ်အထားရဆုံး မိန်းကလေးဆိုတာ

"ဒါဆို မင်း ဘာငြင်းနေသေးတာလဲ"

"ငါ စိတ်ပူတာက ကြည်နူးအတွက်"

"ခဏ စိတ်ပူဖို့ထက် တစ်ဘဝလုံး စိတ်မပူဖို့က ပိုအရေး
ကြီးတယ် လှစံအောင်၊ ငါ ဘာပြောချင်တယ်ဆိုတာ မင်းသဘော
ပေါက်မှာပါ"

သဘောပေါက်ပါသည်။ သဘောပေါက်လွန်း၍လည်း
လှစံအောင် အခက်တွေ့ရခြင်းဖြစ်ပါသည်။

ကြည်နူးဘဝ သာယာပျော်ရွှင်ဖို့ဆိုလျှင် သူ ဘာ
လုပ်ပံ့ရဲသူ။

"ငါ...ဘာမှမသိတော့ဘူး ကျော်ဆက်၊ ငါ...
ကြည်နူး ဒုက္ခရောက်မှာကို မမြင်ချင်တာတော့ အမှန်ပဲ"

ကြည်နူးနှင့်ပတ်သက်ပြီး လှစံအောင်ရင်ထဲ ခိုင်မာနေ
သံယောဇဉ်ကြိုးများကို ကျော်ဆက် မြင်တွေ့လိုက်ရပြီမို့



ဘူးတော့...

"ကဲ...မင်း ဘာမှစိတ်မပူနဲ့တော့ လှစံအောင်၊ မင်းတို့
အတွက် ငါ အကောင်းဆုံး စီစဉ်မယ်၊ ဒါ ကြည်နူးရဲ့အစ်ကို
ယောက်အနေနဲ့ရော မင်းရဲ့ အစ်ကိုတစ်ယောက်အနေနဲ့ပါ ငါ
ဉ်မှာ၊ အဲဒီအတွက် အကောင်းဆုံးဖြစ်မှာပါကွာ"

လှစံအောင်မှာ စကားတွေမရှိတော့သလို။

ကံတရား၏ လှည့်စားမှုအောက်မှာ လှစံအောင် ကိုယ့်
ခံစ်တွေကို ကိုယ်မယုံနိုင်ခြင်းတွေနှင့်သာ ရှိနေရပါတော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ညီမလေး…ကိုကိုတို့ စကားပြောကြရအောင်"

ဟုဆိုလာသော စကားကြောင့် ချစ်ကြည်နူးမှာ အစ်ကို

ဖြစ်သူ ကျော်ဆက်၏မျက်နှာကို အံ့ဩသလို လှမ်းကြည့်လိုက်မေ

သည်။

တည်ကြည်လေးနက်သော ကျော်ဆက်မျက်နှာ တစ်

တစ်ရာကို နိုင်မာပြတ်သားစွာ ဆုံးဖြတ်ထားပြီးဟန်။

ကိုကို ဘာပြောမှာပါလိမ့်။

သူမ ကိုကိုကို အစ္စဲ့တိုက်ကာ တမင်ဆန္ဒပြရ

အိမ်မပြန်ဘဲနေသည်ကို ကိုကိုကျော်ဆက် သနားလာသည်လ

သူမကို သနားစိတ်နှင့် မြတ်ကို လက်မထပ်တော့



ဒီတိုကျော်ဆက် ပြောမည်ထင်ပါသည်။

အင်း…ဒီလိုဆိုတော့လည်း ကိုကိုသည် သနားစရာ။

သူ၏ ဆန္ဒပြစိတ်ကောက်မှုကို ကိုကိုသည် တင်းခံနိုင်ပုံမရ။

ဘာပဲဖြစ်ဖြစ် သူမဆန္ဒကို ကိုကိုသည် နောက်ဆုံးတော့

လိုက်ရသည်ပဲ မဟုတ်ပါလား။

ကျေနပ်မှုအတွေးတွေနှင့် ချစ်ကြည်နူး ခြံထဲသို့ ကိုကိုနှင့်

ရောက်လာခဲ့သည်။

"ထိုင်…ညီမလေး"

ခြံထဲရှိ ခုံတန်းပြာလေးပေါ် ကြည်နူး ထိုင်လိုက်ရင်း

ကိုဖြစ်သူကို ကြည့်ကာ ကြည်နူး သနားသွားရသည်။

သူမဆန္ဒကို လိုက်လျောရန် လက်ထပ်ပွဲကို ဖျက်ရမည့်

ကြောင့် ကိုကို ခံစားနေရပြီလား။

"ကိုကို"

"ခု…ကိုကိုပြောမယ့်စကားကို ညီမလေး သေသေချာ

နားထောင်ပေးပါ၊ နောက်ပြီး ကိုကို့ကို ညီမလေး နားလည်ပေး

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့စကားက ထူးထူးဆန်းဆန်းပါလား။ ကိုကို ဘာပြော မလို့ပါလိမ့်။ တကယ်ဆို ကိုကို လက်ထပ်ပွဲပျက်ရသည့်အတွက် သူမကသာ ကိုကို့ကို တောင်းပန်ရမှာဖြစ်သည်။

ခုတော့ ကိုကို့ပုံစံက တစ်စုံတစ်ရာအတွက် သူမကို ကြိုး တောင်းပန်နေသလို။

"ကိုကို ညီမလေးကို သိပ်ချစ်တာ ညီမလေးသိတယ် နော်"

သိပါသည်။ ကိုကို သူမကို ချစ်သည်က အစ် တစ်ယောက်လိုရော အမိအဖလိုရောဆိုတာ။

"ကိုကို့ဘဝမှာ အရေးကြီးဆုံးက ညီမလေးပဲ၊ ညီမလေး ဘဝ သာယာပြောင့်ဖြူးပြီး ပျော်ရွှင်စရာဘဝလေးတစ်ခု ပိုင်ဆိုင် ဆိုတာ ကိုကို့မှာ တာဝန်ရှိတယ်၊ ပြီးတော့ ညီမလေးလည်း အရွ ရောက်နေတဲ့ မိန်းကလေးတစ်ယောက်"

ကိုကို ဘာပြောမလို့ပါလိမ့်။

ကိုကို့ထံမှ သူမ မျှော်လင့်ထားသည်က ဒီစကား မဟုတ်။ ချစ်ကြည်နူး မျက်ခုံးလှလှလေး ကုပ်ကွေးလာရသည်

ကိုကို့ကို ကြည့်လိုက်တော့လည်း စကားတွေက ခ



နေသလို။

"ရှင်းရှင်းပြောပါ ကိုကို၊ ကိုကို ညီမလေးကို ဘာပြော ချင်တာလဲဆိုတာ"

ကျော်ဆက်အကြည့်တွေက သူမထံ ဖျတ်ခနဲ ရောက်ရှိ လာရသည်။ နုတွေးကြည်စင်သည့် အလှတွေနှင့် လှနိုင်လွန်းသော ညီမလေး။ ညီမလေးဘဝကောင်းဖို့ရန် သူ တွန့်ဆုတ်နေ၍မဖြစ် တော့။

အရှိန်နှင့် အားယူလိုက်သလို ကျော်ဆက် သူ့ကိုယ်သူ အားပေးလိုက်ပြီး…

"ညီမလေး…လူစံအောင်ကို လက်ထပ်ရလိမ့်မယ်"

"ရှင်"

အံ့ဩလွန်းသဖြင့် လူက နေရာမှာပင် အသက်မဲ့သွားရ သလို။ ကိုကို သူမကို ဘာပြောလိုက်တာပါလိမ့်။ ဒါ သူမ နားကြားလွဲမှားခြင်းပဲလား။

ဒါမှမဟုတ် ကိုကိုသည် သူမကို ထိတ်လန့်အောင် ကျီစယ် ပြောလိုက်ခြင်းပေပဲလား။

"ကိုကို…ကိုကို ဘာပြောလိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"လှစံအောင်ကို ညီမလေး လက်ထပ်ရမယ်လို့ပြောတာ"

"ဟင်"

သေချာပါပြီ။ ဒီတစ်ခါတော့ သူမ ဘယ်လိုမှ နားကြားလွဲခြင်းမဟုတ်ဆိုတာ။

မြတ်စွာဘုရား။

ဒါဖြင့် ဒီစကားတွေက တကယ်ပဲ ကိုကို ပြောလိုက်သည်ပဲပေါ့။

"ကိုကိုလှစံအောင်ကို ညီမလေး လက်ထပ်ရမယ်ဟုတ်လား ကိုကို"

"ဟုတ်တယ် ညီမလေး၊ အဲဒီအတွက် ကိုကို အားလုံးစီစဉ်ထားပြီးပြီ"

"ကိုကို…ခု ကိုကို ဘာတွေပြောနေတယ်ဆိုတာရော သိရဲ့လား၊ ပြီးတော့ စီစဉ်ထားတယ်ဆိုတာကရော ဘာတွေလဲ"

ချစ်ကြည်နူးပုံစံလေးက အရမ်းကို ထိတ်လန့်တုန်လှုပ်နေသည့်ဟန်။ အစ်ကိုဖြစ်သူကိုသာ မယုံနိုင်ခြင်းတွေနှင့်ကြည့်ရင်း မေးလိုက်သည်။

"ဒီတစ်ရက် နှစ်ရက်အတွင်းမှာပဲ သတင်းစာထဲမှာ ညီမ



လေးနဲ့ လှစံအောင် လက်ထပ်ပြီးတဲ့သတင်း ပါလာလိမ့်မယ်"

"ရှင်"

ပန်းသွေးတောက်နေသည့် သူမမျက်နှာလေးက ရုတ်ခြည်း သွေးမရှိတော့သလို ဖြူဖျော့သွားရသည်။

"ဒါ…ဒါ တကယ်ပဲလားကိုကို"

"ကိုကို စကားကို နှစ်ခါမပြောတတ်တာ ညီမလေးသိပါတယ်"

"ဟင်"

စကားတွေ ပျောက်ဆုံးသွားရသလို လူကလည်း အရုပ်ကလေးနှယ် ချစ်ကြည်နူး ငြိမ်သက်သွားရသည်။

ကိုကိုသည် စကားကို နှစ်ခါမပြောတတ်သလို ပြောပြီးရင်လည်း စကားမပြင်တတ်သူ။

ဘုရားရေ ဒါဖြင့် ဒီကိစ္စတွေဟာ တကယ်ပဲပေါ့။

သွေးတွေက ရုတ်ခြည်း ဆူဝေလာရပြန်၏။ ဒါ သူမကို သတ်လိုက်တာ။ ကိုကိုသည် သူ့ဘဝကို သူသတ်တာနှင့် အားမရသေး။ သူမဘဝကိုပါ သတ်နေသည်ပဲ။

အတွင်းနှုတ်ခမ်းသားလေးက သွားစွယ်နှင့် ဖိကိုက်ထားရ

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် သွေးများပင် စို့နေပြီလား မသိပါ။

ဆစ်ခဲ့ နာကျင်သွားရပေမယ့် ထိုနာကျင်မှုကိုလည်း သူမ ဂရုမစိုက်နိုင်ပြန်။

"မဖြစ်နိုင်ဘူး ကိုကို၊ ဒါ လုံးဝမဖြစ်နိုင်ဘူး"

"မဖြစ်နိုင်လို့ မရဘူး ညီမလေး၊ ကိုကို အားလုံးစီစဉ်ထားပြီးပြီ၊ မနက်ဖြန်မနက် လူကြီးတွေရှေ့မှာ လက်မှတ်ထိုးပြီး ညနေ မြို့ထဲမှာ ညစာစားပွဲလုပ်မယ်၊ မင်္ဂလာဖိတ်စာတွေလည်း အားလုံးကို ဝေပြီးပြီ၊ ညီမလေး ကိုကို့စကားကို နားထောင်ပါ"

ကြည့်စမ်းပါဦး။

ကိုကိုသည် အားလုံးကို အစီအစဉ်တကျနှင့် လုပ်ခဲ့ပြီပဲ။ ခုမှ သူမကို အသိပေးခြင်းက သက်ဆိုင်သူဖြစ်နေ၍သာ။

ကိုကို့လုပ်ရပ်တွေက သူမအပေါ် ရက်စက်လွန်းနေသည်။ ဒါကို ကိုကို သိပါရဲ့လား။

ဘယ်အချိန်က ရောက်ရှိလာသည်မသိသော မျက်ရည်တွေက ပါးပြင်နှနှထက် ပိုးပိုးပေါက်ပေါက်နှင့် အတားအဆီးမရှိစွာ ကျဆင်းနေရသည်။

နှလုံးသားထဲမှာတော့ နာကျင်လွန်း၍ သွေးစိမ်းရှင်ရှင်



ကျနေရသလို။

ကျော်ဆက်သည် ညီမဖြစ်သူ၏ မျက်ရည်တွေကို ကျောခိုင်းပစ်လိုက်သည်။

သူ ဒီလိုလုပ်ရခြင်းက ညီမလေးဘဝ ကောင်းစားဖို့ရယ်ပါ။

ခုချိန် ညီမလေး သူ့အပေါ် နာကြည်းနေမှာဖြစ်ပေမယ့် တစ်ချိန်မှာတော့ သူ့စေတနာတွေကို ညီမလေး နားလည်လာမှာသေချာပါ၏။

ခုတော့ ညီမလေးအမုန်းတွေကို ရင်နာစွာ ခံယူရုံသာရှိတော့သည်ပဲလေ။

"ဒီကိစ္စတွေကို ကိုကိုလူအောင်ရော သိလား"

"သူ သိတယ်"

"ဟင်"

သွားပြီ။ သူမဘဝအတွက် အားကိုးဖွယ်မရှိတော့။ သူမသည် ပိရိသေသပ်သော ထောင်ချောက်ထဲကို လှလှပပ ရောက်ရှိသွားခဲ့ရပြီပဲ။

နာကျင်လွန်းရသဖြင့် မျက်ရည်တွေပင် မရှိနိုင်တော့။

www.burmeseclassic.com

www.burmeseclassic.com



မျှော်ရည်တွေက နာကျင်မှုတွေနှင့် ခြောက်ခမ်းသွားရသလို။

ကိုကိုလှစံအောင် ဒီအစီအစဉ်ထဲမှာ ပါနေလိမ့်မည်လို့ သူမ လုံးဝထင်မထားခဲ့ပါ။

ကိုကို ဘာတွေပြောနေမှန်းလည်း သူမ မသိ။ နောက်ဆုံး သူမသိလိုက်သည်က ကိုကို့စကားကို သူမ နားထောင်ရန်ပင်။

ဘာတွေဖြစ်ကုန်ပြီလဲ။

လက်ထပ်ခြင်းဆိုတာ သူမ တစ်ခါမှ စဉ်းစားခဲ့ဘူးသည့် အရာမဟုတ်။ နောက်ပြီး သူမကိုယ်တိုင်မှာ ကိုကိုကျော်ဆင့် လက်ထပ်ခြင်းကို ကန့်ကွက်ထားခဲ့သူ။

သူမ ဝင့်လည်ပြီလား။

လက်ထပ်ခြင်းကို ကြောက်ရွံ့မုန်းတီးပါသော သူမ ခုတော့ သူမကိုယ်တိုင်ပင် လက်ထပ်ခြင်းကို ရင်ဆိုင်ရတော့မည် မဟုတ်ပါလား။

ချစ်ကြည်နူးသည် သူမအခန်းဆီသို့ အပြေးလေးဝင်လာ အိပ်ရာထက် ကိုယ်လေး လှူးလိမ့်ကာ သည်းသည်းလှိုက် ငိုကြွေး ရတော့သည်။

ရင်ထဲမှာတော့ ရှက်ခြင်း၊ ကြောက်ခြင်း၊ နာကျင်ကြေကွဲ





ခြင်းတို့နှင့် နှလုံးသားတစ်ခုလုံး နာကျင်လှိုက်ဆို့နေရသည်။

"ကိုကို မတရားဘူး၊ မတရားဘူး၊ ဒါ ကြည်နူးဘဝကို ကိုကို သတ်လိုက်တာ၊ ကြည်နူး ကိုကိုလှစံအောင်ကို မယူနိုင်ဘူး၊ လက်မထပ်ဘူး၊ ဒီကိစ္စကို ကြည်နူး သဘောမတူဘူး၊ အဟင့် ဟင့် ဟင့်"

"မုန်းတယ်…မုန်းတယ်၊ ကိုကိုတို့အားလုံးကို ကြည်နူး မုန်းတယ်"

"အဟင့်…ဟင့်…ဟင့်"

နာကျင်မှုတွေနှင့် ချစ်ကြည်နူးမှာ ငိုကြွေးရလွန်းသဖြင့် တစ်ကိုယ်လုံး အားအင်တွေ ကုန်ခမ်းသည့်အလား ခံစားနေရသလို အော်ဟစ်ငိုကြွေးပေါက်ကွဲရင်းက တစ်ခန်းလုံးကိုလည်း သူမ ရစရာ မရှိအောင် စိတ်ထင်တိုင်း ဖျက်ဆီးထားလိုက်သည့်တိုင် သူမ မကျေ နပ်နိုင်သေး။

အတွေးပေါင်းစုံ၊ ခံစားမှုပေါင်းများစွာနှင့် ချစ်ကြည်နူးမှာ အရူးမလေးလို ဖြစ်နေရသည်။

သူမတစ်သက် စိတ်ကူးနှင့်မျှပင် မမက်ခဲ့ဖူးသည့် အဖြစ် တွေ။ ဒီအဖြစ်တွေက ဘယ်လောက်များ ဆိုးဝါးလိုက်ပါသည်လဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူမ လက်ထပ်ရမည့်သူကလည်း တခြားသူ မဟုတ်။ ငယ်စဉ်ကတည်းက အစ်ကိုတစ်ယောက်လို နေလာခဲ့ ပါသော ကိုကိုလှစံအောင်နှင့်။

သည်အဖြစ်က သူမကို ကြီးစွာ နာကျင်ထိခိုက်စေရသည်။ ကိုကိုလှစံအောင်ကို သူမ လက်မထပ်နိုင်ပါ။ လက်မထပ်နိုင်မျှ သူမ ရှောင်ပြေးဖို့ဆိုတာကလည်း မဖြစ်ပြန်။

စနစ်တကျနှင့် ပိရိသေသပ်စွာ စီစဉ်ထားခဲ့ပါသော သူ၏ မင်္ဂလာပွဲကို ချစ်ကြည်နူး ကျော့နိုင်းလိုက်မှမည်ဆိုပါက ကိုကို ကျော်ဆက်နှင့် ကိုကိုလှစံအောင်၏ ဂုဏ်သိက္ခာသည် လေထဲမှာ ပင် ပျက်ပြယ်သွားရမည်ဖြစ်သည်။

သူမ၏ စိတ်ချမ်းသာမှုနှင့် မိသားစု၏ ဂုဏ်သိက္ခာ သူမ လဲလှယ်ရမည်လား။

မဖြစ်ပြန်။ သူမသာ အမှန်တကယ် ဒီလမ်းကို ရွေးချယ် လိုက်မည်ဆိုပါက ပတ်ဝန်းကျင်အလယ်တွင် သူမမိသားစု မျက်နှာ ပြရဲတော့မည်မဟုတ်။

သူမအဖြစ်က ဆုပ်လည်းစူး၊ စားလည်းရှူးရမည့် အဖြစ် အနေ။ တွေးလို့မှ ကိုယ့်အဖြစ်ကိုယ် ဖြေစရာမရှိသည့်အဖြစ်

[redacted]



ချစ်ကြည်နူးမှာ စိတ်ဆင်းရဲမှုတွေနှင့် မျက်ရည်တွေသာ အဖော်ပြု နေရသည်။

သည့်နောက် နှုတ်ခမ်းလေးကို ပြတ်ထွက်လုမတတ် ကိုက်ရင်း ဒီကိစ္စ၏ တရားခံကို အပြစ်ရှာလိုက်မိတော့ ကိုကို လှစံအောင်။

ခုတော့ သူ့ကြောင့်ပင် ပြဿနာတွေက မရှုပ်ထွေးသင့်ဘဲ အားလုံးရှုပ်ထွေးရတော့မည့်အဖြစ်။

တွေးလေလေ လှစံအောင်အပေါ် မကျေနပ်လေမို့ ချစ်ကြည်နူး အိပ်ရာထက်မှ သူမကိုယ်လေးကို ဝုန်းခနဲ ထလိုက်ကာ လှစံအောင် ရင်ဆိုင်ရန် ပြင်လိုက်သည်။

သူမခြေလှမ်းတွေက လှစံအောင်ရှိရာ အခန်းဆီသို့။ ရင်ထဲ တွင် ဒေါသနှင့်နာကျင်မှုတွေသာ ရှိနေရသည်မို့ ချစ်ကြည်နူးမှာ လှုပ်ရှားပြာဝေနေသည်။

စေ့ထားသော အခန်းတံခါးကို ဖွင့်လိုက်သည်နှင့် သူမ ရှာချင်သည့် လှစံအောင်ကို အသင့်ပင် တွေ့ရလေသည်။

"ကြည်နူး"

တင်းမာခက်ထန်သော မျက်နှာထားနှင့် အခန်းထဲဝင်လာ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သော ချစ်ကြည်နူးကို လှစံအောင်မှာ ရုတ်တရက် တွေ့လိုက် သဖြင့် အံ့ဩသွားရကာ ထိုင်ရာမှ ထရပ်မိလျက်သားဖြစ်သွား သည်။

ဆံပင်လေးတွေက ဖရိုဖရဲ ဖြာဝေဝဲကျလျက် လုပ… မျက်နှာလေးက ငိုထားဟန်တူပါ၏။ မျက်ခွံလေးမို့လျက် နှာ… ဖျားလေး ရဲတွတ်နေသည့်တိုင် အလှမပျက်သွားသော ချစ်ကြည်… မျက်နှာလေးကို လှစံအောင် ငေးခနဲ စိုက်ကြည့်မိလိုက်တော့ သူ… အစုံသည် တစ်ခါမှ မဖြစ်ပေါ်ဘူးသော လှုပ်ရှားမှုဖြင့် လှုပ်ခါ… ရသည်။

"ကြည်နူး…ကိုကို့ကို ပြောစရာရှိလို့လား"

ချစ်ကြည်နူး မဖြေ။

စိမ်းတောက်နေသော မျက်ဝန်းလေးနှင့် နှုတ်ခမ်းလေး… ဖိကိုက်ကာကြည့်ရင်း…

"ဒီကိစ္စ ကိုကိုသိနေတယ်မဟုတ်လား"

"ကြည်နူး"

"မေးတာဖြေပါ ကိုကို၊ ဒီကိစ္စတွေကို ကိုကို သိနေ… မဟုတ်လား"

အကြည့်တွေက စူးရဲလွန်းသည်မို့ သူမသော နဂါးမလေး ဆိုရင် သူသည်လည်း အသက်ရှင်နိုင်တော့မည်မဟုတ်။

"ကိုကို့ကို ကြည်နူး ဘာပြောချင်တာလဲ"

"ဒါ ကိုကို ဝန်ခံတာပေါ့လေ ဟုတ်လား"

လှစံအောင်အကြည့်တွေက သူမထံ စိတ်ထိခိုက်ခြင်းတွေ နှင့် ရောက်ရှိနေရသည်။

"ကြည်နူးရဲ့ ယုံကြည်မှုတွေကို ဒီနည်းနဲ့ ကိုကို အသုံးချ… လိုက်တာပေါ့နော်"

"ကြည်နူး"

"လုပ်ရက်လိုက်တာ ကိုကိုရယ်"

"ကိုကို ရှင်းပြပါရစေ ကြည်နူး"

"ခွင့်မလွှတ်ဘူး၊ ဒီအတွက် ကိုကို့ကို ကြည်နူး ခွင့်မလွှတ် ဘူး"

နှင့်သည်းသည့် စကားသံတွေက နာကျင်မှုတွေနှင့်မှန်း …လှစံအောင် သိနေပါသည်။

"မုန်းတယ်…ကြည်နူး ကိုကို့ကို မုန်းတယ်"

"ဟာ…ကြည်နူး"

[redacted] [redacted]

www.burmeseclassic.com



“မခေါ်နဲ့၊ ရှင့်အသံကို ကျွန်မ မကြားချင်ဘူး ဦးလူ
အောင်”

“ဟင်”

“ကြည်နူး ကိုကို့ကို ဘယ်လိုခေါ်လိုက်တယ်”

“ကျွန်မသိတဲ့ ကိုကိုလူစံအောင်က မရှိတော့ဘူး။
ကျွန်မရှေ့မှာ ရှိနေတာ ကျွန်မ သိပ်မုန်းတဲ့ ဦးလူစံအောင်”

“ကြည်နူး…ကြည်နူးရယ်”

ချစ်ကြည်နူးပုံစံလေးက သူ့အပေါ် ဘယ်လောက်
နာကျင်မုန်းတီးနေသည် မသိပါ။ အကြည့်နှင့် စကားသံတွေ
အေးစက်စိမ်းကား ပြတ်တောက်လွန်းနေသည်ပဲ။

သူ…သူမလေး နားလည်အောင် ဘယ်လိုရှင်းပြရပါ
လဲ။ ကျော်ဆက် သူ့အဖြစ်တွေကိုသိရင် ဘာပြောဦးမည်လဲ။

တကယ်ဆို လူစံအောင် ရောက်နေသည့် အနေအထား
ရှေ့တိုးဖို့လည်း အခက်၊ နောက်ဆုတ်ဖို့ကလည်း မလွယ်။

ချစ်ကြည်နူးကို ကြည့်လိုက်ပြန်တော့လည်း သူမပုံ
က ခုချိန်မှာ သူဘာပြောပြော နားဝင်မည့်ပုံမပေါ်။

ဒါပေမယ့် ခက်တာက သူမ၏ စိမ်းကားရက်စက်





လည်း သူ မခံနိုင်ပြန်။

“ကိုကိုရှင်းပြတာ နားထောင်ပါဦးလားကွာ”

“ဘာလဲ…ရှင်က ဆင်သေကို ဆိတ်သားရေနဲ့ ဖုံးချင်
လို့လား ဦးလူစံအောင်၊ အဟင်း…ဟင်း ရှင့်ဆန္ဒတွေ ပြည့်သွား
ရင်၊ ကျေနပ်နေမှာပေါ့နော်”

“တော်စမ်း ကြည်နူး”

သူ့အသံက မခံမရပ်နိုင်သည့်ဟန်။

ကြည်နူး သူ့အပေါ် ကောင်းကောင်းကြီး အထင်လွဲနေ

“မတော်ဘူး…မတော်ဘူး၊ မတော်တော့ ရှင်ကြီးဘာလုပ်
မလဲ၊ ကဲ…ကဲ ရှင်ကြီးကို မုန်းတယ်”

“ဟာ…ဟိတ်”

“ကြည်နူး…မလုပ်နဲ့လေကွာ၊ မလုပ်နဲ့ဆို”

ချစ်ကြည်နူး သူဘာပြောပြော နားမဝင်ပါတော့။ သူ့ထံ
သို့မပြတ် ရောက်ရှိလာသည့် သူမ၏ လက်သီးဆုပ်လေးများ
မှာ ရှောင်ရင်း လူစံအောင်ပါးစပ်မှ အော်ဟစ်တားမြစ်နေမိ
သည်။

www.burmeseclassic.com

www.burmeseclassic.com



"မုန်းတယ်…မုန်းတယ် ရှင်ကြီးကိုမုန်းတယ်၊ ရှင်ကြီး ကြောင့်၊ ရှင်ကြီးကြောင့် ခု ကျွန်မဘဝ ပျက်ရတော့မယ်သိလား အဲဒါ ရှင်ကြီးမကောင်းလို့၊ ရှင်ကြီးကို မုန်းတယ်၊ အဟင့် ဟင့် ဟင့်"

ပြောလည်းပြော ငိုလည်းငို သူ့အားလည်း ထုရိုက်နေ ကြည်နူးကို လှစံအောင်မှာ မျက်ဝန်းစူးစူးကြီးတွေနှင့် ကြည့်ရင်း

"ကိုကိုပြောတာကို ကြည်နူး နားထောင်ပေးစမ်းပါ ကွာ"

"နားမထောင်ဘူး၊ ရှင့်အသံကို မကြားချင်ဘူး၊ ရှင်အ မှုအေးမယ် သိလား၊ ကဲ ကဲ"

လှစံအောင်ဘာပြောပြော နားမဝင်နိုင်သည့် ချစ်ကြည်နူး မှာ လှစံအောင်ကိုသာ သဲသဲမဲမဲရိုက်ရင်း မျက်ရည်တွေက ပါးပြင် ပေါ် စီးကျနေရသည်။

လှစံအောင်မှာ သူမကို ဒီအတိုင်းကြည့်နေ၍ မဖြစ်တော့ မှန်း သိလိုက်သည်။ သူမပုံစံက သူ့အပေါ် အငြိုးကြီးစွာနှင့် ရန် တစ်ယောက်လို ဖြစ်နေသည်က အထင်အရှား။

"ကြည်နူး…မင်းတော်တော့ဆို"

"မတော်ဘူး၊ မတော်တော့ ရှင်ဘာလုပ်ချင်လဲ"

"မင်းကွာ"

သူ သည်းခံနေတာကို အကောင်းမှတ်ကာ ရန်မူနေသော ချစ်ကြည်နူးကို လှစံအောင် မချင့်မရဲ အသည်းတယားယားနှင့်ပင် သူမလက်လေးကို ဖမ်းယူချုပ်ကိုင်လိုက်လေသည်။

ကြည်နူးမှာ အံကြိတ်ကာ သူမလက်လေးကို ရုန်းယူနေ လိုက်ပြီး…

"လွှတ်…လွှတ် ရှင်ကြီး ကျွန်မအသားကိုမထိနဲ့"

"လွှတ်နော်"

"လွှတ်မယ်၊ ကိုကိုပြောတာကိုလည်း မင်းကောင်းကောင်း နားထောင်"

"ရှင့်ရဲ့ အလိမ်အညာစကားတွေကို ကျွန်မ နားမထောင် ချင်ဘူး၊ လွှတ်"

"ကဲဟယ်"

"အား"

ကျားနာမလေးလို ဒေါသနှင့် နာကျင်မှုတွေကလွဲပြီး အခြား မမြင်နိုင်တော့သည့် ချစ်ကြည်နူးသည် လှစံအောင်လက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



မှ သူမလက်လေးကို ရှုန်းယူရင်းက တစ်ဆက်တည်းဆိုသလို လှစံအောင် လက်မောင်းကြီးကို သူမ သွားစွယ်ချွန်ချွန်လေးနှင့် အားကုန်ဖိကိုက်လိုက်ပါတော့သည်။

"မင်း…မင်း ဘယ်လိုလုပ်လိုက်တာလဲ ကြည်နူး အား…ကျွတ်…ကျွတ် မင်း တော်တော်ဆိုးပါလားဟင်၊ ဒီမယ် ကြည့်စမ်း"

နာကျင်ညည်းညူသံနှင့်အတူ ကြည့်စမ်းဆိုပေမယ့် ချစ်ကြည်နူး မကြည့်ပါ။ မကြည့်သည့်အပြင် မျက်နှာလှလှလေး ကိုပင် တခြားတစ်ဖက်သို့ လွှဲထားလေသည်။

သူမကိုက်လိုက်သည့်မှာ ဒဏ်ရာက ဘယ်လောက်ဖြစ်သည် မသိပါ။ လှစံအောင် လက်မောင်းဒဏ်ရာက သွေးတွေ ဖြာခနဲ ကျနေရသည်။

လှစံအောင်မှာ ဒဏ်ရာကိုကြည့်ပြီးနောက် ချစ်ကြည်နူး မျက်နှာလေးကို ပြန်ကြည့်ကာ…

"မင်းသိပ်ဆိုးပါလား ကြည်နူး၊ ငါ့ကို ဒီလောက်တောင် မင်းမုန်းနေပြီလား"

"ဟုတ်တယ် မုန်းတယ်"





"ယုံပါတယ်လေ၊ ဒီဒဏ်ရာက သက်သေခံနေပြီပဲ၊ ဒါပေမယ့် မင်းကို တစ်ခုတော့ ကိုကိုပြောချင်တယ်၊ တကယ်တော့ ဒီကိစ္စတွေဟာ"

"ကျွန်မ နားမထောင်ချင်ဘူး၊ ရှင်ကတော့ ပျော်နေမှာ ပေါ့နော်"

ကြည်နူးစကားတွေက သူ့နှလုံးသားကို ထိုးနှက်နေသလို သူ့စေတနာတွေက သူမအတွက် ဝေဒနာဖြစ်ရပြီထင်။

စိတ်ထိခိုက်ခြင်းတွေဖြင့် လှစံအောင်မျက်နှာက ညှိုးမှိုင်း နေရသည်။ သူ့အသွင်က တကယ့်ကို ထိထိခိုက်ခိုက် ခံစားလိုက်ရ သလိုမျိုး။

ဒီလိုဖြစ်မည်မှန်းသိလျှင် သူ ဒီကိစ္စကို လက်ခံခဲ့မည် မဟုတ်ပါ။ ခုတော့ သူမ အမုန်းတွေသာ သူ ရလိုက်သည့်အဖြစ်။

ဒါ သူမနှင့်ပတ်သက်ပြီး သူ ရရှိလိုက်တဲ့ ထိုက်တန်တဲ့ ဆုတစ်ဆုပဲလား။

သွားပြီ…အားလုံးသွားပြီ။

သူမအတွက် သူ အကောင်းဆုံးထင်၍ လုပ်ခဲ့သော အရာ တွေက ဘာတစ်ခုမှ အရာမထင်သလို ထိုအကောင်းဆုံးထင်သော အရာတွေကပင် လှစံအောင်ကို နာကျင်စေရလေပြီ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဒီနေရာမှာ လက်မှတ်ထိုးလိုက်ပါ"

တရားသူကြီး၏ စကားသံက သူမနားထဲ ခါးသီးစွာ ရောက်ရှိလာရသည်။

"ညီမလေး...လက်မှတ်ထိုးလိုက်လေ"

သတိပေးလိုက်ပါသည့် ကိုကိုကျော်ဆက်ကြောင့် ကြည်နူး ကိုယ်လေး တုန်လှုပ်သွားရသည်။

ဒီနေ့က လှစံအောင်နှင့်သူမ လူကြီးများရှေ့မှောက်တွင် တရားဝင်လက်မှတ်ထိုး လက်ထပ်ကြသည့်နေ့။

သည်အဖြစ်က သူမအတွက် အကြီးမားဆုံး ဝမ်းနည်းစရာ ပင်ဖြစ်သည်။

[redacted]



"ကြည်နူး...လက်မှတ်ထိုးလိုက်လေ"

သူ့အသံက ထွက်ပေါ်လာရပြန်သည်။

"ဟင့်အင်း...လက်မှတ်မထိုးဘူး"ဟု သူမ အော်ဟစ် ငြင်းလိုက်ချင်ပေမယ့် ထိုအဖြစ်ကို သူမ အသိစိတ်က ခွင့်မပြုပြန်။

ရင်ထဲတွင် အော်ဟစ်ငိုချင်စိတ်တွေနှင့် နာကျင်မှုတွေက နေရာယူနေရသည်။

ခုချိန်မှာ သူ့အတွက် ငြင်းဆင်ခွင့်မရှိသည့် အနေအထား။

"ကြည်နူး"

"ညီမလေး"

မျက်ရည်ဥများ ပါးပြင်ပေါ်သို့ ကြွေသက်ဆင်းကျမလာအောင် ချစ်ကြည်နူး အနိုင်နိုင် ထိန်းလိုက်ရသည်။

ကိုကိုကျော်ဆက်ကိုယ်တိုင် သူမလက်ထဲ ဖောင်တိန် ထည့်ပေးနေသည်မို့ ချစ်ကြည်နူးမှာ ငြင်းဆန်ရန် ခွန်အားမရှိတော့ သလို အံကြိတ်လျက်ကပင် စာချုပ်ဖြူဖြူလေးထက် လက်မှတ်ထိုး ပေးလိုက်သည်။

ထိုအခါမှ ကျော်ဆက်သည် သက်ပြင်းချနိုင်တော့သည်။ ညီမဖြစ်သူအား ကျေးဇူးတင်သော အကြည့်များနှင့်ကြည့်ရင်း...

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ ညီမလေး"

ဟု လိုက်လှဲစွာ ဆိုလိုက်မိသည်။

ဒီစကားတစ်ခွန်းက သူမဘာဝနှင့် လဲလှယ်လိုက်ရသည့် အဖြစ်ကို ဘယ်သူတွေက သိနိုင်မှာတဲ့လဲ။

ချစ်ကြည်နူးမှာ ကိုယ့်အဖြစ်ကို ကိုယ် နာကျင်စွာ မချိပြုံး ပြုံးလိုက်မိသည်။

ရင်ထဲမှာတော့ နာကျင်ရလွန်းသဖြင့် စကားတွေ မရှိနိုင် တော့။

ကျော်ဆက်နှင့် လှစံအောင်မျက်နှာပေါ်မှာတော့ ကျေနပ် မှုတွေနှင့်သာ။ သူတို့အပြုံးတွေကို မြင်ရလေလေ ချစ်ကြည်နူးရင် မှာ နာကျင်ရလေလေဖြစ်သည်။

ကျော်ဆက်မှာ ညီမဖြစ်သူကို လှစံအောင်လက်ထဲသို့ ထည့်လိုက်ရသည့်အတွက် သူ့ပုံစံက စိတ်ချလက်ချရှိသွားသည့် ပုံမျိုး။

ကျော်ဆက်နှင့် ဆန့်ကျင်ဘက် လှစံအောင်မှာတော့ ရှေ့လျှောက်ရမည့် သူ့ဘဝခရီးအတွက် ရင်မှာမောလျှနေရသလို။

ဘာပဲပြောပြော ချစ်ကြည်နူးဆိုတာ သူနှင့် တရားဝင်



လက်ထပ်ပြီးသွားရသည့် မိန်းကလေး။

ပြီးတော့ ဒီမိန်းကလေးက ကိုယ့်အပေါ် မကြည်ဖြူမလို လားစွာရှိနေသူ။ သူတို့နှစ်ဦး၏ အိမ်ထောင်ရေးက စကတည်းက ပင် ယဉ်သလိုလိုနှင့် ခက်နေရပြီဖြစ်သည်။

မနက်ပိုင်းတွင် မင်္ဂလာဦးဆွမ်းကျွေး လက်မှတ်ထိုးပြီး ညနေပိုင်းတွင် ရင်းနှီးသူ မိတ်ဆွေများကို ညစာခံပွဲလေးဖြင့် ညစာခံ ခဲ့သည့် သူတို့နှစ်ဦး၏ မင်္ဂလာညစာခံပွဲလေးက အကျဉ်းချုံးပေမယ့် ညကြားစွာနှင့် ပြီးစီးခဲ့ရပြီဖြစ်သည်။

"ခုန်း"

"ဗွမ်း"

မနက်က လှပစွာပြင်ဆင်ထားခဲ့သည့် မင်္ဂလာအိပ်ခန်း ကြီးမှာ ခုတော့ဖြင့် ကြည်နူးကြောင်း ရစရာမရှိတော့သလို မြင်လို့ တည်း မကောင်းတော့။

အားလုံးဖရိုဖရဲနှင့် မင်္ဂလာအိပ်ခန်းကြီးက ခုတော့ မလှပ နိုင်တော့။

အခန်းရှိ ပစ္စည်းများနှင့် နံရံကို ပစ်ပေါက်ခွဲသည့်အသံက လှစံအောင်အား မကြားချင်ယောင်ဆောင်၍ မရပါ။

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေသည့် အချိန်မို့ လှုံ့အောင်မှာ ပတ်ဝန်းကျင်ကို အားနာနေမိရသည်။

လူကုံတန်များနေသည့် နေရာမို့ တစ်ခြံနှင့်တစ်ခြံ အလှမ်းဝေး၍သာ တော်ပါတော့သည်။ မဟုတ်ပါက သူမလေးလုပ်နေပုံနှင့် မလွယ်။

လှုံ့အောင်မှာ ညည့်ခံပွဲပြီးကတည်းက စာကြည့်ခန်းထဲမှာသာ ရှိနေခဲ့သည်က ဒီအဖြစ်မျိုးတွေ ရင်ဆိုင်ရမှာစိုး၍ သူဘက်က ရှောင်နေသည့်သဘော။

ခုတော့ သူ ဘယ်လိုရှောင်ရှောင် ရှောင်လွှဲလို့မရနိုင်အောင် သူမလေးဘက်က ပြဿနာရှာလာသည်မို့ လှုံ့အောင်မှာ မင်္ဂလာအိပ်ခန်းကျယ်ကြီးထဲသို့ ရောက်လာခဲ့လေသည်။

သူ့ကိုမြင်တော့ သူမမျက်နှာလေး ပျက်သွားလေသည်။

"ရှင်…ရှင် ဘာလာလုပ်တာလဲ"

"သွား…သွား ခုထွက်သွား၊ ရှင့်ကို ကျွန်မ မမြင်ချင်ဘူး"

နာကျင်သွားရသော နှလုံးသားနှင့် ပျက်ယွင်းသွားရသည့် မျက်နှာကို ပြင်လိုက်ရင်း…





"တကယ်ပဲ ငါ့ကို မလာစေချင်ရင် မင်း ဒီလိုလုပ်မှာမဟုတ်ဘူး"

"ရှင်…ရှင်"

"ဘယ်လိုလဲ မင်းစိတ်ထဲ ကျေနပ်သွားပြီလား"

တစ်ခန်းလုံး ရှုပ်ပွကာ ခြေချစရာပင် မရှိတော့သည့် သူတို့နှစ်ဦး၏ မင်္ဂလာအိပ်ခန်းကြီးကို လှုံ့အောင် တစ်ချက်ကြည့်ရင်းက မေးလိုက်သည်။

"မကျေနပ်ဘူး၊ ကျွန်မ တကယ်စိတ်ထဲမှာရှိတာ ဒါတွေမဟုတ်ဘူး"

"မင်းစိတ်ထဲရှိတာ ငါလား"

"ဟုတ်တယ်"

"မင်း ငါ့ကိုသတ်ချင်တယ်ပေါ့"

"ရှင်သိနေသားပဲ"

"ချစ်ကြည်နူး"

"လူတစ်ယောက်ကို ကူညီခဲ့သလိုနဲ့ တကယ်တမ်းသူ့ဘဝကို အနိုင်ယူ အပိုင်သိမ်းလိုက်တာရော ဘယ်သူလဲ"

"ဒီကိစ္စကို မင်း မကျေနပ်မှန်း ငါသိတယ် ကြည်နူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဒီကိစ္စက ကိုကိုဖန်တီးခဲ့တာ မဟုတ်ဘူး”

“ရှင်ပြောချင်တာ ကံကြမ္မာက ဖန်တီးတယ်ပေါ့ ဟုတ်လား”

လှစံအောင်မှာ ခနဲ့တဲ့တဲ့စကားတွေကြောင့် ချစ်ကြည်နူး မျက်နှာလေးကို စိုက်ကြည့်ပစ်လိုက်သည်။

ဖြူလွှလွှညဝတ်အင်္ကျီလေးနှင့် သူမမျက်နှာ ကြည်ကြည် စင်လေးက လှပလိုက်ဖက်လွန်းနေရသည်။

သို့သော် ထိုမျက်နှာလှလှလေးနှင့် မလိုက်ဖက်အောင် ဒေါသတွေနှင့် ခက်ထန်နေရသော သူမမျက်နှာလေးက မနက်က လက်ထပ်ထားခဲ့သည့် သတို့သမီးတစ်ယောက်၏ မျက်နှာနှင့်မတူ ပေ။

နာကျင်မှုအမုန်းတွေနှင့် စိမ်းလဲ့နေသော မျက်ဝန်းတွေ သူ့အပေါ် ရန်သူကြီးတစ်ယောက်လို မြင်နေသည်မှာ ရင်နာစရာ ဖြစ်သည်။

ဒါ မင်္ဂလာဦးည။ သတို့သား၊ သတို့သမီး၏ ရင်ခုန်မှု ခံစားမှုတဲ့လား။ လှစံအောင် သက်ပြင်းချလိုက်သည်။

“တော်လောက်ပြီ ကြည်နူး”



တစ်ခန်းလုံးကို စိတ်ထင်တိုင်းလုပ်ထားရဲ့ အားမရသေး ခန်းထဲရှိ ပစ္စည်းတွေကို ပစ်ပေါက်ခွဲနေသေးသည့် ချစ်ကြည်နူး ကိုကြည့်ကာ လှစံအောင် ပြောလိုက်သည်။

သို့သော် သူဘာပြောပြော ချစ်ကြည်နူးကတော့ နားမဝင် ပါ။ သူမ စိတ်ထဲရှိသမျှ အစွမ်းကုန်ပေါက်ခွဲနေရသည်။

“ကြည်နူး…တော်တော့လို့ ကိုကိုပြောနေတယ် မဟုတ် လား”

“မတော်ဘူး၊ ရှင်ဘာလုပ်ချင်လဲ”

“မင်းဘာဖြစ်ချင်တာလဲ”

“ဘာ”

“ရှင်ဘာပြောလိုက်တယ်၊ ကျွန်မ ဘာဖြစ်ချင်လဲ ဟုတ်လား၊ ရှင်းရှင်းလေးပါ ရှင်ဒီထက်ပိုပြီး မနာကျင်ချင်ရင် ကျွန်မကို အခုပဲ ကွာရှင်းပေးလိုက်ပါ”

“ဘာ”

ဒါ သူမ အကြံအစည်တဲ့လား။

လှစံအောင် ဘယ်လိုမှ ထင်မထားခဲ့ပါ။ နာကျင်မှုတွေနှင့် လှစံအောင် တစ်ချက်ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနည်းနဲ့ သူမ သူ့ကို စိတ်ကုန်အောင် လုပ်နေတာဆိုရင် ဖြင့် သူမလေး သိပ်မှားပါသည်။

သူမလေးဆိုးတာ၊ ဂျစ်ကျအရွဲ့တိုက်တတ်တာတွေကို လူ့စံအောင် အသိဆုံးဖြစ်သည်။

သူမကြည့်ရတာ အားလုံးကို လွယ်လွယ်ပင် တွေးထားပုံ ရပါသည်။ ဒါဟာ ဘဝတစ်ခုလုံးနဲ့ဆိုင်တဲ့ အိမ်ထောင်ရေးဆိုတာ သူမ သိရဲ့လားမသိပါ။

ခုလက်ထပ်၊ ခုကွာရှင်းလုပ်ရအောင် သူရော သူမပါ ဂုဏ်သိက္ခာမဲ့သူများ မဟုတ်။

ပြီးတော့ သူနှင့်သူမက လူကြီးစုံရာရှေ့တွင် တရားဝင် လက်ထပ်ထားခဲ့သူများ။

နောက်ပြီး လူ့စံအောင်ဆိုတာ ကိစ္စတစ်ခုကို လွယ်လွယ် နှင့် ဆုံးဖြတ်ချက်ချတတ်သူ မဟုတ်။ ခုကိစ္စက သူတို့နှစ်ဦး တစ်ဘဝလုံးဆိုင်သည့်ကိစ္စ။

''မင်း...ဒါ တကယ်ပြောနေတာလား ကြည်နူး''

''ဘာလဲ...ရှင့်ကို နောက်တယ်လို့များ ထင်နေလား ရှင့်အတွက် နောင်တတွေ မကျန်စေချင်ရင် ကျွန်မကို ရှင်အမြန်ဆုံး



ကွာရှင်းပေးလိုက်တာက အကောင်းဆုံးဖြစ်လိမ့်မယ်''

''နောင်တ ဟုတ်လား၊ အဟွန်း ပြောစမ်းပါဦး ဘာကြောင့် ကိုယ်က နောင်တရမှာလဲဆိုတာ''

''အနည်းဆုံး ကျွန်မကြောင့်ဆိုတာတော့ သေချာတယ်''

မျက်နှာလှလှလေးက ခပ်တင်းတင်းနှင့် သူ့အား မိုက်တီ မိုက်ကန်းဟန်လေးနှင့် စိန်ခေါ်သလို မထီမဲ့မြင်ပြုနေသည့် ချစ်ကြည်နူးမျက်နှာလေးကို စိုက်ကြည့်ရင်း လူ့စံအောင် အသည်း ယားသွားရသည်။

ဒီကလေးမ ဂျစ်ကျပုံကတော့ တကယ့်ကို မလွယ်ပါ။ ဆိုယ့်ကိုယ်ကို မိန်းမသားတစ်ယောက်ရယ်ပါလို့လည်း သူမ ထင်မှတ်ပုံမရ။ ပြောနေသည့်စကားတွေက သူမကိုယ်သူမ ယောကျ်ားလေးတစ်ယောက်လို့များ ထင်နေသည်လားမသိတော့။

''အဲဒီနောင်တကိုပဲ ကိုယ်ကျေနပ်နေမယ်ဆိုရင်ရော''

ချစ်ကြည်နူးမျက်နှာလေး ရဲပသွားရသည်။

ကြည့်စမ်း...ဒီလူ သူမကို အရွဲ့တိုက်နေသည်လား။ ဒါမှမဟုတ် ဒီစကားတွေ တကယ်ပင် ပြောနေသည်လား။

မျက်နက်ဝန်းလေးနှင့် သူ့ကို အကဲခတ်လိုက်တော့ သူ့ပုံစံ

www.burmeseclassic.com

www.burmeseclassic.com



က တည်ကြည်လေးနက်စွာ။

ဒါဖြင့် ဒီစကားတွေ သူတကယ်ပြောနေသည်ပေါ့။

“ကဲ…ကြည်နူး နားတော့၊ ဒီစကားတွေ ကြည်နူးမပြောဘူးလို့ပဲ ကိုယ် မှတ်လိုက်မယ် ဟုတ်လား”

“ဟင့်အင်း…ကျွန်မ တကယ်ပြောနေတာ ဦးလှစံအောင်၊ ရှင်နဲ့ကျွန်မ အတူမနေနိုင်ဘူး”

“ကိုယ်ကတော့ နေနိုင်တယ်”

“ဟင်”

လှစံအောင်စကားကြောင့် ချစ်ကြည်နူး ပါးပြင်နုနု ပန်းသွေးရဲသွားရသည်။

“ဘဝနှစ်ခုကို အတူပေါင်းစပ်ပြီးမှတော့ အတူမနေလို့မရဘူး ကြည်နူး၊ ကြည်နူးလည်း အရွယ်ရောက်နေတဲ့ မိန်းကလေးပဲ၊ ကိုယ် ဘာကိုဆိုလိုတယ်ဆိုတာ မင်းသိမှာပါ”

“မသိဘူး…သိလည်းမသိချင်ဘူး၊ ကျွန်မသိတာ ရှင့်ကို မုန်းတယ်၊ ရှင်ကြီးနဲ့ ဘယ်တော့မှ အတူမနေဘူးဆိုတာပဲ”

“ချစ်ကြည်နူး…မင်းစိတ်ကူးတွေ သိပ်ယဉ်နေပြီ၊ လက်ထပ်ပြီးမှတော့ အတူမနေလို့ရမလားကွ”



“အို…ရရ မရရ မသိဘူး၊ ကျွန်မကတော့ ကျွန်မဆန္ဒအတိုင်း လုပ်ရမှာပဲ”

“ဟင်…မင်း ဘာလုပ်မလို့လဲ”

ချစ်ကြည်နူးသည် ပြောရင်းက သူ့ကိုယ်ကြီးကို တွန်းတိုက်ကာ အခန်းထဲက ထွက်ရန်ပြင်လိုက်တော့ လှစံအောင်မှာ သူမရှေ့ သူ့ကိုယ်ကြီးကို ကွယ်ရပ်လိုက်ရင်းက မေးလိုက်သည်။

လှစံအောင်အမေးကို ချစ်ကြည်နူးမှာ မဖြေပါ။ စူးရဲသော မျက်ဝန်းစိမ်းလေးနှင့်သာ လှစံအောင်ကို ကြည့်ရင်း…

“ရှင် ရှေ့ကဖယ်ပါ”

“ဘာ”

“ကျွန်မရှေ့က ရှင်ဖယ်ရင် ကောင်းလိမ့်မယ် ဦးလှစံအောင်”

“ကြည်နူး…ဘယ်သွားမလို့လဲ”

“ရှင်ကြီးနဲ့ အဝေးဆုံးကို”

“ကြည်နူး”

“ဖယ်လို့ ရှင့်ကိုပြောနေတယ်နော်”

“မင်း…ကိုကို့ကို ဒီအတိုင်း ထားသွားမလို့လား”

www.burmeseclassic.com

www.burmeseclassic.com



"အို"

သူမ ဘာပြောပြော နာကျင်ဟန်မပြသည့် သူ့ ချစ်ကြည်နူး နည်းနည်းတော့ လန့်လာရပြီ။ သူ နာကျင်အောင် သူမ ဘယ်လိုနည်းသုံးရမလဲ။

"မင်းကို ကိုကို ဘယ်မှသွားခွင့်မပြုနိုင်ဘူး ကြည်နူး ခုချိန်မှာ မင်းနဲ့ကိုယ်က တစ်ဘဝဖြစ်သွားပြီ၊ ကိုကိုပြောတာ ကြည် နားလည်တယ် မဟုတ်လား"

ကြည့်စမ်း…ဒီလူ။

ပြောခါမှ ပိုဆိုးနေပါရောလား။

ရှက်စိတ်တွေဖြင့် ချစ်ကြည်နူးမျက်နှာလေး ရဲရဲတွ နီမြန်းနေရပြီ။ သူ့မျက်နှာချောချောကြီးကိုလည်း သူမ မကြည့် တော့။

ရင်ထဲမှာ ရှက်လန့်မှုတွေနှင့် တုန်ယင်နေရသလို ခြေ လက်ဖျားလေးတွေက သွေးခဲမတတ် အေးစက်နေရပြီ။

"ကိုကို ကတိပေးပါတယ် ကြည်နူး၊ ကြည်နူးဘဝ ကို အတတ်နိုင်ဆုံး ကိုကိုပျော်ရွှင်အောင် ထားမှာပါ၊ ပြီးတော့ ကိုကို့ကြောင့် ကြည်နူး ဘယ်တော့မှ စိတ်မဆင်းရဲစေရဘူးဆို



ကိုကို ကတိပေးတယ်"

ရှက်စိတ်တွေနှင့်ကြားက ကြည်နူး နှုတ်ခမ်းစူချင်လာရသည်။ ကတိပေးသည်တဲ့။ ဒီကတိ သူ့ကို ဘယ်သူများ တောင်းနေလို့ပါလိမ့်။

"ကြည်နူး…ကိုကိုပြောတာ ကြားလား"

တိတ်ဆိတ်ငြိမ်သက်သွားရသော ကြည်နူးကို အကြည့်စူးစူးတွေနှင့် တစ်ချက်ကြည့်ရင်းက လှုံ့ဆော်အောင် မေးလိုက်တော့ ကြည်နူးကိုယ်လေးမှာ တုန်သွားကာ…

"ဟင့်အင်း…ဘာလဲ မသိဘူး"

"အဟွန်း…မသိလို့မရဘူးဗျ၊ ခု ကြည်နူးနဲ့ကိုကိုက လက်ထပ်ပြီးသွားပြီ"

"အဲဒါဘာဖြစ်လဲ"

"ဟောဗျာ…လက်ထပ်ပြီးမှတော့ ကြည်နူးကို ကိုကို ပိုင်သွားပြီလေဗျာ"

"ရှင်နော်"

ရင်ခုန်သံတွေက မမှန်တော့ပါ။

သူ့စကားသံတွေက သူမအပေါ် ပိုင်စိုးပိုင်နင်း ရှိလွန်းရဲ့

www.burmeseclassic.com

www.burmeseclassic.com



မတော သူမအား သူပိုင်နေသည့်သဖွယ်။

ရှင်သွားစမ်း ဦးလူစံအောင်။

ရှင် ကျွန်မကို လက်ထပ်ထားရုံနဲ့ ကျွန်မဘဝကို ပိုင်တယ် လို့များ ရှင်ထင်နေလား။

ဒါဆို ရှင်မှားတော့မှာပေါ့။

ချစ်ကြည်နူးဆိုတာ ဘယ်လိုမိန်းကလေးမှန်း ရှင်သိ တယ်လေ။

ကျွန်မဘဝကို ရှင် ဒီလိုချုပ်ကိုင်ဖို့ ကြိုးစားရင် မှားသွား မှာပေါ့ ဦးလူစံအောင်။

နှုတ်ခမ်းဖူးဖူးလေးကို တင်းတင်းစေ့ရင်း ချစ်ကြည်နူး စကားတွေ ဆိုနေမိသည်။

သူမရင်ထဲက စကားသံတွေကို မကြားသည့် လူစံအောင် ကတော့ ချစ်ကြည်နူးအား မျက်ဝန်းစိုစိုတွေနှင့် ကြည့်ရင်း...

"အချိန်မနည်းတော့ဘူးဗျ။ တစ်နေ့လုံး ပင်ပန်းထားတာ နားလိုက်တော့နော်"

သူ့အသံက ကြင်နာမှုတွေနှင့် နွေးထွေးနေရသည်။ ဒါ သူ ဟန်ဆောင်တာဟု သူမစိတ်မှာဆိုရင်း...



"ရှင် ကျွန်မကို မကွာရှင်းပေးရင် ကျွန်မ ရောက်ရာ ပေါက်ရာကို ထွက်သွားရလိမ့်မယ် ဦးလူစံအောင်"

"ဟင်"

ရင်မောရခြင်းတွေက လူစံအောင်အတွက် မကုန်ဆုံးနိုင် တော့။ သူမပုံစံက ခွဲနှင့် ဂျစ်ကျနေသည့်ပုံ။

ဒီပုံအတိုင်းဆိုပါက လူစံအောင် သူမကို အတော်ပင် ချောင်းမြှောင်းပြောဆိုရဦးမည်ဆိုတာ သိလိုက်သည်။

တစ်ဆက်တည်း သူ့ရင်မှာ ပူပင်သွားရသည်။ လူစံအောင် သည် သူမကို သူ့မျက်စိရှေ့အောက်ကနေ အလွတ်ပေး၍ မဖြစ် တော့မှန်းပင်။

စိတ်ကြီးကာ စိတ်ထင်ရာ အရှဲ့တိုက်တတ်သော သူမ သည် သူမပြောသလို မလုပ်ပါဟု ဘယ်သူမှ မပြောနိုင်။

မတော် စိတ်ထင်ရာ သူမလုပ်သွားမှဖြင့် သူသာ ရင်ကျိုး ရမည်မဟုတ်ပါလား။

လူစံအောင်မှာ အတွေးတွေနှင့် ဆုံးဖြတ်ချက်ကို တစ်ခါ တည်း ချလိုက်မိသည်။

ချစ်ကြည်နူးအား သူ့မျက်စိအောက်ကနေ မျက်ခြည်ပြတ်

www.burmeseclassic.com

www.burmeseclassic.com



ခ်၍ မရမှန်း။

ခုချိန်မှာ သူနှင့် ကြည်နူးဆိုတာက နီးလျက်နှင့်ဝေး
ကြသူများ။ ကြည်နူးထံမှ နားလည်မှုတွေရရန် သူ့အနေနှင့် အဖော်
ပင် ကြိုးစားဦးမည်ပဲလေ။

ခုအခြေအနေက သူမကို အတင်းအကြပ် ဘာတစ်ခု
လုပ်၍မရမှန်း လှစံအောင် နားလည်လိုက်သည်။

အခြေအနေနှင့် အချိန်အခါအရ လှစံအောင် သူမနှင့်အဆင်
ပြေရန် လိုက်လျောညီထွေ နေရပေတော့သည်။

"ကြည်နူး...မင်းကြည့်ရတာ သိပ်ပင်ပန်းနေပြီ၊ နားလိုက်
ဦး၊ ကိုကို မင်းပြောတာကို စဉ်းစားပေးမယ်၊ အဓိက မင်းစိတ်ချမ်း
သာဖို့ပဲ၊ အဲဒီအတွက် ကိုကို အကောင်းဆုံးဖြစ်အောင် စဉ်းစား
မယ် ဟုတ်လား၊ ခုတော့ နားလိုက်တော့နော်၊ ကိုကို စာကြည့်ခန်း
ထဲမှာရှိမယ်၊ တစ်ခုခုဆို ကိုကို့ကိုခေါ် ဟုတ်ပြီလား"

သူမအား ကလေးတစ်ယောက်လို စိတ်မချစွာဖြင့်
အေးဆေးတည်ငြိမ်စွာ ပြောသွားသည့် လှစံအောင်စကားများ
ချစ်ကြည်နူးမှာ ခေါင်းမညိတ်၊ ခေါင်းမခါ နားထောင်လိုက်သည်
သူမ ခေါင်းကို သူ့လက်ဖဝါးကြီးနှင့် တစ်ချက်ဖိအုပ်



တည်ကြည်ချောမွေ့သော မျက်နှာနှင့် အေးစက်တည်ငြိမ်စွာ အခန်း
ထဲမှ ထွက်သွားသော လှစံအောင်ကို ချစ်ကြည်နူး ငေးငေးငိုင်
ငိုင်ငိုင်လေးကြည့်ရင်း ကျန်ခဲ့လေသည်။

သူတို့နှစ်ဦး၏ မင်္ဂလာအိပ်ခန်းကြီးကတော့ တိတ်ဆိတ်မှု
တွေနှင့် ငြိမ်သက်လျက်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ([illegible])

"လှစံအောင်…မင်းနဲ့ ညီမလေးကို ကြည့်ရ… သိပ်မဟုတ်သလိုပဲ၊ မင်းတို့ချင်း အဆင်မပြေခဲ့ရဲ့လား"

ကျော်ဆက်အမေးကို လှစံအောင် ဘယ်လိုဖြေရမည်… ပါ။ ချစ်ကြည်နူးနှင့်သူ အဆင်မှ ပြေသည်လားတဲ့။

ထိုမေးခွန်းက လှစံအောင်အတွက် အဖြေမရှိသည့် မေး… လို။ ချစ်ကြည်နူးနှင့်သူ အဆင်ပြေမပြေတော့ဖြင့် မသိပါ။

သူသိသည်က သူမနှင့်သူ နေ့စဉ်ရက်ဆက် ဖြစ်နေ… သည့် ပြဿနာများ။

သည်အဖြစ်တွေက သူ့အတွက် ရင်မောစေရသည် မဟုတ်… ပါလား။





"ဟင်း"

သူ့စကားကို ပြန်မဖြေဘဲ သက်ပြင်းချနေသည့် …စံအောင်ကို ကျော်ဆက်မှာ မျက်ခုံးကြီးတွန့်ကာ ကြည့်ရင်းက …မှာ တစ်စုံတစ်ရာအတွက် စိုးထိတ်သွားရသလို…။

"မင်း ငါ့ကိုမှန်မှန်ပြောစမ်း လှစံအောင်၊ မင်းနဲ့ညီမလေး …င်မပြေဘူး မဟုတ်လား"

သူ ခေါင်းမညိတ်သလို ခေါင်းလည်းမခါမိ။ သူ့ပုံစံက …တွေငိုင်ငိုင်။

ကျော်ဆက်မှာ လှစံအောင်ကို ကြည့်ကာ အားမရဖြစ် …ပြီး…

"လှစံအောင်…မင်း ဘာလို့မဖြေတာလဲ"

"ငါဖြေဖို့ လိုသေးလို့လား ကျော်ဆက်"

ကျော်ဆက်မျက်နှာက တွေခနဲဖြစ်သွားရကာ…

"ဒီလိုဖြစ်မယ်ဆိုတာ ငါ တွေးထားပြီးသားပါ လှစံအောင်၊ …ပေမယ့် ဘာပဲဖြစ်ဖြစ် ခုချိန်မှာတော့ ငါတို့ဘက်က အလျှော့ …လို့မဖြစ်တော့ဘူး၊ မင်း သူ့ကို သိပ်အလိုမလိုက်နဲ့ လှစံအောင်၊ …ကြည့်ရတာ ကြည်နူးကို အရမ်းအလိုလိုက်နေသလိုပဲ၊ ဒီအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဆို သူ့ အရင်ကထက် ပိုဆိုးသွားလိမ့်မယ်"

ပိုဆိုးသွားမည်တဲ့လား။

လှစံအောင် အံကြိတ်ကာ မချိပြုံးနှင့် ပိုဆိုးတာမဟုတ်ဘူး ဆိုးကိုဆိုးနေတာဆိုသည့် စကားကိုတော့ သူ့စိတ်ထဲက ဆိုလိုက်မိ ပါသည်။

"ကျော်ဆက် မင်းပြောစမ်းပါဦး၊ ငါ သူ့ကို အလိုလိုက် တာ မှားများမှားနေပြီလားဆိုတာ"

"မှားတာမဟုတ်ဘူး၊ မှားကိုမှားနေတာ၊ ဒီမှာ လှစံအောင် ငါ သူ့အစ်ကိုပါ၊ ဒါပေမယ့် ရှင်းရှင်းပဲပြောမယ်၊ ညီမလေး ဒီအတိုင်း မင်းဆက်ပြီး အလိုလိုက်နေဦးမယ်ဆိုရင်တော့ သူ့အပေါ် ကောင်းစေချင်တဲ့ ငါတို့စေတနာတွေဟာ အလဟဿ ဖြစ်သွားမယ် အဖြစ်၊ သူ့ကို ပိုဆိုးဖို့ ငါတို့ အခွင့်အရေး ပေးလိုက်သလို ဖြစ်သွား မှာကိုတော့ မင်းစဉ်းစားပါ လှစံအောင်၊ ဒါ ငါတို့ရဲ့ သူ့အပေါ် ထားတဲ့ စေတနာလားဆိုတာ"

သူ့စကားတွေကြောင့် လှစံအောင်မှာ လှုပ်လှုပ်ရှားရှား သွားကာ...

"ငါဘာလုပ်ရမလဲ ကျော်ဆက်"



"ဟကောင်ရ...ဒီစကားက အစ်ကိုဖြစ်တဲ့ ငါ့ကို မေးရ သားတွေ၊ မင်းကွာ"

"အဟွန်း...ဆောရီးကွာ၊ ဆောရီးပဲ ကျော်ဆက်၊ ငါပြော တာတ ဒီအဓိပ္ပာယ်မျိုးမဟုတ်ဘူး"

လှစံအောင်နှင့် ကျော်ဆက်မှာ တစ်ယောက်မျက်နှာကို တစ်ယောက် မကြည့်ရဲတော့သလို မျက်နှာနီနီတွေနှင့် နှစ်ဦးသား နေခက်သွားလေသည်။

သူတို့နှစ်ဦးကြား တိတ်ဆိတ်မှုတွေက အတန်ငယ်ကြာသွား သလို...

"လှစံအောင်"

"အင်း"

ထူးသံနှင့်အတူ ကျော်ဆက်ထံသို့ လှစံအောင် အကြည့် တွေ ရောက်ရှိသွားရသည်။

ထိုအခါ ကျော်ဆက်၏ တည်ကြည်လေးနက်သော အကြည့်တွေနှင့် ဆုံသွားရသည်။

"ယောကျ်ားချင်း ငါ မင်းကို ပွင့်ပွင့်လင်းလင်း မေးမယ် လှစံအောင်၊ မင်း ကြည်နူးကို ချစ်လား"

www.burmeseclassic.com

www.burmeseclassic.com



ရှုတ်တရက် သူနှလုံးခုန်သံတွေ မမှန်နိုင်တော့သလို တွေဝေခြင်းနှင့် သူ့အကြည့်တွေက တစ်စုံတစ်ရာအတွက် မပြတ်သားနိုင်သလို ဒါ ဘာဖြစ်ရတာပါလိမ့်။

"ငါ့ကို အားမနာနဲ့၊ မင်းစိတ်ထဲရှိတဲ့အတိုင်းသာဖြေပါ လှစံအောင်"

မေးသူက မေးနေလေပြီ။ သူ ဘာဖြေရမည်လဲ။ ကျော်ဆက် မေးသလို ကြည်နူးကို သူချစ်သည်လား၊ မချစ်သည်လားကိုတော့ သူတစ်ခါမှ သေချာစွာ မစဉ်းစားမိခဲ့သလို သူမနှင့်ပတ်သက်ပြီးလည်း ထိုအတွေးမျိုး သူတွင်မရှိခဲ့ပါ။

သို့သော်...သူဝန်ခံပါ၏။

သူမမျက်နှာလေးကို သူ ထာဝစဉ် တွေမြင်ချင်နေရသည် ဆိုတာ။ ဒါ သူမအပေါ် ဖြစ်ပေါ်သည့် နှောင်ဖွဲ့မှုလို့ လှစံအောင် သူကိုယ်သူ သတ်မှတ်ခဲ့ပေမယ့် တစ်ဖက်ကလည်း သူမနှင့် ဆုံတွေ့ရတိုင်း သူ့ရင်တွင် ခံစားမှုတစ်မျိုး အမြဲလို ဖြစ်ပေါ်နေတတ်ခဲ့သည်။

ဒါပေမယ့် ဒါ ဘာလဲဆိုတာ လှစံအောင် သူကိုယ်သူလည်း တစ်ခါမှ ပြန်၍မမေးခဲ့ဖူး။



ညီမတစ်ယောက်၏ ဆိုးနွဲ့မှုအပေါ် အစ်ကိုတစ်ယောက်အနေနှင့် အလိုလိုက် အကြိုက်ဆောင်ခဲ့သည်လို့သာ သူကိုယ်သူ လှစံအောင် ထင်ခဲ့ပါသည်။

အဖြေမရှိခဲ့သည့် ထိုခံစားမှုတွေက ခုချိန် သူ့ရင်မှာ အဖြေတွေ သေချာစွာရှိနေရသလို။

တွေးရင်း သူ့ရင်တွေ တလှပ်လှပ် လှိုက်ဖိုလာရသည်။ သေချာပါသည်။ သူမနှင့်ပတ်သက်ကာ ဒါ သူ့အတွက် ရိုးသားသည့် ခံစားမှုတွေမဟုတ်မှန်း။

ဒါဖြင့် သူ သူမကို ချစ်နေပြီလား။ သူလိုလူမျိုးက မိန်းကလေးတစ်ယောက်ကို မချစ်ဘဲနဲ့တော့ လက်ထပ်မည့်သူမျိုးတော့ မဟုတ်။

ဒါ...သူ့နှလုံးသားထဲက သေချာသည့် အဖြေတစ်ခုမှန်း လှစံအောင် သိလိုက်သည်။

"မင်းသိပါတယ် ကျော်ဆက်၊ ငါ ဘယ်မိန်းကလေးကိုမှ မချစ်ခဲ့မှန်း၊ မိန်းမတစ်ယောက်နဲ့ပတ်သက်ပြီး ငါ့ကိုယ်ငါ မချစ်တတ်ဘူးလို့ ထင်ထားခဲ့တာ၊ ခုတော့ မှားပြီ"

"လှစံအောင်"

www.burmeseclassic.com

www.burmeseclassic.com



"ငါသိပြီ ကျော်ဆက်၊ ကြည်နူးကို ငါချစ်တယ်၊ ငါ့ဘ
တစ်ခုလုံးနဲ့ လှယ်ပြီးတော့ ချစ်တာ၊ ငါ ဒီအခွင့်အရေးရှိပါတ
နော် ကျော်ဆက်"

"ဒီအခွင့်အရေးနဲ့ အထိုက်တန်ဆုံးလူက မင်းပဲ လှ
အောင်၊ ဘာလို့လဲဆိုတော့ မင်းဟာ သူ့ရဲ့ခင်ပွန်းသည်ဖြစ်နေလို့ပဲ"

"ဒါပေမယ့် သူက အဲဒါကို လက်မခံဘူးဆိုရင်ရော"

"လက်ခံလာအောင် မင်းလုပ်ရမှာပေါ့ လှုံစံအောင်"

"ငါက"

"ညီမလေးအကြောင်းလည်း မင်းသိပါတယ်၊ သူ
တခြားမိန်းကလေးတွေလို မဟုတ်ဘူး၊ ပြီးတော့ မင်းမေ့နေလို့ပါ"

"ကျော်ဆက်"

"ကြည်နူးဆိုတာ ငယ်ငယ်လေးကတည်းက ချော
လို့ရတဲ့ မိန်းကလေးမှ မဟုတ်ဘဲ၊ အဲဒါက သူများနဲ့မတူတဲ့ သူ့
ထူးခြားမှုပဲ၊ ဒီလောက်ဆို အစ်ကိုတစ်ယောက်အနေနဲ့ ငါ့ဘက်
စကားကုန်ပြီ၊ ကျန်တာတော့ မင်းကိစ္စ မင်းကြိုက်သလိုဆုံးဖြ
ကဲ ငါသွားပြီ၊ မင်းကံကောင်းမှာပါ"

အားပေးသလို သူ့ပခုံးကိုပုတ်ကာ ကျော်ဆက် ကျော

[redacted]



လိုက်သည်။ ကံကောင်းမှာပါတဲ့။

ကျော်ဆက် ပြောသွားသလို သူမနှင့်ပတ်သက်လို့ သူ
တကယ်ပင် ကံကောင်းမည်လား။

သူ မသိတော့။

သူသိသည်က သူ့အား အမြဲလို ရန်လိုနေသည့် ဒေါသ
မျက်ဝန်းတစ်စုံ။

ဟင်း...။

ကြည်နူးရယ်။

လှုံစံအောင်မှာ ကြည်နူးမျက်နှာလေးကို စိတ်မှာမြင်ယောင်
နေ်း ရင်မောစွာ သက်မချလိုက်သည်။

သူမပုံစံက သူနှင့်လက်ထပ်ထားပေမယ့် ပုံစံရော အမူ
အရာပါ ဟိုယခင်ကအတိုင်း နည်းနည်းမှ မပြောင်းလဲသည့်အပြင်
သူနှင့်လက်ထပ်ပြီးပါမှ သူမ ပိုခိုးနေသည်မှန်းလည်း လှုံစံအောင်
သိပါ၏။

တစ်အိမ်ထဲမှာ အတူရှိနေပေမယ့် သူမပုံစံက သူကိုရှိသည်
ဟု ထင်မှတ်ပုံမရ။ သူမနှင့်သူ ဆိုတာက ဘာမှမသက်ဆိုင်သူလို
သူ့အား ဂရုစိုက်ခြင်းလည်း လုံးဝမရှိခဲ့ပါ။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သူ စကားတွေပြောနေပေမယ့် သူမကတော့ သူ့စကား အား ဖြေချင်မှ ဖြေတတ်သလို သူ့အား, စကားပြောချင်မှလည်း ပြောတတ်သူ။

သူ့အပေါ် သူမ၏ အေးတိအေးစက် ဂရုမစိုက် အလေး မထား မထီမဲ့မြင်ဟန်တွေကို လုံးဝအောင်မှာ ဘာခံစားမှုမှမရှိသလို အပြုံးမပျက် ရှိနေနိုင်ပေမယ့် တကယ်တမ်းမှာတော့ သူ့နှလုံးသား က သူမ၏ ရက်စက်စိမ်းကားမှုတွေအတွက် ခံနိုင်ရည်မရှိတော့ပါ။

တကယ်ဆို သူမလေးလုပ်နေပုံတွေက နည်းနည်းမှမဟုတ် ဘာကြောင့်ပဲ သူ့ကို လက်ထပ်ခဲ့ပါစေ သူက သူမ၏ခင်ပွန်း ဒါကို သူမ မေ့၍မရ။

ခုတော့ သူမလုပ်နေပုံတွေက သူ့နေရာ တခြား တစ်ယောက်ဆိုပါလျှင် မလွယ်။

ဒါကို သူမ သိရောသိပါရဲ့လား။

လက်ထပ်ပြီးကတည်းက မင်္ဂလာအိပ်ခန်းကြီးကို သူမ တစ်ယောက်တည်း အပိုင်စီးထားသည်မှာလည်း ခုဆို အချိန် နှစ်လကျော်၍ သုံးလဝင်ခဲ့ပြီ။

ခုချိန်ထိလည်း သူမသည် သူ့အား မင်္ဂလာအိပ်ခန်းထဲ



ဝင်ခွင့်မပေးသေး။

သူ့အပေါ် ဂျစ်ကျခိုးနွဲ့သော အပြုအမူစကားတွေနှင့် ဂရုမစိုက်ဟန်တွေက သူမ တမင် သူ့ကို စိတ်ကုန်အောင်လုပ်နေ မှန်းလည်း လုံးဝအောင် သိနေပါသည်။

သိနေ၍လည်း လုံးဝအောင် စိတ်မှာ မချင့်မရဲနှင့် အသည်း တယားယားဖြစ်နေရခြင်းဖြစ်သည်။

ခုလည်းကြည့် ဘယ်သွားမည်ဆိုတာကို သူ့အားမပြောဘဲ နေ့က်ကတည်းက တစ်နေကုန် ထွက်သွားသည့်သူမ ညအချိန် ရောက်သည်အထိ ပြန်မလာသေး။

အလုပ်သွားသည့်သူပင် အိမ်သို့ပြန်ရောက်နေပြီး မရွှေချော သတော့ ခုထိ အိမ်ပြန်မရောက်သေး။

သူ့မှာ အလုပ်သာ လုပ်နေရပါသည်။ စိတ်ကတော့ အိမ်မှာမရှိသည့် သူမထံ။

ဖုန်းဆက်ကြည့်တော့လည်း မကိုင်။ ဒါ သူ့ဖုန်းမှန်းသိ၍ သူမ တမင်မကိုင်မှန်းလည်း လုံးဝအောင် သိပါ၏။ သူမ လုပ်နေပုံ တွေက သူ့အတွက် တစ်ခုမှ စိတ်ရှည်ချင်စရာမရှိ။

ငယ်သံယောဇဉ်နှင့် နှောင်ချည်ထားသည့် မေတ္တာကြိုး

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်သာ လွမ်းအောင် သူမအပေါ် ထိုမျှအထိ စိတ်ရှည်သည်းခံနိုင်ခြင်းဖြစ်သည်။

မဟုတ်ပါက သူမလုပ်နေပုံတွေက စိတ်ရှိတိုင်း ရိုက်ပစ်ချင်စရာ။ မဖြစ်။ သူမကို သူ ဒီအတိုင်း သူမစိတ်ကြိုက်လွှတ်၍ မဖြစ်ပါ။

သူမလုပ်နေပုံတွေ ကြာလေလေ သူနှင့်ဝေးကွာအောင် ဖြစ်နေလေလေ။

ဒီလိုတော့ သူအဖြစ်မခံနိုင်။

ခုချိန်မှာ ကြည်နူးဆိုတာ သူ၏မိန်းသည်။ ပြီးတော့ သူမသည် သူချစ်ရပါသည့် မိန်းကလေးတစ်ယောက်။

သေချာပါသည်။ သူမသည် သူ့နှလုံးသွေးနှင့်ရင်းပြီး ချစ်ရပါသည့် မိန်းကလေးဆိုတာ။

ထိုခဏ သူ့သွေးတွေ ပွက်ပွက်ဆူဝေလာရသည်။ မသိစိတ်နှင့် ရင်မှာစွဲငြိစွာချစ်မိရသော ဤမိန်းကလေးကို သူ ဘာအတွက်နှင့်မှ လက်လွှတ်ဆုံးရှုံး မခံနိုင်ပါလေတော့။

သူ့အပေါ် သူမ ဘယ်လောက်ပဲ ဂျစ်ကျအနိုင်ယူချင်ပါစေ သူခွင့်လွှတ်ပါသည်။



ခွင့်လွှတ်ခြင်းနှင့်အတူ သူ့နှလုံးသားထဲက အချစ်များကိုလည်း သူမ သိအောင် သူ ဖွင့်ပြောရမည်ဖြစ်သည်။

ကြည်နူးတွေးများနှင့် လွမ်းအောင် နာရီကို တစ်ချက်ကြည့်လိုက်သည်။

ဟင်။

မျက်မှောင်ကြီး ယောင်ယောင်တွန့်လာရကာ လူကလည်း တစ်ခုံတစ်ရာအတွက် အလိုမကျချင်တော့။

ည ၈ နာရီပင် ကျော်နေလေပြီ။ သူမ ခုထိ ဘာကြောင့် ပြန်မလာသေးသည်လဲ။

စိုးရိမ်စိတ်တွေနှင့် ညှော်ခန်းထဲတွင် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်ရလွန်းသဖြင့် ခြေဖဝါးတွေပင် နာကျင်လာရပြီ။

လွန်ပြီ…အိမ်ထောင်သည် မိန်းကလေးတစ်ယောက်အနေနှင့် သူမ ဒီအချိန်ထိ အပြင်တွင် မနေသင့်ပါ။ ဒါကို သူမ သိရပါမည်။

ခုတော့ သူမလုပ်နေပုံက သူ့ကို ရှိနေသေးသည်လို့ပင် အောင်မှတ်ပုံမရသည်ကကော့ ယောကျ်ားတစ်ယောက်အနေနှင့် သည်းမခံချင်စရာ။

www.burmeseclassic.com

www.burmeseclassic.com



မေးကြောကြီးများ ထောင်လာသည်အထိ လှစံအောင် အံကို တင်းတင်းစေ့ကြိတ်ပစ်လိုက်သည်။

စိုးရိမ်မှုတွေနှင့်အတူ ပူလောင်မှုတွေက သူ့ရင်ထဲ အ အပ်နှံကောင်းစွာ။

သူမ ဘာဖြစ်နေပါသည်လဲ။

သူနှင့်လက်ထပ်ပြီးကတည်းက သူမ တစ်ခါမှ ယခု မသွားလာဖူး။

ခုမှ…ခုမှ ဘာကြောင့်ပါလဲ။

သူမ ဟိုဘက်ခြံကိုများ ရောက်နေသည်လား။ ဒါလည်း မဖြစ်နိုင်။ အစ်ကိုဖြစ်တဲ့ ကျော်ဆက်ကို သူမ ခုချိန်ထိ စကားမပြေ ဘဲ စိတ်ကောက်နေဆဲမို့ သွားမည်မထင်ပါ။

သူမသူငယ်ချင်းတွေကို ဖုန်းဆက်မေးကြည့်ရအောင် လည်း သူ ဖုန်းနံပါတ်တွေမသိ။

ခက်ပြီ။ သူ ခုမှ ဘာလုပ်ရမည်မသိတော့။ ကြီးမားသ အောင်မြင်နေသော စီးပွားရေးလုပ်ငန်းကြီးကို လုပ်ရသည်က သူ့ အတွက် ခေါင်းမရှုပ်။

ခုကိစ္စက သူ့အတွက် ခေါင်းရှုပ်ရုံမက နလုံးသား



ရှုပ်နေရသည့်အဖြစ်။

သူမသာ တစ်ခုခုဖြစ်နေရင် သူ မတွေးရဲတော့။

ကျွတ်…။

ကြည်နူး မင်းကွာ။

စိုးရိမ်စိတ်မချ၊ မချင့်မရဲအတွေး၊ ပူလောင်မှုတွေနှင့် လှစံအောင်မှာ နေမထိ ထိုင်မရတော့။

သူ ဒီအတိုင်းနေ၍မဖြစ်တော့။ သူမကို လိုက်ရှာမှဖြစ်ပေ တော့မည်။ သူမ ဘယ်သွားသည်ကို သူမသိပါ။ ဒါပေမယ့် သူလိုက်ရှာရမည်သာ။

လှစံအောင် ကားသော့ကို ကောက်ကိုင်ကာ ထွက်မည် အလုပ်….

"ဟင်"

တွန့်နေသည့် မျက်စုံကြီးက အနည်းငယ် ပြေသွားရသလို စိတ်မှာ တစ်စုံတစ်ရာအတွက် အေးချမ်းသွားရသလိုနှင့် ရှိသွားရ သည့်အဖြစ်။

သူကြည့်နေဆဲ ကားပေါ်မှ ချစ်ကြည်နူး ဆင်းလာလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ညှို့ခန်းကိုဖြတ်အကျော် ချက်မှောင်ကြီးတွန့်ကာ ခါးကြီး ထောက်လျက် စူးရှစွာကြည့်နေပါသော သူ့ကိုတွေ့တော့ သူမ အံ့ဩသွားရသလို မျက်လုံးဝိုင်းလေးနှင့် သူ့ကို တစ်ချက်ကြည့်ပြီး နောက် ချက်ချင်းလို မျက်နှာလေးကို လွှဲကာ တမင်ပင် ခြေသံ ပြင်းပြင်းလေးနှင့် လျှောက်လျက် သူ့အနားမှ ဖြတ်ကျော်ကာ အပေါ် ထပ်သို့ တက်သွားလေသည်။

လူစံအောင် အံကို တင်းခဲ ဒေါကြီးတပ်လိုက်သည်။ ဒါ သူမ သူ့ကိုမြင်မှ တမင်အရွဲ့တိုက်တာ။

ဒီမိန်းကလေး ဒါတော့လွန်ပြီ။

တကယ်ဆို စောင့်နေရသည့်သူကသာ သူမကို စိတ်ဆိုး ရမှာဖြစ်သည်။

ခုတော့ သူမလုပ်နေပုံက သူ့စိတ်ကို ဆွပေးနေသည့် အလား။ သူ့စိတ်ကို သူ လျှော့ပေးမယ်မရ။ သူမလုပ်နေပုံတွေက သူ့အတွက် သည်းမခံချင်စရာ၊ သိပ်လွန်နေပြီမို့ လူစံအောင် ခြေလှမ်း ကျဲကြီးတွေနှင့် သူမနောက် လိုက်လာခဲ့လေသည်။

ဒါကို ချစ်ကြည်နူးကတော့ မသိပါ။

သူမ ဘယ်လိုလုပ်လုပ် သူမအပေါ် စိတ်ဆိုးပုံမရ



စိတ်ကုန်ပုံမရသော လူစံအောင်ကို ချစ်ကြည်နူး အရွဲ့တိုက်ချင်စိတ် တွေနှင့် တမင်ပင် နိုင့်အိမ်မှာ တစ်နေကုန် အချိန်ဖြုန်းနေလိုက်ခြင်း ဖြစ်သည်။

အပြန်ကိုလည်း မိုးချုပ်မှ သူမ တမင်စောင့်ကာ ပြန်လာ ခဲ့၏။

"ကဲ…ရှင်ဘာတတ်နိုင်သေးလဲ ဦးလူစံအောင်၊ ကျွန်မ အပေါ် ရှင် ဘယ်လောက်ထိ စိတ်ရှည်နိုင်ဦးမှာလဲ၊ အဟင်း ဟင်း ဟင်း"

ကိုယ့်အတွေးတွေနှင့်ကိုယ် ကျေနပ်စွာရယ်မောရင်း ချစ်ကြည်နူး အခန်းတံခါးကို ဖွင့်ဝင်ပြီးနောက် ပြန်ပိတ်မည်အလုပ်

"အို"

တစ်စုံတစ်ယောက်၏ တွန်းတိုက်မှုကို ခံလိုက်ရသဖြင့် အံ့သြလို့မှ မဆုံးသေး ရုတ်ခြည်း သူမကိုယ်လေးကို ခပ်ကြမ်းကြမ်း ဆွဲယူပွေ့ဖက်ခြင်း ခံလိုက်ရသည့်အခါမှာတော့ ချစ်ကြည်နူးမှာ အံ့သြထိတ်လန့်မှုတွေနှင့် မျက်ဝန်းလေးပြူးသွားကာ သူမအား ပွေ့ဖက်လာသူကို ကြောက်စိတ်တွေနှင့် မော့အကြည့်…

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"အို…လွှတ်"

ရုတ်တရက် လှစံအောင်ကို တွေ့လိုက်ရသဖြင့် ချစ်ကြည်နူးမှာ ထိတ်လန့်မှုတွေ အနည်းငယ်ပြေသွားရသော်လည်း ရှက်ကြောက်စိုးရိမ်စိတ်တွေနှင့် လှစံအောင်လက်ထဲမှ သူမကိုယ်လေး ကို ရုန်းထွက်ပစ်လိုက်လေသည်။

"ရှင်…ရှင် လွှတ် ဒါ ဘာလုပ်တာလဲ ဦးလှစံအောင်"

သူ့ကိုမြင်ပါမှ မျက်နှာလေးတည်တင်းကာ အလိုမကျ သလို မေးလာသော ကြည်နူးကြောင့် လှစံအောင် မျက်နှာပျက် ကာ အံကို တင်းခဲ ခေါကြိတ်ပစ်လိုက်ပြီး…

"ဒီစကား ငါပြောရမှာ၊ ပြောစမ်း မင်း ဒီအချိန်ထိ တစ်နေကုန် ဘယ်သွားနေတာလဲဆိုတာ"

"ဖယ်…လွှတ် ကျွန်မဘာသာ ဘယ်သွားသွား ရှင့်အပူ လား"

ကြည်နူးမှာ နှုတ်ခမ်းဖူးဖူးလေးကို သွားဖြင့် ဖိကိုက်ရင်း ပြန်ပြောလိုက်သည်။

"ဘာကွ…မင်းဘာပြောလိုက်တယ် ကြည်နူး၊ ဒီမှာ



မင်းသိထားဖို့က မင်းက ငါ့မိန်းမ၊ ဒီတော့ မင်းနဲ့ အသက်ဆိုင်ဆုံး လူဟာ ငါပဲဆိုတာ မင်းမမေ့နဲ့"

"ရှင်နော်…ရှင် စကားကို တင်စီးပြီးမပြောနဲ့၊ ရှင်နဲ့ လက်ထပ်ထားတယ်ဆိုပေမယ့် ရှင်ကြီးနဲ့ကျွန်မ ဘာမှမဆိုင်ဘူး သိလား"

"ဟ…မဆိုင်လို့ရမလားကွ၊ မင်းက ငါ လက်ထပ်ထား တဲ့ မိန်းမပဲ၊ ကြည်နူးနော် မင်း ငါ သိပ်အလိုလိုက်ထားလို့ မဆိုး နဲ့၊ ဒီလို မင်းဆိုးနေမယ်ဆို ငါ သည်းခံမှာမဟုတ်တော့ဘူး"

"ဟင်…ရှင်…ရှင် ဒါ ဘာစကားပြောတာလဲ၊ လူကို ကြိမ်းလားမောင်းလားနဲ့ သည်းမခံတော့ ရှင်ကြီးဘာလုပ်ချင်လဲ"

မျက်နှာလေးမော့ ရင်လေးကော့ကာ တကယ့် သူ့ရဲ ကောင်းမကြီးလို ဘာကိုမှ ဂရုမစိုက်ဟန်နှင့် သူ့ရှေ့ မျက်နှာမော့ မော့လေးနှင့် စိန်ခေါ်နေသော ကြည်နူးကို ကြည့်ပြီး လှစံအောင် ရင်ထဲ မရိုးမရွနှင့် အသည်းတယားယားကြီး ဖြစ်လာရသည်။

ဆိုးလွန်းသည့် ဒီမိန်းကလေးကို သူဘယ်လို ပြုပြင်ရမည် နည်း။ ထစ်ခနဲရှိ စိတ်ဆိုးစိတ်ကောက်ဖို့သာသိကာ လက်ရှိ သူနှင့် သူမ အခြေအနေကို ထည့်စဉ်းစားမိဟန်မတူသော ကြည်နူးကို



www.burmeseclassic.com

www.burmeseclassic.com



လှစံအောင် သူမနားဝင်အောင် ဘယ်လိုချော့မော့ပြောရမည်ဆိုတာ လည်း မသိပါ။

ခက်သည်က သူမသည် ချော့မော့ပြော၍လည်း ရသည့် မိန်းကလေးမဟုတ်။

သူမကို သူ စိတ်ဆိုးဒေါသမဖြစ်ချင်ပေမယ့် သူမလုပ် ပုံတွေကလည်း တစ်ခုမှမဟုတ်။

ဒီတော့လည်း သူ ဒေါသဖြစ်ရသည်ပေါ့။

လှစံအောင် ကြည်နူးမျက်နှာလှလှလေးကို စိုက်ကြည့် လိုက်ပြီး...

"ကိုကိုတို့ အေးအေးဆေးဆေး စကားပြောကြရအောင် ကြည်နူး"

သူမနှင့်သူကြား မပြေလည်မှုကို လှစံအောင်မှာ ပြေလည် အောင် စကားဆိုလိုက်သည်။

သို့သော်...သူမမျက်နှာလေးက တင်းမာမှုနည်းနည်း လျော့မသွားဘဲ...

"ကျွန်မမှာ ပြောစရာမရှိဘူး"

"ကြည်နူး"





"ဘာလဲ"

"ကိုကိုတို့ ဒီအတိုင်းပဲ နေတော့မှာလား"

လှစံအောင်စကားကြောင့် ကြည်နူး မျက်ခုံးလေးတွန့်လျက် သူ့ကို ကြည့်လာလေသည်။

"ဒီလိုပြဿနာတွေနဲ့နေစဉ် ကိုကို ရင်မဆိုင်ချင်တော့ဘူး"

သူမနှင့် နေစဉ်လိုလို ဖြစ်နေရသည့် ပြဿနာများကို လှစံအောင်မှာ တကယ်ပင် စိတ်ပျက်စိတ်ကုန်စွာ ဆိုလိုက်ခြင်းဖြစ်သည်။

သူမျှော်လင့်သည့် အိမ်ထောင်ရေးမျိုးက ဒီလိုမျိုးမဟုတ်။ တစ်ဦးပေါ်တစ်ဦး နားလည်မှု ချစ်ခြင်းတွေနှင့် တည်ဆောက်ထားသော ပျော်ရွှင်မှု သုခတွေ ပြည့်စုံသည့် အိမ်ထောင်ရေးမျိုးသာဖြစ်သည်။

ဒါပေမယ့် တကယ်တမ်း သူ ရင်ဆိုင်ရသည်က ထိုအဖြစ်နှင့် တခြားစီ။

ဘယ်မှာလဲ သူနှင့်သူမကြား ပျော်ရွှင်မှုတွေ၊ အားလုံး ပျက်ဆုံးနေရပြီပဲ။

လက်ထပ်ထားသည်ဆိုပေမယ့် တစ်အိမ်တည်း



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အတူနေလို့မှ တစ်ဦးနှင့်တစ်ဦး စကားမဆိုမိ။ တိတ်ဆိတ်မှုတွေနှင့် ခြောက်သွေ့နေသော ထိုအဖြစ်ကို သူ စိတ်ကုန်မိပါသည်။

ထိုအခြေအနေကို သူဘက်က မလိုလား၍ အကောင်းဆုံးဖြစ်အောင် ကြိုးစားပေမယ့် ကြည်နူးသည် ထိုအဖြစ်ကို လက်မခံပြန်ပေ။

တစ်အိမ်တည်း အတူနေသည်ဆိုပေမယ့် ဟိုယခင်ကုန်လွန်ခဲ့သည့် အချိန်များနှင့် တခြားစီ သူ့အား မျက်နှာထားတင်းတင်းလေးနှင့် လုံးဝမပတ်သက်ချင်သလို၊ သူမဘာသာ သူမသီးခြားစွာ ခွဲနေတတ်သူလည်းဖြစ်သည်။

အစကတော့ လူစံအောင်သည် သူမသဘောအတိုင်း ရှိပါစေတော့ဆိုသည့်စိတ်နှင့် သူမအလိုလိုက်ကာ သူမစိတ်ကြိုက်လွှတ်ထားခဲ့ပေမယ့် ထိုအခြေအနေကပင် သူနှင့်သူမကြား ဝေးကွာမှုတွေ တဖြည်းဖြည်း ပိုနေစေရသည့်အဖြစ်။

ဒီအဖြစ် သူနဲ့သူမကြား တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ်၊ ရက်မှလသို့တိုင် ဖြစ်လာသည့်အခါမှာတော့ လူစံအောင်အဖို့ သည်းခံနိုင်မှုတွေ ကုန်ဆုံးလာရသလို။





သူတို့နှစ်ဦး၏ အချိုးမကျသည့် အိမ်ထောင်ရေးပြဿနာကို သူ့အနေနှင့် ဘယ်သူ့ကို ရင်ဖွင့်ရမည်မှန်းလည်း မသိသလို တစ်ဖက်ကလည်း သူတို့နှစ်ဦး၏ အိမ်ထောင်ရေးကို လူများအသိခံနိုင်ခြင်းပင် ဖြစ်သည်။

သူတို့နှစ်ဦး၏ အိမ်ထောင်ရေးအခြေအနေမှန်ကို သိသူဆို၍ အိမ်ထိန်းအဒေါ်ကြီးနှင့် ကျော်ဆက်သာရှိလေသည်။

အိမ်ထိန်းအဒေါ်ကြီးဆိုတာက နဂိုကပင် နှုတ်နည်းသည့်သူ။ အဲ သူရင်ဖွင့်ပြောလို့ ရမည့်သူဆို၍ ကျော်ဆက်တစ်ယောက်သာမြင်ပါသည်။

သို့သော်လည်း ကျော်ဆက်က ကြည်နူး၏အစ်ကို။ အစ်ကိုတစ်ယောက်ရှေ့မှာ သူ့ညီမအကြောင်းကို လူစံအောင် ဘယ်လိုပြောရမည်နည်း။

သူမနှင့်ပတ်သက်လို့ ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ လူစံအောင်ရင်မှာ မျိုသိပ်ထားရုံသာ။

ဒီအဖြစ်တွေကို လူစံအောင်ရင်မှာ အချိန်ဘယ်လောက်ကြာမျိုသိပ်ထားနိုင်မှာသည်လဲ။ ဒါကိုတော့ လူစံအောင် သေချာစွာ မပြောနိုင်။



www.burmeseclassic.com

www.burmeseclassic.com



မပြောနိုင်၍လည်း လူစံအောင် သူမနှင့် ရင်ဆိုင်လိုက်ခြင်း ဖြစ်သည်။

သူ့စကားကြောင့် တွေဝေသလို ငြိမ်သွားရသော ကြည်နူးကို လူစံအောင် တစ်ချက်ကြည့်ကာ…

"ကိုကိုပြောတာ ကြည်နူး နားလည်မှာပါ၊ ဘာပဲပြောပြော ခုချိန်မှာ ကိုကိုတို့ရဲ့ အိမ်ထောင်ရေးကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်ကြရအောင်နော် ကြည်နူး"

သူ့စကားသံက နူးညံ့မှုတွေနှင့် ကလေးတစ်ယောက်အား ချော့မော့နေသလို။

ကြည်နူးမျက်နှာလှလှလေးကတော့ ပျော့ပျောင်းနူးညံ့ခြင်းတွေ ရှိမလာပါ။

နှုတ်ခမ်းဖူးဖူးလေးကိုသာ စေ့ရင်း စိမ်းလဲ့သော မျက်ဝန်းလေးနှင့် လူစံအောင်အား ကြည့်ကာ…

"ကျွန်မနေရာ တခြားမိန်းကလေးတစ်ယောက်ဆိုရင် ရှင့်စကားတွေက အသုံးဝင်ချင် ဝင်မှာပါ ဦးလူစံအောင်၊ ဒါပေမယ့် ကျွန်မ ရှင့်ဆီက ကြားချင်တာ ဒီစကားတွေမဟုတ်ဘူး"

"ကြည်နူး"



"ဒီအိမ်ထောင်ရေးကို ရှင်လည်း စိတ်ကုန်နေပြီပဲ၊ ဒီတော့ ရှေ့ဆက်ဘာလုပ်မလဲ၊ ကျွန်မတို့ ကွာရှင်းလိုက်တာ အကောင်းဆုံးပါပဲ"

ချစ်ကြည်နူးမှာ သူ့မျက်နှာကို စေ့စေ့ကြည့်ကာ ပြောလိုက်သည်။

ပြောသူရင်ထဲ ဘယ်လိုနေမည် မသိပေမယ့် နားထောင်ရသည့် သူ့ရင်ထဲမှာတော့ နှလုံးသွေးတွေ ခမ်းခြောက်သွားရသလို။

သူဘာပဲပြောပြော သူမ၏ နောက်ဆုံးရည်ရွယ်ချက်က ဒါပါပဲလားဆိုသည့် အတွေးနှင့် လူစံအောင် နှလုံးသားများ နာကျင်ဆွတ်မောသွားရသည်။

သူမအနေနှင့် သူတို့နှစ်ဦး၏ အိမ်ထောင်ရေးကို အကောင်းဆုံး ဖန်တီးရန် တကယ်ပင် မစဉ်းစားတော့ပြီလား။

ဒီလိုနည်းနဲ့ သူတို့နှစ်ဦး၏ အိမ်ထောင်ရေးကို အဆုံးသတ်တော့မည်လား။

လူစံအောင် သူမမျက်နှာလှလှလေးကို ငေးစိုက်ကြည့်လိုက်သည်။ အင်း…လှတဲ့သူများကြတော့လည်း ဘယ်လိုနေနေ လှနေတာပါပဲလား။

www.burmeseclassic.com

www.burmeseclassic.com



ကြည်လင်ဝိုင်းစက်သော မျက်ဝန်းပြာကြီးများနှင့် သူ့အား ခပ်စူးစူးလေး ကြည့်နေပုံက ကလေးတစ်ယောက်လို ချစ်စရာ...

ဝင်းဝါသော အသားအရေနှင့် လိုက်ဖက်စွာ ဝါဖျော့ဖျော့ ဝတ်စုံလေးကလည်း သူမအလှကို ပိုမိုအားဖြည့်ပေးနေသလို။

နုထွေးသောအလှတွေနှင့် သိပ်လှသော သူမလေးကို သူ ပိုင်ဆိုင်ထားသည်ကလည်း သူ့အတွက် အိပ်မက်ပမာ။

လက်ထပ်ထားသည့် ဇနီးသည်တစ်ယောက်ဆိုသည် အသိကလွှဲပြီး သူမလေးနှင့် သူဆိုတာက အဝေးဆုံးမှာ ရှိနေ... သူများ။

ကိုယ်လက်ထပ်ထားသည့် ခင်ပွန်းသည်တစ်ယောက်... ပါလားလို့လည်း သူမစိတ်ထဲ ရှိပုံမရပါ။

သူ့အား သူမအနားသို့ အကပ်မခံသလို သူနှင့်အဝေးဆုံး... တွင်နေသော သူမသည် သူ့အား ခုချိန်ထိလည်း မင်္ဂလာအိပ်ခန်း... ထဲသို့ ဝင်ခွင့်မပေးသေးပါ။

ထို့အတူ ကလေးစိတ်မကုန်ချင်သေးသော သူမသည် အချစ်ဆိုတာကိုလည်း ဘာမှန်းသိပုံမရ။

သူ့မှာသာ ကိုယ်လက်ထပ်ထားသည့် ဇနီးသည်လေး...



...အားဆိုသည့် အသိနှင့် စိတ်တွေလှုပ်ရှား ရင်ခုန်သံတွေ မမှန်နှင့် သူမနှင့်ပတ်သက်ကာ ခံစားမှုတွေအမျိုးမျိုး ပြောင်းလဲနေရသည့် အဖြစ်ကိုလည်း သူမတော့ သိမည်မဟုတ်ပါ။

သူ့အဖြစ်က လွယ်မလိုလိုနှင့် ခက်နေလေပြီ။ သူမက ...တော့ ဘာခံစားမှုမှ မရှိသလို စိမ်းကားသည့် စကားတွေနှင့် ...ထမ်းခွဲဖို့ပြောနေပေမယ့် ခံစားမှုတွေနှင့် ပြောင်းလဲကာ သူမကို ...ချစ်နေမိပြီဖြစ်သော သူကတော့ လမ်းခွဲဖို့ဆိုတာ မဖြစ်နိုင်တော့။

သူမအပေါ် ရင်မှာ ချစ်မိုးတွေစွေနေမိပြီမဟုတ်ပါလား။

"ဟင်"

"အို"

သူမအား စိုလက်တောက်ပသော မျက်ဝန်းတွေနှင့် စူးစူး ...စိုက်စိုက်ကြီး ကြည့်နေသော သူ့အကြည့်များနှင့် ဆုံသွားရသော ...ကြည်နူးမှာ ရင်မှာ သူ့အကြည့်တွေကြောင့် လှိုက်ခနဲ ဖိုသွားကာ ...ပါးလေးတွေပင် ထူပူနီမြန်းသွားရသည်။

လူကို ဘယ်လိုကြည့်နေတာပါလိမ့်။ ရဲပနေသော မျက်နှာ ...လေးကို ခပ်တင်းတင်းထားကာ ကြည်နူးမှာ ရှက်စိတ်တွေနှင့် ...ချက်နှာလေးအလှည့်...

www.burmeseclassic.com

www.burmeseclassic.com



"ကြည်နူး"

"ရှင်နော်"

ငုံ့မိုးစိုက်ကြည့်လာသော အကြည့်တွေနှင့် ခြေလှမ်းတွေ
က သူမနှင့် ပိုမိုနီးကပ်လာတာကြောင့် ကြည်နူးရင်လေးဖို
လှိုက်တုန်သောအသံလေးနှင့် မေးလိုက်သည်။

လှစံအောင်မှာ သူမ၏ ထိုအဖြစ်ကို သဘောကျသွား

"အဟွန်း…ဘာလဲ ကိုကို့ကို ကြောက်နေတာလား"

"မကြောက်ပါဘူးနော်၊ ဘာကြောက်စရာရှိလဲ"

"ဟုတ်တယ်၊ ကိုကိုက ကြည်နူးအတွက် ကြောက်စ
လူမှမဟုတ်ဘဲ၊ ကြည်နူးကို ကိုကို တစ်ခုတော့ တောင်းပန်ချ
တယ်၊ အဲဒါဘာလဲဆိုတော့ ကိုကို့ကို ကြည်နူး ခွဲမသွားပါနဲ့"

"အို"

ကြည်နူးမှာ လှစံအောင်အကြည့်တွေကို ရင်မဆိုင်ရဲတော့
ပါ။ ဘုရားရေ ဦးလှစံအောင် ဒီနေ့မှ ထူးထူးခြားခြား ဘာတွေဖြ
နေတာပါလိမ့်။

တဒိတ်ဒိတ်ခုန်လာရသော ရင်ခုန်သံတွေကိုပင် သူကြား
သွားမှာ စိုးရိမ်မိလာရသည်။





ဦးလှစံအောင်ဆိုတာ သူမလက်ထပ်ခဲ့ရသည့် ယောကျာ်း
ဆိုပေမယ့် ကြည်နူးတွင် ထိုအတွေးမျိုး တစ်ခါမှ မရှိခဲ့ဖူးပါ။

ငယ်ငယ်လေးကတည်းက သူ့အပေါ် ဆိုးနှဲ့အနိုင်ယူစိတ်
ထောက်ခဲ့သည့် အဖြစ်များက ရင်းနှီးခဲ့တာဆိုပေမယ့် ထိုမေတ္တာတွေ
နှင့် ဆန့်ကျင်ဘက်အတွေးမျိုးကိုတော့ သူမ တစ်ခါမှ မတွေးမိခဲ့။

ယုတ်စွအဆုံး သူ့အပေါ် ယခုအချိန်ထိအောင် သူမရင်ထဲ
အစ်ကိုတစ်ယောက်လိုကလွဲပြီး ဒီထက်လည်းမပိုခဲ့။

ဖြူစင်သည့် ချစ်ခြင်းနှင့် မေတ္တာနှောင်ဖွဲ့မှုကို အရောင်
ဆိုးစေခဲ့သူအဖြစ် သူ့အပေါ် မုန်းမိတာကတော့ သူမ ဝန်ခံပါသည်။

ဒါကလည်း သူမဘဝကို ချုပ်နှောင်ခဲ့သူအဖြစ် သူနှင့်
ဆက်သက်ကာ သူမလိုချင်သည်က ထိုနှောင်ဖွဲ့မှုမျိုးမဟုတ်။ အစ်ကို
တစ်ယောက်အပေါ် ညီမတစ်ယောက်၏ ဆိုးနှဲ့အနိုင်ယူမှုမျိုးနှင့်
ချစ်ခြင်းမေတ္တာများကိုသာ။

သို့သော် သူမ တကယ်ရရှိလိုက်သည်က ထိုအရာများ
နှင့် ဆန့်ကျင်ဘက်။

သူမဘဝတစ်ခုလုံးကို ရုန်းထွက်လို့မရနိုင်သည့် အဖြူ
ရောင်စွန်းသည့် ချစ်ခြင်းများ။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေအားလုံး၏ တရားခံသည် သူပဲဆိုသည့်အသိနှင့် ကြည်နူး၏ နာကျင်မှုအမုန်းတွေ မပြေနိုင်ခဲ့ပါ။

နာကျင်ကြေကွဲ မုန်းတီးမှုတွေနှင့် သူ့အရိပ်အောက်ကနေ သူနဲ့ဝေးရာ အဝေးဆုံးကို လွတ်မြောက်အောင် ရုန်းထွက်နေပေမယ့် သူမ ဘယ်လိုမှ ရုန်းထွက်ခွင့်မရခဲ့ပါ။

ရုန်းထွက်ခွင့်မရလေလေ ကြည်နူးရင်ထဲ အမုန်းစိတ်တွေ နှင့် အရွဲ့တိုက်လိုမှုတွေက သူ့အပေါ် ပိုလာရမြဲဖြစ်သည်။

ဒါကိုလည်း သူသိပါလိမ့်မည်။

ဒါပေမယ့် သူ အပြုံးမပျက်ခဲ့။

သူ့ကို ဘယ်လိုပင် စိတ်ကုန်စိတ်ပျက်အောင် သူမ ဘယ်လောက်ပဲလုပ်လုပ် သူ့ဘက်က သူမထင်သလို ဖြစ်မလာ သည့်အခါ ကြည်နူးရင်ထဲ မကျေနပ်မှုတွေနှင့် အမုန်းစိတ်တွေက ပိုပြီးကြီးထွားလာရသလို။

သူစိတ်ပျက်စိတ်ကုန်အောင် သူမ ဘယ်လိုလုပ်ရမည် နည်း။ အနည်းဆုံး သူမကြောင့် သူ တစ်ခုခုကို နင့်နင့်သည်းသည်း ခံစားစေချင်ပါသည်။

ဒါပေမယ့် ဖြစ်မလာခဲ့။



ဦးလှစံအောင်ဆိုသည့် ဒီလူတစ်ယောက်သည် သူမအပေါ် အတော်ပင် သည်းခံနိုင်စွမ်းရှိသူပင် မဟုတ်ပါလား။

ဒါ ဘာကြောင့်ပါလိမ့်။

ပါးလေးတွေ ရဲပသွားရသည့် ချစ်ကြည်နူးမှာ သူမရှေ့ တွင် ငိုက်ရပ်နေသော လှစံအောင်ကိုယ်ကြီးကို ကွေ့ပတ်ရှောင်ကာ ထွက်သွားမည်အလုပ်…

“ကြည်နူး”

“အို…ဖယ် ရှင်ကြီး ကျွန်မကို ကွာရှင်းပေး”

သူမလက်လေးကို ဆုပ်ကိုင်ဖမ်းဆွဲထားသည့် လှစံအောင် အက်ထဲမှ ချစ်ကြည်နူးသည် သူမလက်လေးကို ရုန်းယူရင်းက ပြောလိုက်သည်။

လှစံအောင်မှာ သွားများကို စေ့ကြိတ်ပစ်ရင်း…

“စိတ်ချ…မင်းကို ဒီတစ်သက် ငါဘယ်တော့မှ ကွာမပေးနိုင်ဘူး”

“ဟင်…ရှင်…ရှင် ဒါတကယ်ပြောတာလား”

“ဘာလဲ မင်းမယုံလို့လား”

“ရှင်ကြီး ဒါ တမင်အနိုင်ယူတာ၊ သွား သွား ရှင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုမုန်းတယ် မုန်းတယ်"

ဖြူဖျော့သွားရသည့် မျက်နှာလေးနှင့် ကြည်နူးမှာ ဒေါသစိတ်တွေ ဖြာသေသွားကာ ဘာကိုမှ မမြင်နိုင်တော့တဲ့ လှစံအောင်ရင်ဘတ်ကြီးကို ထုရိုက်ရင်း အခန်းထဲမှ တွန်းထုတ်လိုက်သည်။

လှစံအောင်မှာ သူမမျက်နှာလေးကို စိုက်ကြည့်ရင်း…

"တော်တော့ ကြည်နူး၊ ကြည်နူးလက်လေးတွေ နာကျင်လိမ့်မယ်"

ကြည်နူးလက်လေးကို ဖမ်းဆုပ်ကိုင်ရင်းက လှစံအောင်ပြောလိုက်သည်။

"အို…နာပါစေ၊ နာလို့မကလို့ သေပဲသေသေ ရှင့်ကိုမဆိုင်ဘူး သိလား၊ လွှတ်"

"ဘယ်လိုပြောလိုက်တာလဲ၊ ကြည်နူးနဲ့ အဆိုင်ဆုံးကကိုကိုပဲဆိုတာ ကြည်နူး မေ့နေလား"

"ရှင်နော်"

"ကြည်နူးရယ်"

"အို"

မျက်ရည်တွေနှင့် လှပလွန်းသော ကြည်နူးမျက်နှာလေး



ကို စိုက်ကြည့်ကာ လှစံအောင်မှာ စိတ်မထိန်းနိုင်တော့သလိုမျိုး ချစ်ကြည်နူး၏ ပါးပြင်နုနုလေးကို ဖျတ်ခနဲ ငုံ့မိုးနမ်းရှိုက်ပစ်လိုက်သည်။

မထင်မှတ်သည့်အဖြစ်မို့ ချစ်ကြည်နူးမှာ ရင်ခုန်သံတွေဗုန်းဒိုင်းကျဲသွားရကာ ရှက်စိတ်တွေ ဖြာဝေလျက်…

"ရှင်…ရှင် ဘာလုပ်တာလဲ၊ လူကို အခွင့်အရေးယူလှချည်လား"

"အဟွန်း…ဒါ အခွင့်အရေးယူတာမဟုတ်ဘူးဗျ၊ ကိုယ့်မိန်းမကို ကိုယ်ချစ်လို့နမ်းတာ"

"အို"

ပြောကာမှပင် ပိုဆိုးနေသည့် လှစံအောင်စကားတွေကြောင့် ချစ်ကြည်နူး သူ့မျက်နှာချောချောကြီးကိုလည်း မကြည့်ရဲတော့ပါ။

ပြုံးစစနှင့် စိုက်ကြည့်နေမည့် သူ့အကြည့်တွေကချစ်ကြည်နူး နှလုံးသားတွေကို တုန်ခါစေရပါသည်။

"ကြည်နူးရယ်"

"အို"

www.burmeseclassic.com

www.burmeseclassic.com



ရုတ်ခြည်း ကြည်နူးတစ်ကိုယ်လုံး လှစံအောင်ရင်ခွင်ထဲ ရောက်ရှိသွားရပါသည်။

"ဟင်...ရှင်နော်၊ လွှတ်...လွှတ် ဖယ်ပါ"

"မဖယ်ဘူး၊ ကြည်နူးကိုချစ်တယ်"

"ဟင်"

"အဟွန်း...အံ့သြသွားလား၊ ဟုတ်တယ် ကိုကို ကိုယ့်ကိုယ်ကို သေချာပြန်စဉ်းစားပြီးပြီ၊ ဘယ်လိုပဲ စဉ်းစားစဉ်းစား ကြည်နူးကို ချစ်တယ်ဆိုတဲ့ အဖြေပဲ နောက်ဆုံးထွက်တယ်"

"သိပ်ချစ်တယ် ကြည်နူးရယ်၊ ဟိုတုန်းက ညီမလေး တစ်ယောက်လို ချစ်ရသလို ခု အဲဒီအချစ်တွေအပေါ်မှာ ကိုကို့ရဲ့ ချစ်ဇနီးလေးဆိုတဲ့အသိတွေနဲ့ ပေါင်းပြီး တိုးချစ်ရတယ်ဆိုတာ မင်းလေးသိရဲ့လားဗျာ"

"ဦးလှစံအောင်"

"အဟွန်း...ဟွန်း...ဟွန်း ကြည်နူးရဲ့ကိုကို မဟုတ်ဘူး လား"

"ရှင်နော်"

"ကိုကို မညာချင်ဘူး ကြည်နူး၊ ကြည်နူးကို သိပ်ချစ်



တယ်၊ ကိုကို ကြည်နူးကို မခွဲနိုင်တော့ဘူး"

"အို...အို"

"ရှင်နော်"

"အို"

ကြည်နူးထံမှ စကားသံလေးတွေက လေထဲမှာပင် ပျောက်ကွယ်သွားရသလို သူမမျက်နှာလေးထက် ရောက်ရှိလာသည့် သူ့အနမ်းတွေက ကြည်နူးနှလုံးသားတစ်ခုလုံးကို နွေးတစ်ခါ အေးတစ်လှည့်နှင့် ဖြားယောင်းနေရသည်။

လှစံအောင်မှာ အချိန်ကြာစွာ ရင်မှာမျိုသိပ်ထိန်းချုပ်ခဲ့ရသမျှ မမျှော်လင့်ဘဲ ပေါက်ကွဲသွားရပြီမို့ သူမနှင့်ပတ်သက်ကာ သူ့အချစ်တွေ ရှေ့ဆက်ဟန့်ဆောင်စရာ မလိုတော့ဘဲ ကြင်နာသူထံ ချွေအနမ်းတွေနှင့် နွေးထွေးနူးညံ့နေစေလိုက်သည်။

"ကြည်နူးရယ်...ချစ်တယ်၊ ကိုကို့ကို ချစ်လားဟင်"

"ဖယ်...လွှတ်...မချစ်ဘူး...မုန်းတယ်"

"ကြည်နူး"

ခွတ်အတင်း ရုန်းကန်ကာ မုန်းစကားတွေ ဆိုနေသည့် ချွဲကြည်နူးကို လှစံအောင်မှာ ရင်နာစွာကြည့်ရင်းက သူမနှုတ်ခမ်း

www.burmeseclassic.com

www.burmeseclassic.com



လေးပေါ် သူ့အနမ်းတွေ သိပ်သိပ်သည်းသည်း ကျရောက်သွားရ ပြန်လေသည်။

"အို…ဦးလှစံအောင် ရှင် လွှတ်ဆိုနော်"

လက်သီးဆုပ် နုနုလေးတွေနှင့် သူ့အနမ်းများကို ငြင်းဆန် ရုန်းဖယ်နေသူလေးကို လှစံအောင် အပြုံးတွေနှင့် စိုက်ကြည့်ရင်းက

"ကိုကို့ကို သိပ်မုန်းတာပဲလား"

"ဟုတ်တယ်၊ မုန်းတယ်၊ ဖြစ်နိုင်ရင် ရှင့်ကြီးကို သတ်ပစ် ချင်တယ် သိလား"

"ဟောဗျာ…ဒေါသကလည်း ဒီလောက်ပဲကြီးရလား ပြောစမ်းပါဦး ဘာကြောင့် သတ်ချင်ရတယ်ဆိုတာ၊ ဘာလဲ ခွင့်မ တောင်းဘဲ နမ်းမိလို့လား"

"ရှင်…ရှင် အရှက်မရှိတဲ့စကားတွေ လာမပြောနဲ့၊ သွား သွား ရှင် ကျွန်မအခန်းထဲက ခုထွက်သွား"

နှုတ်ခမ်းလေး ဖိကိုက်ကာ ရှက်ဒေါသတွေနှင့် ကြည်နူး အော်လိုက်သည်။

တစ်သက်လုံး ဖြူစင်သန့်ရှင်းစွာ နေခဲ့သည့် သူမ။ သူ့ အနမ်းတွေအောက်တွင် မရုန်းသာမလွန့်သာနှင့် စွတ်တိုးနမ်းရှိုက်



ပြီးကတည်းက သူမမျက်နှာချောချောကြီးကို မကြည့်ရဲတော့သလို သူနှင့်လည်း ရင်မဆိုင်ချင်တော့ပါ။

ချစ်မြတ်နိုးရိပ်တွေ လွှမ်းကဲနေသည့် သူ့အကြည့်များအောက် တွင် ရင်ခုန်သံတွေ ဝုန်းဒိုင်းကျဲစွာ ကြည်နူးမှာ ရှက်စိတ်တွေ ဖြာဝေလျက် သူနှင့်ဝေးရာမှာသာ ပြေးပုန်းနေချင်ပါတော့သည်။

သို့သော် စက်သည်က သူ။ သူမအခန်းထဲတွင် ရှိနေခြင်း ဝင်။

"ရှင်နော်…အခန်းထဲက ထွက်သွားလို့ ပြောနေတယ် မဟုတ်လား"

"ဟိတ်…မင်းနော် သိပ်မဆိုးနဲ့၊ ဒီအခန်းက ကြည်နူး တစ်ယောက်တည်း ပိုင်တာမဟုတ်ဘူးဗျ၊ ကြည်နူးပိုင်သလို ကိုကို လည်းပိုင်တယ်၊ အဟွန်း…ဟွန်း…ဟွန်း"

သူ့အကြည့်၊ သူ့အပြုံးတွေအောက်တွင် ချစ်ကြည်နူးမှာ ဆက်လက်ရပ်တည်နိုင်စွမ်း မရှိတော့ပါ။

ညို့ငင်သလို ဖြာဝေနေသည့် သူ့အကြည့်များအောက်က ကြည်နူးသည် အမုန်းတွေနှင့် ရုန်းထွက်ပစ်လိုက်ပြီး…

"ရှင်မသွားရင် ကျွန်မ သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ချာခနဲ လှည့်ထွက်ကာ ကြည်နူးအခန်းထဲက ထွက်မည်အပြု…

"ဟာ…မဖြစ် နေဦးလေ"

သူမလက်မောင်းလေးကို ဖျတ်ခနဲ လှမ်းဆွဲလာသည့် သူလက်ကို ကြည်နူးမှာ ဖယ်ရှားလိုက်ပြီး…

"ရှင်…ကျွန်မအသားကို မထိနဲ့"

"မင်း ဒီအခန်းမှာပဲနေ"

"ဘာလဲ…ကျွန်မကို အမိန့်ပေးနေတာလား"

"ကြည်နူး…ကိုကို့အပေါ်မှာ အထင်လွဲနေတာတွေ ရှိလိုက်တော့၊ ကြည်နူး နားလည်ထားရမှာက ကိုကို ကြည်နူးကို သိပ်ချစ်တယ်ဆိုတာပဲ၊ ကဲ ကိုကိုသွားမယ်"

"အို"

ဖျတ်ခနဲဆိုသလို သူမနဖူးလေးကို ငုံနမ်းကာ သူမဟုတ်သလို တည်ကြည်သော မျက်နှာကြီးနှင့် အခန်းထဲမှ ထွက်သွားသော လှစံအောင်ကို ချစ်ကြည်နူးမှာ ရှက်ယောင်ဝဲသော မျက်နှာလေးနှင့် ကြည့်ရင်း ရင်မှာ တုန်လှုပ်မောလျှမှုတွေနှင့် ရင်ခုန်ကျန်ခဲ့ပါတော့သည်။

□ □ □

[redacted]

# အခန်း (၂၂)

လှစံအောင်မှာ သူမျက်စိကိုပင် သူမယုံချင်ပါ။ သို့သော် ယုံလို့ကလည်းမဖြစ်။

သူမြင်တွေ့နေရသူလေးက သူ၏ချစ်ဇနီးချော ချစ်ကြည်နူး ပင်။

အပြင်သွားရန် သူခေါ်တုန်းကဖြင့် နေမကောင်း၍ ဘယ်မှ မသွားချင်ပါဆိုသော သူမ။ ခုတော့လည်း နေမကောင်းပါဆိုသည့် သူမမှ ဟုတ်ပါလေစလို့ပင် လှစံအောင် မယုံချင်အောင် ဖြစ်လာရသည်။

သူမပုံစံက တကယ်လည်း မယုံချင်စရာ။ သူငယ်ချင်းတွေနှင့် တရှန်းရှန်း ရယ်မောကာ ဈေးဝယ်နေသည်မှာ သူ့ကိုပင်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သူမ မမြင်သည်အထိ။

သူနှင့်လက်ထပ်ပြီးကတည်းက သူမထံမှ သူ မမြင်မတွေ့ခဲ့ရသည့် အပြုံးတွေက သူငယ်ချင်းများနှင့်ဆုံတော့ တကယ့်ကိုဝေဝေဆာဆာ။

ဘေးပတ်ဝန်းကျင် ဘယ်သူတွေရှိနေသည်ကိုပင် သတိမထားနိုင်ဘဲ အပြုံးလှလှလေးများနှင့် ကလေးတစ်ယောက်လိုလွတ်လပ်စွာ ရယ်မောနေသော ကြည်နူးကိုကြည့်ပြီး သူ့ရင်မှာအလိုလို ပျော်ရွှင်လာရသလို။

ရယ်မောပြုံးရွှင်နေသည့် ကြည်နူးမျက်နှာလှလှလေးကို လှစ်အောင် ငေးစိုက်ကြည့်မိသွားရသည်။

ထိုအချိန်ထိ သူမသည် သူ့ကိုမမြင်သေး။

သူကြည့်နေတုန်းမှာပင် သူမတို့ သူငယ်ချင်းအုပ်စုထံသို့ ခပ်ငယ်ငယ် ခပ်ချောချော ကောင်လေးသုံးယောက် ရောက်လာပြီး အားလုံးနှင့် ရယ်မောနှုတ်ဆက်ကာ ကြည်နူးတို့ မိန်းကလေးသူငယ်ချင်းတွေနှင့် တစ်ဖွဲ့တည်းဖြစ်သွားလေသည်။

ထိုကောင်လေးသုံးယောက်ထဲတွင် အချောဆုံးဖြစ်သည့် ကောင်လေးက ချစ်ကြည်နူးဘေးနားတွင် ရှိကာ သူမနှင့်ပင် တစ်ချိန်



ဆုံး ရယ်ကာမောကာ စကားတွေ လက်ဆုံကြနေလေသည်။

လှစ်အောင်မှာ ကြည့်ရင်းက ကွဲမြီးတိုလာရသည်မို့ မျက်ခုံးကြီးနှစ်ဘက်ကို အလိုလို တွန့်ကြုတ်လာရသည်။

သူနှင့်တွေ့တိုင်း အမြဲတမ်း တင်းမာနေတတ်သည့် မျက်နှာလေးက ခုတော့လည်း သူမ မဟုတ်သလို။

သူမကိုယ်သူမ အိမ်ထောင်သည်တစ်ယောက်ဆိုတာရော သူမလေး မေ့နေသည်လားမသိပါ။

သူမကို ကြည့်လိုက်ပြန်တော့လည်း အိမ်ထောင်သည် တစ်ယောက်နှင့်မတူ။

နုထွေးသစ်လွင်သော အလှတွေနှင့် သူမလေးသည် အရမ်းကို လှနေပါသည်။ မသိပါက သူမကို အိမ်ထောင်သည် တစ်ယောက်ဟူ၍လည်း ဘယ်သူမှ ထင်လိမ့်မည်မဟုတ်ပါ။

ကြည့်နေရင်းက ရင်မှာ စိုးရိမ်စိတ်တွေနှင့် သဝန်တိုစိတ်တွေက ရင်ထဲ အလိုလိုရောက်ရှိလာရသည်။

ပိုင်ဆိုင်ထားသူတစ်ယောက်အနေနှင့် သူမအပေါ် ခုလိုမျိုး သဝန်တိုစိတ်မချမှုတွေ ဖြစ်ပေါ်သည်မှာ မဆန်းပါ။

သိပ်လှသော သူမလေးသည် သူနှင့်အတူ တစ်မိုးအောက်

www.burmeseclassic.com

www.burmeseclassic.com



မှာ အတူနေပေမယ့် သူနှင့်အတူ ဘဝတစ်ခုကို နှစ်ယောက် တည်ထောင်ဖို့လည်း သူမလေးသည် မစဉ်းစားခဲ့။

အနိုင်လို ဆိုးနွဲ့ခြင်းတွေနှင့် ရှိနေသော သူမအပေါ် လှစံအောင်မှာ အနိုင်မယူရက်ပါ။

သူမထံမှ သူလိုချင်သည်က ဒီလိုမျိုးလည်းမဟုတ်။ နူးညံ့ စွာ နားလည်မှုချစ်ခြင်းတွေနှင့် ပေးအပ်လာမည့် ချစ်ခြင်းများသာ ဖြစ်ပါသည်။

ပိုင်ဆိုင်ထားသည့် ယောကျ်ားတစ်ယောက်အနေနှင့် သူမ လေးအပေါ် အနိုင်လည်းမယူရက်ပြန်။

အချစ်ရေးနှင့်ပတ်သက်ကာ ဘာအတွေ့အကြုံမှ မရှိသည့် ဖြူစင်သန့်ရှင်းသော သူမကို သူ့အနေနှင့် ဘာတစ်ခုမှ ခွတ်တိုး မပြုရက်။

သူ၏ချစ်ခြင်းမေတ္တာများ၏ မှန်ကန်မှုကြောင့် တစ်နေ့ မှာတော့ သူမထံမှ ချစ်ခြင်းမေတ္တာများ သူ မျှော်လင့်သလို ရ မည်သာဖြစ်သည်။

ခုတော့ဖြင့် သူမလေးကို ဘာတစ်ခုမှ မပြုရက်သည့် ချစ်သူလေး စိတ်ချမ်းသာစေချင်သောကြောင့်ဆိုတာ သူမလေး



သိလိမ့်မည်မဟုတ်။

ခုတော့ သူမအပေါ် ပေးထားခဲ့သည့် ထိုလွတ်လပ် နားလည်မှုတွေက သူနှင့်ဝေးရာ တခြားတစ်ဖက်ဆီသို့ သူမအား တွန်းပို့သလို ဖြစ်နေခဲ့ပြီလားဆိုတာ သူ မသိတော့ပါ။

သေချာတာကတော့ သူမကြောင့် လှစံအောင်ရင်ထဲ သဝန် တို စိတ်မချ စိုးရိမ်မှုတွေ ဖြစ်နေရပြီဆိုတာပင်။

အိမ်ထောင်သည်တစ်ယောက် ဆိုပေမယ့်လည်း သူမ လေး ခုချိန်ထိ အပျိုစင်လေးတစ်ယောက်လို ရှိနေခြင်းက သူမ အပေါ် သူချစ်၍ အလိုလိုက်ထားခဲ့ခြင်းဆိုတာ သူမလေး နားလည် လိမ့်မည်မဟုတ်။

သူ့မှာသာ ရင်ထဲပေါက်ကွဲချင်နေရသည့် ချစ်စိတ်များနှင့် နှလုံးသားကို မျိုသိပ်ချုပ်ထိန်းခဲ့ရသည့် အဖြစ်။ ဒါကို သူမသည် နည်းနည်းလေးမှ သူ့အပေါ် နားမလည်ဘဲ သူ့ကိုမြင်တိုင်း ရန်သူ ကြီးတစ်ယောက်လိုသာ ပြောဆိုဆက်ဆံနေသည်မှာ သူ့နှလုံးသား များကို နာကျင်ခံခက်စေရလေသည်။

ခုလည်း သူမလုပ်နေပုံက သူ့အတွက် မချင့်မရဲနှင့် အခံရ ခက်စေရာပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူခေါ်တုန်းကဖြင့် ဘယ်ကိုမှ မသွားချင်ပါ။ နေမကောင်းပါဆိုသော သူမသည် ခုတော့လည်း ဒေါင်းဖိုမလေးတစ်ယောက်လို မြူးကြွသွက်လက်နေသည်မှာ သူမမှ ဟုတ်ရဲ့လားဟုထင်စရာ။

ကုမ္ပဏီဧည့်ခံပွဲမှအပြန် သူငယ်ချင်းတစ်ယောက်နှင့်အတူ အဖော်လိုက်လာခဲ့ရာမှ ဈေးဝယ်ထွက်လာသော သူမနှင့် မမျှော်လင့်ဘဲ ယခုလို ဆုံရခြင်းဖြစ်သည်။

"ကိုသန့်…ခဏ"

လှစံအောင်မှာ အဖော်ပါလာသည့် သူငယ်ချင်းကို အားနာပင် ခဏထားခဲ့ကာ သူနှင့်ခပ်ဝေးဝေး ရောက်သွားသည့် သူမလေးဆီသို့ ခပ်သွက်သွက် လျှောက်ခဲ့လိုက်သည်။

"ကြည်နူး"

"ဟင်"

"ဦးလှစံအောင်"

ကြည်နူးမှာ လှစံအောင်ကို တွေ့လိုက်ရသဖြင့် မျက်နှာလေး ပျက်သွားလေသည်။

ဘာကြောင့်များ သူနှင့် အခုလို တိုက်တိုက်ဆိုင်ဆိုင်

[redacted]



ဘာဆုံရပါသည်လဲ။

အတွေးတွေနှင့် မျက်ခုံးလေး တွန့်ချိုးသွားရသည်။ ဒါကို လှစံအောင်မှာ သတိထားမိလိုက်ပေမယ့် မသိဟန်ဆောင်ကာ…

"ဈေးလာဝယ်တာလား ကြည်နူး"

"ဟုတ်ကဲ့"

"နေကောကောင်းသွားပြီလား"

"ရှင်"

"အဟွန်း…မနက်က နေသိပ်မကောင်းလို့ဆို၊ အဲဒါ ခုနေကောင်းသွားပြီလားလို့ မေးတာ"

"ဟုတ်ကဲ့ …ကောင်းသွားပါပြီ"

"သူငယ်ချင်းတွေလား၊ မိတ်ဆက်ပေးဦးလေ"

သူ မိတ်ဆက်ပေးခိုင်းသည်ကို သူမမှ မျက်နှာပျက်ပျက်လေးနှင့် မိတ်ဆက်ပေးလေသည်။

"အားလုံးပဲ ခုလိုသိရတာ ဝမ်းသာပါတယ်၊ ကြည်နူးရဲ့ သူငယ်ချင်းတွေဆိုတော့ ကျွန်တော့်ရဲ့ သူငယ်ချင်းတွေပဲပေါ့၊ ကြုံတုန်း ကြည်နူးရဲ့ခင်ပွန်းသည်တစ်ယောက်အနေနဲ့ အားလုံးကို တစ်ခုခုနဲ့ ဧည့်ခံချင်ပါတယ်"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



လှစံအောင်စကားအဆုံးမှာ ကြည်နူးမှာ မျက်နှာလေးပျ
သွားရပြီး…

"ဟို…နောက်တော့ကြိုဦးမှာပါ၊ ခုတော့ ဟို သွား
လေးရှိလို့"

"အိုကေ…ဒါဆို နောက်တစ်ခါပေါ့၊ အားလုံး ကြို
ပါ၊ ဒါနဲ့ ကြည်နူး ကိုကိုနဲ့ တစ်ခါတည်းပြန်လိုက်မလား"

"ဟင့်အင်း…မလိုက်သေးဘူး၊ ကြည်နူးသူငယ်ချင်း
နဲ့ ဈေးဝယ်ဦးမယ်"

"ကောင်းပြီလေ…ဒါပေမယ့် အိမ်ကိုတော့ စောစော
ခဲ့နော်၊ ကြည်နူးက သိပ်ပြီးနေကောင်းသေးတာ မဟုတ်ဘူး"

ကိုယ့်စကားနှင့်ကိုယ်မို့ ကြည်နူးမှာ သူ့အား ဘာစကား
ပြန်မပြောနိုင်ဘဲ ထွက်လာခဲ့ရသည်။ ရင်ထဲမှာတော့ ရှုပ်ထွေး
တွေနှင့်။

လှစံအောင်မှာ ချစ်ကြည်နူး၏ အပြုအမူများကို အ
ယားစွာနှင့် ရှိနေပါတော့သည်။

ရင်ထဲမှာတော့ သူမအတွက် နည်းနည်းလေးမှ စိတ်
နိုင်။ သူမနား တစ်ချိန်လုံးလိုလို ရှိနေသည့် ကောင်ချောလေး



ရင်မှာ စိုးရိမ်စိတ်မချမှုတွေကလည်း အပြည့်။

အလုပ်ပြီးသည်နှင့် လှစံအောင်မှာ တခြားဘယ်ကိုမှမသွား
ဘဲ အိမ်ကိုရောက်ခဲ့ရသည်။ သူမကတော့ ညထိပြန်မလာသေး။

သူမ ဘယ်ကိုသွားနေသည်လဲ။

သူငယ်ချင်းများနှင့်လား၊ ဒါမှမဟုတ် ကောင်ချောလေးနှင့်
အတူရှိနေသည်လား။

တွေးလေ စိုးရိမ်စိတ်မချ သဝန်တိုမှုတွေက ပိုလာရလေ
နှင့် လှစံအောင် နေလို့မရတော့ပါ။

မနေနိုင်သည့်သူသာ ဖုန်းဆက်ရ၏။

ဖုန်းက ခေါ်လို့ရပေမယ့် မကိုင်။

ထိုအခါ ပို၍မချင့်မရဲဖြစ်လာရသူက လှစံအောင်။ သူမ
ဘာကြောင့် ဖုန်းမကိုင်ရပါသည်လဲ။

သူစဉ်းစားပေမယ့် အဖြေက မပေါ်။ သေချာသည်က
ခုချိန်ထိ သူမနား ကောင်ချောလေး ရှိနေဦးမှာပင်။

သူ နေလို့မရတော့။

သူမဘယ်သွား၍ ဘာလုပ်နေသည်လဲ။

လှစံအောင် သိချင်လာရပြီ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်း သူ နောင်တတွေလည်း ရနေရသည်။ သုံ့မလေးကို သူ လွတ်လပ်ခွင့်ပေးထားတာ မှားပြီတူပါရဲ့။

တကယ်ဆို အိမ်ထောင်သည် မိန်းကလေးတစ်ယောက်ကို သူ ဒီလောက်ထိ လွတ်လပ်ခွင့်မပေးသင့်ပေ။

ဒါပေမယ့် ထိုလွတ်လပ်ခွင့်ကိုပင် သူမအား သူပေးခဲ့သည်။ သူမကို သိပ်ချစ်၍သာ ဖြစ်ပါသည်။

ခုတော့ သူ၏အချစ်များပုံကြောင့် ဒုက္ခရောက်ရတော့မည်ထင်။

ကြည်နူးရယ်။

မချင့်မရဲ ညည်းညူသံက ခပ်တိုးတိုးဆိုမိသွားရသည်။ ဖုန်းခေါ်သော်လည်း မကိုင်။

ဒါ သူမ သူ့ဖုန်းမှန်းသိ၍ တမင်မကိုင်ခြင်းပင်ဖြစ်သည်။ လှစံအောင် အံကြိတ်ပစ်လိုက်သည်။

ကျစ်ကျလွန်းသည့် သူမ နေနှင့်ဦးပေါ့ဟု တွေးရင်း သူမကို ရှာရန် ကားနှင့် သူ အပြင်ထွက်မည်အလုပ် ဖုန်းသံက မြည်လာသည်မို့ လှစံအောင် ကိုင်လိုက်သည်။

"ဟဲလို"



"ငါ…ကျော်ဆက်ပါ"

တစ်ဖက်မှ ကျော်ဆက်၏အသံ။

"ဪ…အေး သူငယ်ချင်း ပြော ဘာကိစ္စရှိလို့လဲ"

"အေး…ကိစ္စကတော့ မင်းမိန်းမကိစ္စပဲ"

"ဘာ"

"ဘယ်လိုကျော်ဆက် မင်းဘာပြောတယ်"

"ငါ့အိမ်မှာ ကြည်နူး ရောက်နေတယ်၊ ပြီးတော့ မင်းဆီကို မပြန်ဘူးလို့လည်း ပြောနေတယ်၊ ဘာဖြစ်တာလဲမေးတော့လည်း မဖြေဘူး၊ အဲဒါ မင်းလာချော့ပြီး ခေါ်ဦး"

"အေး…အေး ငါအခုလာခဲ့မယ်၊ သူ့ကို ဘယ်မှမသွားစေနဲ့ဦးနော် ကျော်ဆက်"

"အေးပါကွာ…မင်းသာလာခဲ့၊ ငါတော့ မင်းတို့နှစ်ယောက်ကြား ခေါင်းရှုပ်လွန်းလို့"

ကျော်ဆက်မှပြောပြီး ဖုန်းချသွားလေသည်။

လှစံအောင်မှာ အချိန်မဆိုင်း၊ ချက်ချင်းပင် ကြည်နူးရှိရာသို့ ရောက်လာခဲ့သည်။

သူမရှိရာ တစ်ဖက်ခြံသို့ သူရောက်သွားချိန်တွင်

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဆက်မှာ သူတို့နှစ်ဦး စကားလွတ်လွတ်လပ်လပ် ပြောနိုင်ရန် ရှောင်ထွက်သွားလေသည်။

သူ့ကိုမြင်တော့ ကြည်နူးမှာ ရှုတည်တည်မျက်နှာလေးနှင့် တစ်ဖက်သို့ ချာခနဲ လှည့်သွားလေ၏။

လှစ်အောင်မှာ အသည်းယားသွားရပေမယ့် မျိုသိပ်လိုက်ကာ...

"ကြည်နူး...ဒီကိုရောက်နေတာ ဘာလို့ ကိုကို့ကို မပြောတာလဲ"

"ဘာပြောရမှာလဲ"

"အနည်းဆုံး ကြည်နူး ဒီကိုရောက်နေတဲ့အကြောင်းပေါ့"

"ကျွန်မ ဒီမှာနေမလို့"

"ဟင်...ဘာဖြစ်လို့လဲ"

"ဟင့်အင်း...ဘာမှမဖြစ်ဘူး၊ ကိုယ့်အိမ်ကို ကျွန်မပြန်နေချင်တယ်"

"ဟာ...အဓိပ္ပာယ်မရှိတာ"

"ရှင်နော်...ဘာပြောတာလဲ၊ ကိုယ့်အိမ်ကိုယ်ပြန်နေတာ အဓိပ္ပာယ်ရှိဦးမှာလား"



"ကျွတ်...ဟာကွာ"

သူမစကားတွေက လှစ်အောင်ကို စိတ်ရှုပ်သွားစေသလို လှစ်အောင်မှာ မျက်ခုံးကြီး တွန့်သွားရကာ စိတ်ထဲမှာလည်း သူမအား အပြစ်တင်ချင်သွားရသည်။

ဒီမိန်းကလေး တော်တော်လည်း အလိုက်မသိပါလား။ တကယ်ဆို သူမလေးကို သူ့မျက်စိအောက်က အပျောက်မခံနိုင်တာ သိရက်နှင့် ဘာကြောင့် သူမ ဒီစကားတွေ ပြောနေရသည်လဲ။

"ကြည်နူး...ဘာဖြစ်နေတာလဲ"

"ကျွန်မ ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့ ရုတ်တရက်ကြီး ဒီမှာလာနေချင်ရတာလဲ"

"ဦးလှစ်အောင် ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ကျွန်မ ရှင့်ကို ပြောပြီးပြီမဟုတ်လား၊ ကိုယ့်အိမ်ကိုယ်ပြန်နေချင်လို့ဆိုတာ"

"ကိုကို ခွင့်မပြုဘူး"

"ဟင်"

သူ့ထံမှ ကန့်ကွက်စကားကြောင့် ကြည်နူးမှာ ချက်ချင်းလို မျက်နှာလေး ရှုပုပ်တင်းမာသွားရသည်။

တကယ်ဆို သူမ ထင်ထားတာ သူ သူမအား အရွယ်

www.burmeseclassic.com

www.burmeseclassic.com



တကူ ခွင့်ပြုလိမ့်မည်ဟု။

ခုတော့ သူမ ထင်ထားတာနှင့် တခြားစီ။

"ဒီမှာ ခွင့်မပြုရအောင် ဘယ်သူက ရှင့်ခွင့်ပြုချက်ကို တောင်းနေလို့လဲ"

"ကြည်နူးနော်…ဒါ ဘာစကားလဲ၊ ကြည်နူးက ကိုကို့ မိန်းမ၊ ကိုကို့မိန်းမကို ကိုကိုပိုင်တယ်၊ ဒီတော့ ကိုကို ခွင့်ပြုချက် မရဘဲ ကြည်နူး ဘာမှမလုပ်ရဘူး၊ ပြီးတော့ ကြည်နူးမရှိရင် ကိုကို မနေတတ်ဘူး"

"အို"

သူ့စကားက ဘာလိုလိုနဲ့ ကြည်နူးမျက်နှာလေး ရဲပသွားရသည်။ ဦးလှူစံအောင် သူမကို ဘာစကားတွေ ပြောနေတာပါလိမ့်။

"ရှင်…ရှင် ဘာတွေပြောနေတာလဲ၊ မနေတတ်ရအောင် ဘယ်သူက ရှင့်အနားမှာ အမြဲရှိနေလို့လဲ"

"အဟွန်း…ဒါပေမယ့် ကြည်နူးက ကိုကို့ရဲ့မိန်းလေ"

"ရှင်နော်…ကျွန်မ မကြိုက်ဘူးဆိုတာသိရက်နဲ့ ဒီစကားတွေမပြောနဲ့"

[redacted]



"မပြောလို့မရဘူး၊ ကြည်နူးကို ကိုကိုချစ်တယ်"

"အို"

"ရှင်…ရှင်"

ကြည်နူးမှာ ရှက်စိတ်တွေနှင့် စကားတွေမရှိတော့သလို မျက်ဝန်းလေးတွေပင် ပြာဝေသွားရသည်။

"အိမ်ပြန်ကြရအောင်နော် ကြည်နူး"

စကားသံနှင့် အကြည့်တွေက နူးနူးညံ့ညံ့။

ရှက်ကြောက်ထိတ်လန့်စိတ်တွေက ကြည်နူးနှလုံးသားကို တလှပ်လှပ်တုန်ခါနေရသည်။

ကြည်နူးမှာ မျက်နှာလှလှလေးကို တင်းတင်းလေး ထား လိုက်ပြီး…

"မပြန်ဘူး…ရှင့်ဘာသာရှင် ပြန်"

ခေါင်းမာမာနှင့် ငြင်းနေသူလေးကို လှစ်အောင် ခပ်တည် တည်လေး စိုက်ကြည့်လိုက်ပြီး…

"ကြည်နူး…တကယ်မပြန်ဘူးလား"

"အို…မပြန်ပါဘူးလို့ ပြောနေတယ်"

"ကောင်းပြီ…ဒါဆို ကိုကိုလည်းမပြန်ဘူး၊ ဒီမှာပဲ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးနဲ့အတူနေမယ်"

ထိုစကားကို လှစံအောင်မှာ ခပ်တည်တည်လေးပြောတော့ ကြည်နူးမျက်နှာလေး ဖျက်သွားရပြီးနောက် သူ့ကို မျက်လွှာလေး ပင့်ကြည့်ပြီး…

"ရှင်နော်…ရှင်က ဘာကိစ္စ ဒီမှာနေရမှာလဲ၊ ကိုယ့်အိမ် ကိုယ်ပြန်"

"အဟွန်း…ကြည်နူးက ဒီမှာရှိနေမှတော့ ကိုကိုလည်း ကြည်နူးနဲ့အတူ ရှိနေရမှာပေါ့"

"အို…မလိုချင်ဘူး၊ ရှင်ပြန်၊ ရှင်နဲ့အတူ မနေချင်လို့ ကျွန်မ ဒီမှာလာနေတာ သိလား"

"ဘယ်လို ကိုကိုနဲ့ အတူမနေချင်လို့ ဟုတ်လား"

"ဟုတ်တယ်"

မျက်လွှာလေးချကာ နှုတ်ခမ်းဖူးဖူးလေး တင်းတင်းစေ့ လျက် ဖြေလိုက်သော ကြည်နူးကို လှစံအောင် မျက်ဝန်းစူးစူးကြီး နှင့် ခပ်တည်တည် စိုက်ကြည့်လိုက်သည်။

သူမက သူနှင့်အဝေးဆုံးရောက်အောင် ကြိုးစားနေခြင်း ပါလားဆိုသော အသိနှင့် လှစံအောင်ရင်ဝယ် မခံမရပ်နိုင်အောင်





နာကျင်သွားရသည်။

သူမကြည့်ရတာ ဒီပုံနှင့် သူနဲ့အဝေးဆုံးရောက်အောင် သွားနိုင်လိမ့်မည်ဟု ထင်ပုံရသည်က မှားယွင်းနေမှန်း သူမ သိပုံ မရသည်ကတော့ ဝမ်းနည်းစရာ။

"ကိုကိုကတော့ ကြည်နူးနဲ့ အတူတူနေချင်တယ်၊ ကြည်နူး ဘယ်သွားသွား ကြည်နူးနားမှာ အမြဲရှိနေမယ်၊ ကဲ ပြော ကြည်နူးပြန်မှာလား၊ ကိုကို ဒီမှာနေရမှာလား"

ကြည်နူးမှာ သူမအပေါ် အနိုင်ယူလွန်းသော လှစံအောင် ကို ရင်မှာ ဝိုမုန်းသွားရသည်။

သူ့ပုံစံက တကယ်ပင် ပြောလျှင်ပြောသလိုလုပ်မည့်ပုံ။ သူ့ကို ဒီမှာပေးနေ၍ မဖြစ်ပါ။

သူမတို့နှစ်ဦး၏ ဆက်ဆံရေးကို အစ်ကိုဖြစ်သူအားလည်း မသိစေချင်။

ကြည်နူး နေရာမှ ဆတ်ခနဲ ထရပ်လိုက်ပြီး…

"ပြန်မယ်"ဟုဆိုကာ ခြေလှမ်းခပ်ဆတ်ဆတ်လေးနှင့် ထွက်သွားလေ၏။ လှစံအောင်မှာ သူမကိုကြည့်ကာ ကျေနပ်သွား ရသလို အပြုံးနှင့် သူမနောက်မှ လိုက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော သူ့ရင်ထဲမှာတော့ သူမလေးပါလာရသည့်အတွက် ပျော်နေရသည်မဟုတ်ပါလား။

ကြည်နူးမှာ အိမ်ရောက်သည်အထိ သူ့ကို စကားမပြောသလို သူကိုယ်တိုင်ကလည်း သူမကို စကားပြောဖို့ မကြိုးစားပါ။

သူမလေး သူ့ကို အကြီးအကျယ် စိတ်ဆိုးနေမှန်းလည်း လှစံအောင် သိပါ၏။ သိပေမယ့် သူချော့ဖို့ရန် မကြိုးစား။

တစ်ခါတစ်လေတော့လည်း ခေါင်းမာလွန်းသည့် သူမကို ဒီလိုနည်းနှင့် သူ ပြန်အနိုင်ယူရဦးမည်ဖြစ်သည်။

မျက်နှာလှလှလေးကို စူတင်းတင်းလေးထားကာ နှုတ်ခမ်းတစူစူနှင့် ရှိနေသော ကြည်နူးကို လှစံအောင် မသိမသာခိုးကြည့်ရင်း သက်ပြင်းချလိုက်သည်။

အင်း…ဒီပုံနဲ့ သူ သူမနှင့် ဘယ်လိုရှေ့ဆက်စခန်းသွားရပါမည်နည်း။

လုပ်ချင်တာကို လုပ်ရမှ၊ အနိုင်ယူချင်တာကို ရမှ ကျေနပ်တတ်သော သူမကို လှစံအောင် အလျှော့ပေး အလိုလိုက်ချင်ပေမယ့်လည်း မဖြစ်ပြန်သေး။

ဒီလိုသာ သူ အလိုလိုက် အလျှော့ပေးလိုက်ပါက သူမ



သည် သူနှင့်အဝေးဆုံးကို ရောက်သွားမှာက အမှန်ပင်။

သူမနှင့် နီးအောင်ကြံပါမှ ပိုဝေးရမည့်အဖြစ်ကိုလည်း လှစံအောင် အဖြစ်မခံနိုင်ပါ။

ထို့အတူ သူမ၏ အေးစက်စိမ်းကားမှုတွေကိုလည်း သူမခံနိုင်တော့။

သူကြည့်နေဆဲ သူမကတော့ ခြေလှမ်းလေးတွေ ခပ်ဆောင့်ဆောင့်ချလျက် အခန်းထဲသို့ ဝင်သွားလေသည်။

လှစံအောင် သက်ပြင်းချကာ သူမနောက်မှ လိုက်ဝင်လာခဲ့သည်။

သူမကတော့ သူရှိနေသည်ကိုမသိဘဲ ဖွင့်ထားသည့် ဇီရိတ်ခါးကို ဆောင့်ပိတ်လိုက်သည်။

"အဟွန်း…ဖြည်းဖြည်းလုပ်ပါဗျ"

လှစံအောင်ကိုမြင်တော့ ချစ်ကြည်နူး မျက်နှာလေးပျက်သွားကာ…

"ရှင် ဘာလို့ အခန်းထဲဝင်လာတာလဲ"

သူမအမေးကို လှစံအောင်မှာ ဘာမှမပြောဘဲ အကြည့်တွေတွေကြီးနှင့်သာ ချစ်ကြည်နူးကို ငေးငေးကြီး စိုက်ကြည့်နေလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

သူ့အကြည့်တွေကြောင့် သူမမှာ မနေတတ်အောင် ဖြစ်

သွားကာ…

"ရှင်ဘာကြည့်နေတာလဲ၊ သွား ထွက်သွား"

သူမကိုယ်လေးက သူ့ရင်ခွင် ရောက်လုမတတ် နီးကပ်စွာ

ရှိနေသော လူစံအောင်ကို တွေ့လိုက်ရသဖြင့် ကြည်နူးမှာ မျက်နှာ

ရဲရဲလေးနှင့် ရှက်အေါ်သဖွယ် အော်လိုက်လေသည်။

"ဟိတ်…ဘာလို့အော်ရတာလဲကွ"

"မအော်စေချင်ရင် ရှင်ထွက်သွားပေါ့"

"အဟွန်း…ကိုကိုရှိနေတော့ ဘာဖြစ်လို့လဲ၊ ဖြီးတော့

ကိုကို့ကို မင်းပြောစမ်း၊ နေ့လယ်က မင်းအနားမှာရှိနေတဲ့ ချာတိ

က ဘယ်သူလဲဆိုတာ"

သူမအနားတွင်ရှိသော သူရိန်ကို ရည်ရွယ်ပြောမှန်း ကြည်

သိလိုက်ပေမယ့် သူ့ကိုမဖြေချင်ပါ။ တကယ်တော့ သူရိန်သည်

သူမ၏သူငယ်ချင်းသာ ဖြစ်သည်။

"ဘယ်သူဖြစ်ဖြစ် ရှင်နဲ့ဘာဆိုင်လို့လဲ"

"အေး…သူ့နဲ့မဆိုင်ပေမယ့် ကိုကိုနဲ့ဆိုင်တဲ့ မင်း



၆

ိတ်မချလို့မေးနေတာ"

"ရှင်နော်…စိတ်မချရအောင် ကျွန်မက ဘာဖြစ်နေလို့

လဲ"

"အဟွန်း…ဖြစ်လို့လည်း မရပါဘူးဗျာ"

"ကြည့်စမ်း…ရှင်"

ဗိုင်းရိုးဗိုင်နင်းဆန်လှသော သူ့စကားတွေကြောင့်

ချစ်ကြည်နူး နှုတ်ခမ်းလေးကို ဖိကိုက်ကာ မကျေမနပ်ဖြစ်သွားရ

သည်။

သူ…ဒါ သူမကို ချစ်နေသည်လား။

"ဒီမှာ…ရှင် ကျွန်မကို ချုပ်ချယ်နေတာလား"

"ချုပ်ချယ်တယ် ဟုတ်လား၊ ကိုကိုက ဘာအတွက်

ချုပ်ချယ်ရမှာလဲ၊ ချုပ်ချယ်တယ်ဆိုတာ အချုပ်ချယ်ခံရအောင်

လုပ်တဲ့လူအတွက်ပါ၊ ကြည်နူးက ဆိုးတဲ့လူမှ မဟုတ်ဘဲ"

"ဒါဖြင့် ရှင်ဘာဖြစ်လို့ မေးနေတာလဲ"

"အဟွန်း…ဒါလား၊ ဒါက ကြည်နူးကိုချစ်လို့၊ သိပ်ချစ်

လို့"

"မပြောနဲ့၊ မကြားချင်ဘူး၊ ရှင့်ကိုမချစ်ဘူး၊ မုန်းတယ်"

www.burmeseclassic.com

www.burmeseclassic.com

သူ့ထံမှ ချစ်စကားတွေကို ချစ်ကြည်နူးမှာ လက်မခံဘဲ အမုန်းတွေနှင့် ဆိုနေလေသည်။

သူမထံမှ အမုန်းစကားများကို ကြားရလေလေ လှစံအောင် ရင်ထဲ ခံရခက်ခက်နှင့် မချင့်မရဲ ပိုဖြစ်လာရလေ၏ ရင်မှာ နာကျင်မှုတွေနှင့်ပင်။

"ပြောစမ်း…ကိုကို့ကို ဘာလို့မုန်းတာလဲဆိုတာ၊ ကိုကိုက တော့ ကြည်နူးကို သိပ်ချစ်တယ်၊ ချစ်တယ်"

ဒီ-ခါစ်ခါတော့ လှစံအောင်သည် သူမကို လုံးဝအလျှော့မပေးတော့။ သူ အလျှော့ပေးလိုက်သည်နှင့် သူမထံမှ အချစ်များကို သူ ဒီတစ်သက် ရတော့မည်မဟုတ်ပါ။

ဒါကို လှစံအောင် သိနေလေ၏။

"ကြည်နူး"

"သွား…သွား ရှင် ကျွန်မအနားမလာနဲ့၊ ရှင့်ကိုမချစ်ဘူး"

"ကိုကိုကတော့ချစ်တယ်"

"ရှင်မရှက်ဘူးလား၊ ဘာတွေလာပြောနေတာလဲ"

မျက်နှာလေးရဲရဲလေးနှင့် ကြည်နူးမှာ ရှက်လန့်ထိတ်ဖိုစွာ



ဆိုလိုက်လေသည်။ လှစံအောင်ကတော့ သူမမျက်နှာလေးကို ချစ်မြတ်နိုးမှုတွေ လွှမ်းကဲနေရသော အပြုံးဖြင့် စိုက်ကြည့်ရင်း…

"ဒါ ရှက်စရာမှ မဟုတ်ပဲကွ၊ ကြည်နူးကို ကိုကိုချစ်တာ အမှုမဟုတ်ဘူး၊ ဟိုအရင်ကတည်းက"

"ဒါဖြင့် ရှင့်စိတ်တွေက ကျွန်မအပေါ် ဟိုအရင်ကတည်း က မရိုးသားခဲ့တာပေါ့လေ ဟုတ်လား"

"အဟွန်း…ဟွန်း…ဟွန်း ကြည်နူးရယ်၊ ဘယ်လိုပြောလိုက်တာလဲဗျာ၊ ကိုကို ကြည်နူးကို ဟိုအရင်ကတည်းက ချစ်ခဲ့တာ မှန်တယ်၊ ဒါပေမယ့် ကိုကို ကြည်နူးအပေါ်မှာ ဘာအရောင်မှ မစွန်းထင်းခဲ့ဘူး၊ အဲဒါ ဘာဖြစ်လို့လဲသိလား ကြည်နူးကို ကိုကိုသိပ်ချစ်လို့"

"အို"

ရင်ခုန်သံတွေက မြန်လွန်းသဖြင့် ကိုယ့်ကိုယ်ကိုပင် ထိတ်လန့်လာရသည်။ သူ့အကြည့်တွေကိုလည်း သူမ ရင်မဆိုင်ရဲတော့။

ကိုယ့်အား ချစ်စကားတွေဆိုလာသည့် လူတစ်ယောက်ရှေ့မှာ ကြည်နူး ဘယ်လိုအင်အားနှင့် ရပ်တည်နိုင်စွမ်းပါမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ရှက်လန့်မှုတွေနှင့် ဒူးများက အလိုလို ညွတ်ကွေးချင်လာရသည်။ ဘုရား…ဘုရား သူမ ဘာဖြစ်တာပါလိမ့်။

တကယ်ဆို သူမ မုန်းသည့် ဒီယောကျ်ားရှေ့မှာ ကြည်နူးဘာအကြောင်းနှင့်မှ ဒီလိုဖြစ်နေစရာမလို။

ချစ်ကြည်နူးမှာ သူမကိုယ်သူမ အားတင်းလိုက်ရင်း…

"ရှင်…ထွက်သွား၊ ရှင့်စကားတွေကို ကျွန်မ နားမထောင်နိုင်ဘူး"

"နားမထောင်ချင်လို့ မရဘူး ကြည်နူး၊ ကိုကို့စကားတွေကို ကြည်နူး အလေးအနက်ထားရမယ်၊ ပြီးတော့ ကိုကို့ကို ကြည်နူးပြန်ချစ်ပါ"

"အို…မချစ်ဘူး မချစ်ဘူး၊ ရှင်နော် သွားလို့ပြောနေတယ်မဟုတ်လား"

"ကိုကို့ကို မနှင်နဲ့ကြည်နူး၊ ကြည်နူးသွားဆိုပေမယ့် ကိုကိုမသွားနိုင်ဘူး၊ ပြီးတော့ ကြည်နူးက ကိုကို့မိန်းမ"

"ဟင်…ရှင်"

ကြောက်ရွံ့မှုတွေနှင့် ချစ်ကြည်နူးမှာ မျက်ဝန်းလေးပြူးကျယ်ကာ ခြေတစ်လှမ်း နောက်ဆုတ်သွားရသည်။





လှစံအောင်မှာ သူမကိုကြည့်တာ ရင်နာသွားရသည်။ သူမလေး သူ့ကို သိပ်ကြောက်နေသည်ပဲ။

လှစံအောင် လိုချင်သည်က သူမထံမှ ဒီလိုအခြေအနေမျိုးမဟုတ်။ ခုတော့…

"ဟင်း"

နာကျင်သွားရသော ရင်အစုံနှင့် သက်မချလိုက်ပြီး လှစံအောင် ခြေတစ်လှမ်းရှေ့တိုးကာ…

"ကိုကို့ကိုကြည့်စမ်း ကြည်နူး"

ကြည့်စမ်းဆိုပေမယ့် ကြည်နူးမှာ သူ့အား မကြည့်ပါ။ ရဲပနေသော မျက်နှာလှလှလေးက ထိတ်လန့်မှုတွေနှင့် တခြားသို့ လွှဲထားလေသည်။

"ကြည်နူး…ကိုကို ပြောနေတယ်လေ"

သူ့အသံမှာ အမိန့်တစ်ခုကို ပေးနေသလို။

လှကို စီးစီးပိုးပိုးနှင့် သူမအား သူတပည့် လက်အောက်ငယ်သားတစ်ယောက်လိုများ မှတ်နေသည်လားမသိပါ။

ဦးလှစံအောင် သူမကို ဒီလိုပြောရှုမရဆိုတာ သူမေ့နေသည်လားမသိပါ။ ကြည်နူးမှာ သူ့အား အမုန်းတွေပြာနေသော



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းစိမ်းစိမ်းလေးဖြင့် တစ်ချက်ကြည့်ပြီး သူမကိုယ်လေးကို နေရာမှအရွေ့…

“မင်း…ဒါဘယ်လဲ”

“ဘယ်ဖြစ်ဖြစ် ရှင်ကြီးနဲ့မဆိုင်ဘူး”

“ဘာ”

မထီမဲ့မြင်မျက်နှာလေးနှင့် သူ့အား ဂရုမစိုက်သလို ပြောနေပုံက လူစံအောင်နှလုံးသားကို နာကျင်ခံခက်စေလေသည်။

ကြည့်လေ…သူမလေး လုပ်နေပုံကျ။

သူမှာတော့ သူ့ရင်ထဲက ချစ်စကားများအား သူမလေး နားလည်သည်အထင်နှင့် ပြောလိုက်ရတာ။ သူမက ဘယ်မှာ နားလည်လို့လဲ။ နားမလည်သည့်အပြင် သူ့ရင်ထဲက ချစ်စကားတွေကိုလည်း ဂရုမစိုက်၊ အလေးမထားဟန်ပုံစံလေးနှင့် လုပ်နေပုံက သူ့အား ချစ်ဒေါသတွေ နိုးဆွစေရသလို။

“ကိုကိုနဲ့မဆိုင်ဘူးဆိုတဲ့ စကားကို မင်းမပြောစမ်းပါနဲ့ ကြည်နူး၊ ကိုကိုနဲ့မင်း ဆိုင်မဆိုင် သက်သေပြရမလား”

“အို”

စူးရှသည့် သူ့အကြည့်နှင့်စကားတွေ ချစ်ကြည်နူးအား



စကားမဆိုရဲရတော့သလို။

ဖြူဖျော့သွားသည့် မျက်နှာလေးနှင့် ထိတ်လန့်ကြောက်ရွံ့သွားသည့် ဟန်လေးက လူစံအောင်နှလုံးသားကို နာကျင်စေရပါသည်။

နာကျင်မှုတွေနှင့် လူစံအောင် သူ့စိတ်ကို လျှော့ချလိုက်၏။ သူလိုချင်တာက သူမထံမှ ဒီလိုကြောက်ရွံ့ထိတ်လန့်မှုမျိုး မဟုတ်ပါ။

“ဆောရီး ကြည်နူး၊ ကိုကို့စကားကြောင့် မင်းလန့်သွားပြီလား”

“အို…မသိဘူး၊ မသိဘူး၊ ရှင့်ကို ကျွန်မမုန်းတယ်၊ သိပ်မုန်းတယ်”

“ကြည်နူး”

လူစံအောင် သူမနာမည်လေးကို ကြိုးအော်ပစ်လိုက်သည်။ ကြည့်စမ်း သူမရဲ့အမုန်းစကားက သူ့နှလုံးသားကို အပ်အစင်းပေါင်းများစွာနှင့် ထိုးနှက်လိုက်သလိုပါပဲလား။

သူမရဲ့ အမုန်းစကားတစ်ခွန်းက သူ့နှလုံးသားကို ဘယ်လောက်ထိ နာကျင်စေရသည်ဆိုတာ သူမ သိမည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပြုပြီး မုန်း ဟယ်ဆိုတဲ့စကား မင်းမပြောစမ်းပါနဲ့ ကြည်နူး၊ မင်းအမုန်းကို ကိုကို ခံနိုင်ရည်မရှိဘူး"

တောင်းပန်တိုးလျှိုးသလို ပြောလိုက်သည့် လှစံအောင် စကားသံကို ချစ်ကြည်နူးသည် ဂရုမစိုက်နိုင်ပါ။

သူမသိသည်က သူ မကြိုက်သည့်စကားကို သူမ တမင် ပြောရန်ပင်။ ဒီနည်းက သူ့နှလုံးသားကို နာကျင်ထိုးနှက်စေသည့် နည်းပင် မဟုတ်ပါလား။

"မုန်းတယ်…မုန်းတယ်၊ သိပ်မုန်းတာယ်၊ အဲဒီစကား ရှင် မကြားချင်ရင် လွယ်လွယ်လေးပါ၊ ရှင် ကျွန်မကို ကွာရှင်းလိုက်ပါ ဦးလှစံအောင်"

"တော်စမ်း…မပြောနဲ့၊ မင်း ဒီစကားကို လုံးဝမပြောစမ်းနဲ့ ချစ်ကြည်နူး၊ မင်း ဒီနည်းနဲ့ ငါ့ကို စိတ်ကုန်အောင် လုပ်လို့ရမယ်ထင်လား၊ အဟွန်း အဲဒါဆို မင်း သိပ်မှားသွားလိမ့်မယ် ကြည်နူး"

"ကိုကို မင်းကိုချစ်တယ်"

"ကျွန်မကတော့ ရှင့်ကိုမချစ်ဘူး"

"ရတယ်၊ ခုမချစ်လည်း နောက်ချစ်လာလိမ့်မယ်"



"စိတ်ချ…သေတောင် ရှင့်ကိုမချစ်ဘူး"

သူမကြိုက်သည့်စကားကို ကြည်နူးမှာ အရွဲ့တိုက်ကာ တမင့်ပင် ရွေးပြောနေလိုက်သည်။

လှစံအောင်မှာ သူမ အရွဲ့တိုက်နေမှန်း သိနေသည်လား မသိပါ။ နည်းနည်းလေးမှ အံပြုံးမပျက်ပါဘဲ…

"သေချာလို့လား ကြည်နူး၊ ကိုကို့ကို မင်း မချစ်ဘူးဆိုတာ"

သူ့ကိုယ်သူ အထင်ကြီးသလို ယုံကြည်စိတ်ချမှုတွေနှင့် ပြောနေသော လှစံအောင်ကို ကြည်နူးမှာ ကြည့်မရစွာ မျက်စောင်းလေးထိုးရင်း…

"ဒီမှာ ရှင့်ကိုယ်ရှင် သိပ်ပြီးအထင်ကြီးမနေနဲ့၊ ဒီကမ္ဘာပေါ်မှာ ကျွန်မ အမုန်းဆုံးလူက ရှင်ပဲသိလား"

"ကြည်နူး…မင်း"

"ရှင်…သွား"

"ဟိတ်…ကြည်နူး"

"ဟင်"

"အို"

www.burmeseclassic.com

www.burmeseclassic.com



“အမေ့”

အသံလေးတွေက ဆက်တိုက်ဆိုသလို ထွက်ပေါ်သွားရသည်။ အကြောင်းမှာ ချစ်ကြည်နူးသည် သူ့အား အမှန်းစကားတွေဆိုရင်းက ဒေါသတွေနှင့် သူမကိုယ်သူမ မထိန်းနိုင်တော့သလို လှစံအောင်ရင်ဘတ်ကြီးကို သူမ လက်သီးဆုပ်တွေနှင့် ထုရိုက်လိုက်သည်ကို လှစံအောင်မှာ ရှောင်ရင်း သူမလက်ကလေးကို လှမ်းအဆွဲ ချစ်ကြည်နူးကလည်း အရှိန်နှင့် နှစ်ဦးသား အရှိန်နှင့် တစ်ယောက်ကိုတစ်ယောက် မထိန်းနိုင်တော့ဘဲ အရှိန်လွန်လျက် နှစ်ဦးသား ခုတင်ကြီးပေါ်သို့ လုံးထွေးပစ်ကျသွားရတော့သည်။

“အို…လွှတ်…ဖယ်…လွှတ်ပါ၊ ရှင့်ကိုမုန်းတယ်သိလား”

ကြည်နူးမှာ ပါးစပ်ကသာ ပြောသည်မဟုတ်။ လက်ကလည်း ခုချိန်ထိ လှစံအောင်အား ထုရိုက်နေဆဲ။

လှစံအောင်သည် သူမ၏ အထုအရိုက်များကို ရှောင်တိမ်းရင်း…

“ကြည်နူး…မင်း တော်ဆိုကွာ”

“မတော်ဘူး၊ မတော်တော့ ရှင်ဘာလုပ်ချင်လဲ”



“ကျုပ်…ကြည်နူး မင်းသိပ်ဆိုးပါလား၊ အေး ကောင်းကောင်းပြောမရတဲ့မင်း လာခဲ့စမ်းကွာ”

“အို”

ရုတ်ခြည်း သူမနှင့် ရင်ချင်းအပ်ကပ်ပစ်ကာ အနမ်းတွေက သူမမျက်နှာလေးထက် ခပ်ကြမ်းကြမ်း ရောက်ရှိလာတော့ ချစ်ကြည်နူးမှာ ရှက်လန့်သွားကာ ကြောက်ရွံ့စိတ်တွေနှင့် သူ့အား ရန်တွေ့စကားပြောရန်ပြင်ခိုက် သူမနှုတ်ခမ်းအစုံပေါ် ကျရောက်လာသည့် သူ့အနမ်းများကြောင့် ချစ်ကြည်နူး စကားပြောခွင့်မရလိုက်ပါတော့။

ရှက်ဒေါသတွေနှင့်သာ သူ့ရင်ခွင်ထဲက ရုတ်အတင်း ရုန်းထွက်ပစ်လိုက်သည်။

“ချစ်တယ် ကြည်နူးရယ်၊ သိပ်ချစ်တယ်ဗျာ”

“ဖယ်နော်…မကြားချင်ဘူး၊ လွှတ်”

“အို…လွှတ်ဆို”

“မလွှတ်ဘူး၊ ကိုကို ကြည်နူးနဲ့ ခွဲပြီးမနေနိုင်တော့ဘူးသိလား”

“ရှင်နော်”

www.burmeseclassic.com

www.burmeseclassic.com



လွှမ်းကဲလာသည့် ရုက်လန့်ကြောက်ရွံ့စိတ်တွေကြောင့် ချစ်ကြည်နူးမှာ မျက်ရည်တွေ ပါးပြင်ပေါ်သို့ ကျစီးလာရသည်။

လူစံအောင်မှာ သူမမျက်ရည်များကို သူ့ပါးပြင်ရျောရျော ကြီးနှင့် ဖယ်ရှားပွတ်တိုက်ရင်းက သူမအပေါ် ချစ်ကြင်နာမှုတွေ အစွမ်းကုန်ပြနေလေသည်။

''မငိုပါနဲ့ ကြည်နူးရယ်၊ ကိုကို့ကို ကြည်နူး မချစ်ဘူးလား ဟင်''

''မချစ်ဘူး''

''အဟွန်း…ဟွန်း ကိုကိုကတော့ ချစ်တယ်''

''ဖယ်''

''သိပ်ချစ်တယ် ကြည်နူးရယ်''

''ချစ်တယ်''

''အို''

တိုးတိတ်သွားသည့် စကားသံလေးများအောက်ဝယ် ချစ်ကြည်နူးကိုယ်လေးမှာ တဖြည်းဖြည်း နစ်မြုပ်သွားရသလို

သူ့အချစ်များကို မကြည်ဖြူ မလိုလားဖွာ ဖွတ်တင်ခြ ဆန့်ပါသော်လည်း လှိုက်ဖြာရင်ခုန်ဖွယ်ကောင်းသည့် သူ့အချ



က သူမအား ဒီထက်ပိုပြီး ရုန်းထွက်၍မရနိုင်သလို သူ့အချစ်တွေ က သူမအား ဖြားယောင်းသွားရပြီမဟုတ်ပါလား။

ဘယ်လိုပင်မုန်းပါသည်ပြောပြော နောက်ဆုံးတော့လည်း လက်ထပ်ထားသည့် ယောကျ်ားတစ်ယောက်ပါလားဟူသောအသိ က ချစ်ကြည်နူးနှလုံးသားကို အရှုံးပေးစေခဲ့ရလေပြီပဲလေ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

သူမတစ်ကိုယ်လုံးကို တစ်စုံတစ်ယောက်က တင်းတင်းကြပ်ကြပ် ပွေ့ဖက်ထားသလို မွန်းမွန်းကြပ်ကြပ်စီနှင့် နွေးထွေးမှုက သူမတစ်ကိုယ်လုံး လွှမ်းခြုံနေရသလို။

ရုတ်တရက် ကြည်နူး သူမကိုယ်သူမ ဘယ်ရောက်နေသည်မှန်းလည်း စဉ်းစားမရ။

လေနွေးနွေးက သူမပါးပြင် ရိုက်ခတ်သွားရသလို ခံစားချက်တွေနှင့် ချစ်ကြည်နူးမှာ မှေးမှိတ်ထားသော မျက်ဝန်းလေးကို ဖြည်းဖြည်းချင်း ဖွင့်အကြည့်…

"အို"

ရုတ်တရက် ကမ္ဘာကြီး ချာချာလည်သွားရသလို။ ဘုရား



ရဲ့ ဘာတွေဖြစ်ကုန်ပြီလဲ။

သူမအား တင်းတင်းလေး ပွေ့ဖက်ကာ အိပ်နေပါသည့် လှစံအောင်။

ချစ်ကြည်နူးမှာ မျက်နှာလှလှလေး ရဲပသွားရပြီး သူ့ရင်ခွင်ထဲမှ သူမကိုယ်လေးကို ရုန်းထွက်လိုက်သည်။

မဝံ့မရဲအကြည့်တွေနှင့် သူ့ကိုကြည့်လိုက်တော့ လှစံအောင်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဆဲ။

သူ့မျက်နှာကြီးကို သူမ မကြည့်ရဲတော့ပါ။ ထို့အတူ အခြေအနေအားလုံးကိုလည်း သူမ နားလည်သွားရလေပြီ။

ချစ်ကြည်နူးမှာ နှုတ်ခမ်းဖူးဖူးလေးကို ပြတ်ထွက်လုမတတ် ဖိကိုက်ပစ်လိုက်သည်။

ဩော်…ဘယ်လိုပဲ သူမငြင်းငြင်း နောက်ဆုံးတော့လည်း ချစ်ကြည်နူးဆိုတာ လှစံအောင်၏ ဇနီးသည်ပင် ဖြစ်ခဲ့ရပြီမဟုတ်ပါလား။

အိပ်ပျော်နေပေမယ့်လည်း သူ့မျက်နှာကို သူမမကြည့်ရဲပါ။ သို့သော် ရင်မှာတော့ လှိုင်းထန်နေရသည်။

မနေ့ကနှင့် ဒီနေ့ မတူတော့သည့် ပြောင်းလဲသွားရသည့်

www.burmeseclassic.com

www.burmeseclassic.com



သူမအဖြစ်ကို သူမတွေးရင်း ကြည်နူးနှလုံးသားတစ်ခုလုံး ပွစ္စေ လှိုက်ဖိုလာရသလို။

မောလှုသည့် အတွေးများနှင့် ချစ်ကြည်နူး သက်ပြင်းလေး ကိုချကာ ခုတင်ပေါ်မှအဆင်း…

''ကြည်နူး''

''အို''

ခေါ်သံနှင့်အတူ သူမ ခါးကျည်းကျည်းလေးကို နောက်ပါး ဆီမှ လှမ်းယူဆွဲဖက်လိုက်တာကြောင့် ကြည်နူးကိုယ်လေးမှာ သူ့ရင်ခွင်ထဲ ပြန်လည်ရောက်ရှိသွားရလေ၏။

''အဟွန်း…ပြောပါဦး၊ အစောကြီးရှိသေးတယ် ဘယ်သွားမလို့လဲဆိုတာ''

ကြည်စင်ရွှန်းလက်သည့် မျက်ဝန်းလှလှနှင့် မျက်နှာလေး ကို ချစ်မြတ်နိုးစွာ ငေးစိုက်ကြည့်ရင်း လှစံအောင် မေးလိုက်လေ၏။

သူ့အမေးကို သူမ ဘာမှပြန်မဖြေဘဲ မျက်လွှာလေးချကာ ငြိမ်သက်နေလေသည်။

မျက်တောင်ရှည်ကြီးများ စင်းကျကာ မျက်လွှာလေးချ ထားသည့် သူမ၏ မျက်ခွံမို့မို့လေးကို လှစံအောင်မှာ အသည်းယား



စွာ သူ့နှုတ်ခမ်းအစုံနှင့် ဖိကပ်နမ်းရှိုက်လိုက်ပြီး…

''ဟော့ကောင်မလေး ကိုကို မေးနေတယ်လေကွာ၊ ဘာလို့ မဖြေတာလဲ''

ထိုအချိန်ထိ သူမထံမှ စကားသံထွက်မလာသေး။ လှစံအောင် မချင့်မရဲကြီး ပိုဖြစ်လာရသည်။

ဒီမိန်းကလေး ခေါင်းမာသည်ကို သိပါသည်။ ဒါပေမယ့် ထိုခေါင်းမာသည့် ပန်းလေးကိုပင် သူ့ရင်မှာ မြတ်နိုးစွာ စွဲချစ်နေရ သည့်အဖြစ်။

''အေးဗျ…မေးနေတာကို မဖြေဘူးနော်၊ မဖြေရင်တော့ ဖြေအောင်လုပ်ရလိမ့်မယ်၊ ပြီးမှတော့ ကိုကို့ကို အပြစ်မပြောနဲ့ဗျ''

ရုက်ရိပ်စွန်းနေသော မျက်နှာလေးနှင့် ပန်းသွေးရောင်လွှမ်း နေသော အလှက လှစံအောင်နှလုံးသားကို ငြိတွယ်စေရပါသည်။

သည်မိန်းကလေးကို ချစ်ရသည့် သူ့အချစ်က ဘယ်အရာ နှင့်မှ နှိုင်းယှဉ်ပြလို့မရနိုင်။

လှစံအောင်မှာ ကြည်နူးနဖူးပေါ် ဝဲကျနေသည့် ဆံနွယ် လေးများကို ခပ်ဖွဖွတင်ပေးလိုက်ရင်း သူ့အနမ်းတစ်ချက်က သူမ နှုတ်ခမ်းလေးဆီ ရောက်ရှိသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်နော်"

"အဟွန်း…ဟွန်း…ဟွန်း"

သူမအသံလေးကို ကြားရတော့ လှစံအောင် မရယ်ဘဲ မနေနိုင်တော့ပါ။ သူမ၏ ဒီလိုကလေးဆန်မှုလေးတွေကိုပင် လှစံအောင် မခွဲနိုင်အောင် ချစ်မြတ်နိုးနေရခြင်းဖြစ်သည်ကိုတော့ သူကိုယ်သူသာ အသိဆုံးဖြစ်ပါ၏။

ရင်ထဲတွင်တော့ ချစ်လိုက်ရတာ ကြည်နူးရယ်ဆိုသည့် စကားတွေက သူ့နှလုံးသားထဲ အခါပေါင်းတစ်ထောင်းမကနိုင်တော့ ပါ။

"သိပ်ချစ်တယ် ကြည်နူးရယ်၊ ကိုကို့ကိုချစ်တယ် မဟုတ် လားဟင်"

ကြည်နူး ဘာစကားမှ မဆိုပါ။

နှုတ်ခမ်းထူထူအိအိလေးကိုသာ တင်းတင်းလေး စေ့ပိတ် ထားလေသည်။

သူမဘက်က ဘာတုံ့ပြန်မှုမှ မရှိတော့ လှစံအောင်ရင်မှာ မောလျှသွားရသည်။

သူသိပါသည်။ သူမလေး သူ့ကို စိတ်ဆိုးနာကျင်နေ



မှန်း။ သူ ဘာလုပ်ရမည်နည်း။ ရင်ထဲမှာတော့ သူမကို ချစ်လိုက်မိ သည့်အတွက် နောင်တမရှိပါ။

"ကြည်နူးရယ်…ကိုကို့ကို ခွင့်လွှတ်ပါလို့လည်း မတောင်းပန်ချင်ပါဘူးဗျာ၊ ကိုကို ကြည်နူးကို သိပ်ချစ်တာ သစ္စာ ဆိုရဲပါတယ်၊ ရှေ့လျှောက် ကိုကိုတို့ဘဝလေးကို အကောင်းဆုံး ခရီးဆက်သွားကြရအောင်နော် ကြည်နူး၊ ကိုကိုတို့ဘဝလေးမှာ ကိုကို ရယ်၊ ကြည်နူးရယ်၊ သားရယ်၊ သမီးရယ်နဲ့ပေါ့"

"အို"

သူ့စကားကြောင့် သူမမျက်နှာလေး နှင်းဆီခင်းလေးပမာ ရဲရဲတွတ်နီမြန်းနေရလေပြီ။

အရှက်လွန်သွားရသည့် ဇနီးသည်ကို လှစံအောင် ချစ်စိတ် တွေနှင့် ငေးစိုက်ကြည့်ရင်း…

"ကိုကို့ကို ကြည့်ပါဦးဗျာ၊ ပြီးတော့ ကိုကို့ကို ချစ်တယ် လို့လည်း ကြည်နူး ပြောဦး"

သူစကားတွေဆိုနေပေမယ့် သူမကတော့ သူ့ရင်ခွင်ထဲ တိုးတိုက်နေဆဲဖြစ်သည်။ ဒီအဖြစ်ကိုပင် လှစံအောင်မှာ အားမရ ခွာ။

www.burmeseclassic.com

www.burmeseclassic.com



"ကြည်နူး…ကိုကို ပြောနေတယ်လေ၊ ကိုကို့ကို ကြည်နူး ဆိုတာ"

ဖူးတံခါးဖွင့်လာသော ကြည်နူးမျက်ဝန်းလေးထဲမှ အရိပ် တွေကို မြင်ရတော့ လှစံအောင်နှလုံးသားတွေ နာကျင်သွားရသည်။

"ကြည်နူးရယ်…ကိုကို့ကို မင်းလေး ဒီလိုမျက်ဝန်းတွေနဲ့ မကြည့်ပါနဲ့ဗျာ" ဟု

အစိမ်းရောင်တောက်နေသည့် ကြည်နူးမျက်ဝန်းတွေကို လှစံအောင်မှာ ရင်မဆိုင်ရဲစွာပြောရင်း သူမမျက်ဝန်းလေးများကို သူ့နှုတ်ခမ်းနှင့် ဖိကပ်ထားလိုက်သည်။

စိမ်းလဲ့နေသည့် သူမမျက်ဝန်းထဲမှာ နာကျင်ရိပ်တချို့ကို သူ မြင်တွေ့လိုက်ရသည်ပဲလေ။

"ကြည်နူး…ကိုကို့ကို တကယ်မုန်းသွားပြီလားချစ်ရယ် ကိုကို မှားသွားပြီ ကြည်နူး၊ ကြည်နူး ကိုကို့ကို ဒီလောက် မုန်းအေ လိမ့်မယ်လို့ ကိုကိုမထင်ခဲ့ဘူး၊ ဒါပေမယ့် ကြည်နူးသိဖို့က ကိုကို ကြည်နူးကို သိပ်ချစ်တယ်ဆိုတာကိုတော့ ကြည်နူး ယုံပါ"

သူ ဘာပြောပြော သူ့အား ဘာစကားမှ ပြန်မဆိုဘဲ တိတ်ဆိတ်ငြိမ်သက်နေသော ကြည်နူးကိုကြည့်ကာ လှစံအောင်



ရှက်နာပျက်နေရလေပြီ။

"ကိုကို တောင်းပန်ပါတယ် ကြည်နူး၊ ကြည်နူးကို ကိုကို အရှုံးပေးပါပြီဗျာ၊ ကြည်နူး…ကြည်နူး ကြိုက်သလိုသာ ဆုံးဖြတ် ပါတော့၊ ကိုကိုကတော့ ကိုကို့အချစ်တွေကို မင်းနားလည်လာမယ့် အချိန်ကိုသာ မျှော်လင့်နေပါရစေတော့ကွယ်"

စိမ်းကားမှုတွေနှင့် တင်းမာနေသည့် သူမအခြေအနေကို လှစံအောင် နားလည်သွားရပြီမို့ သူ့အနေနှင့် ဒီထက်ပိုကာ သူမထံ က ဘာမှမမျှော်လင့်ရဲတော့ပါ။

မျှော်လင့်လျှင် မျှော်လင့်သူ၏ အမှားသာဖြစ်မည်ကိုလည်း သူ ကောင်းကောင်းကြီး သိနေပါ၏။

လှစံအောင်သည် နာကျင်စွာပြောရင်းက သူမနဖူးလေးကို တစ်ချက်နမ်းရှိုက်ကာ သူ့ရင်ခွင်ထဲက သူမကိုယ်လေးကို ဖြေလွှတ် ပေးရင်း သူမအား ကျောခိုင်းလိုက်ပါသည်။

သူမအနားတွင် သူမရှိတော့ ကျောခိုင်းသွားလေမှ ချစ်ကြည်နူးသည် ရင်ဝယ်တစ်စုံတစ်ရာ လစ်ဟာသွားသလိုနှင့် မျက်ဝန်းလေးအစုံ ဖျတ်ခနဲ ပွင့်လာလေသည်။

သူမအပြုအမူတွေက သူ့အပေါ် လွန်သွားခဲ့ပြီလား။

www.burmeseclassic.com

www.burmeseclassic.com



သိပ်ချစ်ပါသည်ဆိုသော ယောကျာ်းတစ်ယောက်ကို သူမ ဘက်က ဒီအပြုအမူတွေနှင့် ထိုယောကျာ်းနှလုံးသားအား နာကျင်အောင် ထိုးနှက်စေခဲ့ရပြီလား။

ကြည်နူး မသိတော့ပါ။

ခုချိန် ကြည်နူး သိသည်က သူမနှလုံးသားထဲဝယ် တစ်စုံတစ်ရာ ဝင်ရောက်နေသလို။ ဒါ ဘာဖြစ်မည်လဲ။

ဘာဆိုတာမသိပေမယ့် သေချာတာကတော့ သူမနှလုံးသား သက်ဝင်လှုပ်ရှားနေရသည်ဆိုတာပင်။

ရင်ခုန်ခြင်းသည် အချစ်ဆိုလျှင် သူမ သူ့ကြောင့် ရင်တွေခုန်တတ်နေခဲ့သည်မှာ ကြာပြီမဟုတ်ပါလား။

ဒါ အချစ်တဲ့လား။

သူမ တစ်ခါမှ သေချာမစဉ်းစားခဲ့ဘူးသည့် အချစ်ဆိုတာ ဒီလိုခံစားမှုနှင့် နွေးထွေးရင်ခုန်ခြင်းတဲ့လား။ အတွေးနှင့်ပင် ရင်မှာ လှိုက်ဖိုလာရသည်။

ကိုကို…။

သူမ သိပ်မုန်းပါသည်လို့ ပြောခဲ့သောသူသည် ခုတော့ သူမနှလုံးသားကို စိုးမိုးနေရာယူထားသည့် လူတစ်ယောက် ဖြစ်နေ



ခဲ့ပြီလား။

ကြည်နူး မသိတော့ပါ။

အုံ့မှိုင်းနေသော မျက်နှာနှင့် စိတ်ထိခိုက်နေသော သူ့အသွင်က သူမမျက်စိထဲက မထွက်တော့ပါ။

ကိုကို သူမကြောင့် စိတ်ထိခိုက်သွားပြီတဲ့လား။

ကိုကို့အသွင်ကို ဒီလိုမြင်ရပြန်တော့လည်း ကြည်နူးရင်ထဲ မကောင်းပြန်။

သူမ ဆိုးနွဲ့သမျှကို ငယ်ငယ်ကလေးဘဝကတည်းက သည်းခံအလိုလိုက်နိုင်ရှာသော ကိုကို့ကို ကြည်နူးရင်မှာ တကယ်တော့ နင့်နင့်သည်းသည်း မမုန်းနိုင်ခဲ့ပါ။

သူမဘဝကို အနိုင်ယူ ချုပ်ကိုင်သူအဖြစ် ရင်မှာ နာကျင်မိခဲ့တာတော့ သူမ ဝန်ခံပါ၏။

ဒါပေမယ့် တကယ်တမ်း သူမရင်မှာ ကိုကို့ကို မမုန်းနိုင်ခဲ့ပါ။

ကိုကိုဆိုတာက သူမ ငယ်ငယ်ကတည်းက သံယောဇဉ်ငြိတွယ်ခဲ့ရသည့်သူ။ ဒီသံယောဇဉ်ကို သူမ လွယ်လွယ်နှင့် ဖြတ်နိုင်ရနိုင်မည်မဟုတ်သလို ခုချိန်မှာ ကိုကိုဆိုတာက သူမဘဝ၏အိမ်ဦး

www.burmeseclassic.com

www.burmeseclassic.com



သခင် ခင်ပွန်းသည်တစ်ယောက်။

ပြီးတော့ ကိုကိုသည် သူမကို သိပ်ချစ်တတ်သည့် လူတစ်ဦး။ သူမကရော…

"အို"

မျက်နှာလှလှလေးမှာ အတွေးတွေနှင့် ရှုပသွားရသည်။ ကိုကို့ထံမှ ချစ်စကားတွေကို သူမ အကြိမ်ကြိမ်ကြားနေရပေမယ့် သူမကတော့ ကိုကို့အချစ်များကို တုံ့ပြန်ဖို့ တစ်ခါမှ မစဉ်းစားခဲ့ပါ။

ရင်မှာ နာကျင်မှုတွေကို အမုန်းတွေနှင့် ကာထားရင်း သူမရင်ထဲ အချစ်ဆိုသည့်အရာကိုလည်း အဝင်မခံခဲ့ပါ။

သို့သော် သူမရင်ထဲ အဝင်မခံခဲ့သည့် အချစ်က ခုတော့ သူမရင်ထဲ တဖြည်းဖြည်း တိုးဝင်ရောက်ရှိလာခဲ့ပြီလား။

စဉ်းစားလိုက်မိသည်နှင့် ရင်ထဲ ခံစားမှုတွေ တသိမ့်သိမ့်နှင့် ငြိမ့်ညောင်းလာရသလို အို ရင်ခုန်ဖွယ်အတိနှင့် ခံစားမှုတွေ ပါပဲလား။

ဘုရားရေ…ဒါ အချစ်များလား။

ညှိုးနွမ်းသွားသည့် ကိုကို့မျက်နှာကို မြင်ရတာနှင့် ရင်မှာ မခံမရပ်နိုင်အောင် နာကျင်သွားရသည်က ကိုကို့ကို သူမ ချစ်နေ



သောကြောင့်သာ ဖြစ်ပါလိမ့်မည်။

ကြည့်စမ်း…သူမ ကိုကို့ကို ချစ်သည်ဆိုတာ ဝန်ခံလိုက်ပြီပဲ။ ရှက်ပြုံးလေးနှင့် မျက်နှာလှလှလေးက နီမြန်းသွားရသည်။

ခုချိန် သူမ ရှက်မျက်နှာလှလှလေးကို ဖွက်ဖို့ရာ လိုအပ် နေသည်က ရင်ခွင်ကျယ်တစ်ခု။

သည်ရင်ခွင်သည်ကလည်း ကိုကို့ရင်ခွင်ကလွဲလို့ တခြား မဖြစ်နိုင်။ ကိုကို…ကိုကို ဘယ်ရောက်နေပြီလဲ။

မျက်ဝန်းလေးတွေဖွင့်လျက် အခန်းထဲ ကိုကို့အရိပ် အယောင်ကို ရှာပေမယ့် မတွေ့။ ကြည်နူးမှာ စိုးရိမ်သွားရကာ ခုတင်ပေါ်မှ အမြန်ဆင်းလိုက်သည်။

"ကိုကို"

"ကိုကို"

လှစ်အောင်အား ခေါ်ရင်းက တစ်ခန်းဝင် တစ်ခန်းထွက် သူမလိုက်ရှာပေမယ့် ကိုကို့ကိုတော့ သူမ မတွေ့ပါ။

အို…ကိုကို ဘယ်ရောက်နေပြီလဲ။

"ကိုကို…ကိုကို"

ကြည်နူးမှာ မျက်နှာလေး ပျက်နေရလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကိုကို သူမကို ထားသွားခဲ့ပြီလား။

ဟင့်အင်း…ဟင့်အင်း ကိုကို သူမကို ထားမသွားပါနဲ့၊ ကိုကို ကြည်နူးကို ထားမသွားရဘူး၊ ကိုကို့ကို ကြည်နူးချစ်တယ်။

"ကိုကို…ကိုကို"

နောင်တကြေကွဲခြင်းတွေက သူမကို အခွင့်အရေးမှ ပေးပါတော့မည်လား။ သူမ၏ ရက်စက်ခြင်းတွေကြောင့် ကိုကို သူမနှင့် အဝေးဆုံးကို ထွက်သွားခဲ့ပါက။

ကိုကိုရယ်။

ကြည်နူး မခံစားနိုင်တော့ပါ။

ထိုအတူ အိမ်ကြီးတစ်ဆောင်လုံးအနှံ့ ကိုကို့ကို ရှာရသည်မှာလည်း မတွေ့။ ကိုကို သူမကို တကယ်ထားသွားခဲ့ပြီလား။

မျက်ရည်တွေက မျက်ဝန်းအိမ်မှာ အလိုလို ရစ်ဝဲလာရသည်။ ကိုကိုရယ် ကြည်နူးကို ခွင့်လွှတ်ပါရှင်ဟု ရင်မှာ ကြေကွဲမှုတွေနှင့် တိုးတိတ်စွာ တောင်းဝန်ရင်း သူမရင်ထဲ တစ်စုံတစ်ရာကို သတိရသွားရသည်။

အို…ကြည့်စမ်း သူမ ဒါကို ဘာလို့မေ့နေရတာပါလိမ့်။ ပန်းရုံတွင် ကိုကိုသဘောကျသည့်နေရာလေး တစ်နေရာ။ သူမ



မှတ်ဉာဏ်တွေ ဝေဝါးကုန်ပြီထင်ပါရဲ့။

ပေါ့ပါးသော ခြေလှမ်းတွေနှင့် အပြုံးလေးဆွတ်လျက် ကိုကိုရှိနေမည်ထင်သော နေရာသို့အရောက်…

အို…သူမရင်တစ်ခုလုံး ချမ်းမြေ့သွားရသလို ပျော်ရွှင်မှု ရင်ခုန်ခြင်းတွေက ဘာနှင့်မှ အစားထိုးမရနိုင်။

"ကိုကို"

"ဟင်"

"ကိုကို…ကိုကိုရယ်"

အပြုံးတွေနှင့် သူ့ရင်ခွင်ထဲ ပြေးဝင်လာသူလေးကို ထွေးပွေ့ဖက်ထားလိုက်သည်။ သည်နောက် နူးညံ့သိမ်မွေ့ခြင်း ချစ်ခြင်းများ ဝေဖြာနေသော အပြုံးတွေနှင့် သူမမျက်နှာလေးကို စိုက်ကြည့်ကာ…

"ကြည်နူး…ကြည်နူး ကိုကို့ကို"

"အင်း…ကြည်နူး ကိုကို့ကိုချစ်တယ်"

"ဗျာ"

"ချစ်တယ်…သိပ်ချစ်တယ်ကိုကို"

www.burmeseclassic.com

www.burmeseclassic.com



"ဟား…ချစ်…ချစ်ရယ်ဗျာ"

မယုံချင်ပေမယ့်လည်း မယုံ၍မရပါ။ နွေးထွေးအိမြသော သူမကိုယ်လေးကို လှစ်အောင်မှာ တင်းတင်းကြီး ပွေ့ဖက်ထားသည်ပဲ။

သူယုံကြည်ခဲ့သလို သူ၏စစ်မှန်သော ချစ်ခြင်းများကြောင့် တစ်ချိန်မှာ သူမ၏ အချစ်များကို ပိုင်ပိုင်ရယူခွင့်ရှိလာလိမ့်မည်လို့ ထင်ထားသောနေ့ရက်လေးက ခုတော့ အမှန်တကယ်ပင် ရောက်ရှိလာခဲ့ပြီပဲ။

သူတို့နှစ်ဦးအတွက် ဒီလိုချစ်ခြင်းတွေ ပြည့်နေမည်ဖြစ်သော နေ့လေးသည် ယခုချိန်မှစလို့ နောင် အနာဂတ်နေ့ရက်များဆီတိုင် ပျော်ရွှင်ကြည်နူးခြင်းတွေနှင့် ချစ်ရက်ဆယ်ကမ္ဘာတိုင်တော့မည်ကိုလည်း လှစ်အောင် သိနေပါတော့သည်။

ရွှေအမြူတေ

www.burmeseclassic.com